www.burmeseclassic.com

BURMESE CLASSIC .com

ကိုငြိမ်းဦး

# ကျောင်းကြီးပေါ်မှာ မာင်ငယ်ဆော့တော့

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၁။ | ညဆွဲသုံးနာရီ | နီနီ |
| ၂။ | ကမ္ဘာ့သားချစ်ရဲ့ ပန်းဆင်းလွှင် ဘီသိုက်ခင် | [illegible] |
| ၃။ | ကဗျာနဲ့အရူးနှင့် ကမ္ဘာနှစ်ခြမ်း | [illegible] |
| ၄။ | ၅၊ ခလေးရွာသုံးဆောင် | လှမိုး(ပညာရေး) |
| ၅။ | ကဝေမျိုး၏ နိဗ္ဗာန် | အကြည်တော် |
| ၆။ | ဘီလူး | အကြည်တော် |
| ၇။ | ကျောက်သင်ပုန်းတွေမှိုင်းသောကျွဲအိမ် | အကြည်တော် |
| ၈။ | ရွှေသည်း | အကြည်တော် |
| ၉။ | နှုတ်နေကိုး | အကြည်တော် |
| ၁၀။ | မိုးလိမ်ပုံပြင် | အကြည်တော် |
| ၁၁။ | ပြုတ်ထွက်သွားသော မာလူကိုးဘာစံကလေးများ | အကြည်တော် |
| ၁၂။ | အသည်းကွဲနှစ်ဆယ့်လေးနာရီ | အကြည်တော် |
| ၁၃။ | ယောကျ်ားနှင့် တစ်အောင့်တာညီ | အကြည်တော် |
| ၁၄။ | အိမ်မက်အပိုင်း-၉ | အကြည်တော် |
| ၁၅။ | ရိုတန်းအောက်ဘီလူး | အကြည်တော် |
| ၁၆။ | နေတစ်ပြမ်းလတစ်ခြမ်း | အကြည်တော် |
| ၁၇။ | မျှော်လေးရာမှတ်တမ်း | ကိုကိုလေး |
| ၁၈။ | အပြစ်တင်တဲ့ချစ်ခြင်းမေတ္တာ | ကိုဆန်း၊ ဆရာမင်းထက် |
| ၁၉။ | အင်္ဂလိပ်လိုပြောမလို့လား -၂ | ချစ်မှု |
| ၂၀။ | စီးပွားရေးတတ်ပုံပညာနှင့် ငြိမ်ပွဲဝင်စေတတ်ပုံပညာ | တက္ကသိုလ်နိုးဝင်း |
| ၂၁။ | နောက်မိစီးပွားဖြစ်စေတတ်ပုံအတတ်ပညာ | တက္ကသိုလ်နိုးဝင်း |
| ၂၂။ | အိုင်းအိုးခင်းကိုကိုကြီးနှင့် | အကြည်တော် |
| ၂၃။ | နှင်းရိုး | သိမ်းနှင်း |
| ၂၄။ | ဝေလီဝေလင်းချစ်သူ | မိုးဆက်လင်းထက် |
| ၂၅။ | အိမ်မက်ပန်းအလွမ်းနှင်းဆီ | ညိုနှင်းဆိမ် |
| ၂၆။ | ရသစာတမ်းများ | ပေါ်ဦးအိမ် |
| ၂၇။ | ပိုးဆောင်များ | အကြည်တော် |
| ၂၈။ | ကုလားအုတ်တွေနေတဲ့ တဲ | သာဓုစိုး |
| ၂၉။ | နှစ်ကထာန်ရဲ့ပဥ္စလက် | ညိုနှင်းဆိမ် |
| ၃၀။ | ကျွန်တော်ချစ်သူမပြောသော သူ့ချစ်သူအကြောင်း | အကြည်တော် |
| ၃၁။ | ရာဇနာသုံး၏ နိဗ္ဗာန်နှင့်နိဂုံး | ခက်နေခင်ခင်လေး |
| ၃၂။ | အချစ်ရဲ့နက္ခတ် | ပြည့်ပိုင်မှူးအိမ် |
| ၃၃။ | ။ | အကြည်တော် |
| ၃၄။ | လွမ်း | မိုးဆက်လင်းထက် |
| ၃၅။ | ဝဇီကိုင်နှင့် ဟာသဝတ္ထုတိုများ | ကျော်သ |
| ၃၆။ | သစ္စာမပြောက် နှလုံးသမီး | ပြည့်ပိုင်မှူးအိမ် |
| ၃၇။ | ကံနှင်းဆီရဲ့ တတိယတောင်ပံ | မိုးဆက်လင်းထက် |
| ၃၈။ | မောင်မျိုး | အကြည်တော် |
| ၃၉။ | ပန်းနုရောင်ပြကွက်ထဲက ကကြိုးလှတဲ့ သတို့သမီး | ပြည့်ပိုင်မှူးအိမ် |
| ၄၀။ | ကြယ်စင်တွေပျော်တဲ့ည | ညိုနှင်းဆိမ် |
| ၄၁။ | အထက်ဆုံးတာဝန် | အကြည်တော် |
| ၄၂။ | ချစ်ရည်တိုးရှုံလူ့ပိုက်သည် | ထူးဆွေအောင် |
| ၄၃။ | ရဲသိန်းတန်၊ ကျော်အောင်အောင်နှင့်သိန်းရေဆွေတူကြည် အောင်တို့၏ ဖွန့်တအန်းများ | ထူးဆွေအောင် |
| ၄၄။ | ချစ်ရုင်ခွင်အတွက် နှင်းရက်အနမ်း | ပြည့်ပိုင်မှူးအိမ် |
| ၄၅။ | မိတ္တူဟာသ ဟာသတက်ကျမ်း | အကြည်တော် |
| ၄၆။ | မြို့တို့ရဲ့ ကျောက်ဆစ်ကဗျာ | မိုးဆက်လင်းထက် |
| ၄၇။ | မချော်ရင်တော | ထူးဆွေအောင် |
| ၄၈။ | ဟေဘာသူရွှေကြိုးမင်းကြီး ဖြစ်ချင်သလား | ဆောင်ချမ်းသာ |
| ၄၉။ | ပိုးမောင်းကောင်ကို လှည့်စားခဲ့ကြယ် | ပြည့်ပိုင်မှူးအိမ် |
| ၅၀။ | လေပြည်ပို့ကံမှာမိတဲ့ ဝတ်မှုန် | မိုးဆက်လင်းထက် |
| ၅၁။ | ကျွန်တော်ဆောင်းခဲ့သော ခေါင်းများ | အကြည်တော် |
| ၅၂။ | သိလှည်း | အကြည်တော် |
| ၅၃။ | တစ်ခါက ငယ်ငယ်လေးတော့ | အကြည်တော် |
| ၅၄။ | ကျူးပေါ်(ဒီ)ရဲ့ ရင်ခွင်မြား | ပြည့်ပိုင်မှူးအိမ် |
| ၅၅။ | မျက်ဝန်းတော့ | မိုးဆက်လင်းထက် |
| ၅၆။ | မာယာများတဲ့ အလွယ်လွန်ရုန်ကိုင်း | ထူးဆွေအောင် |
| ၅၇။ | ဒီမီ | အကြည်တော် |
| ၅၈။ | ချော်ထူးရဲ့ ထူးထူးရှယ်ပိုင်တော့ | ချော်ထူး |
| ၅၉။ | မိုးရာသာပေါ်က လက်ပြတဲ့ ကောင်မလေး | ပြည့်ပိုင်မှူးအိမ် |
| ၆၀။ | မြင်းမိုရ်တောင်ထိပ်မှ သံပွင့်ကလေးများ | ထူးဆွေအောင် |
| ၆၁။ | လူ့သည်ကြီးများလူ | အကြည်တော် |
| ၆၂။ | ရိုးရိုးလေး ချစ်ခဲ့သည် | မိုးဆက်လင်းထက် |
| ၆၃။ | ချစ်သူဆံမှာ ကြွေးချင်တဲ့နှင်း | ပြည့်ပိုင်မှူးအိမ် |
| ၆၄။ | လင်းလက်ကောင်းကင် | ကိုငြိမ်းဦး |
| ၆၅။ | ရှုံတစ်ခင်း၏ လောင်ပဲစတိသ | ပြည့်ပိုင်မှူးအိမ် |
| ၆၆။ | သိသ ရာအကော့ တစ်ရာ | အကြည်တော် |

# ကိုငြိမ်းဦး

# ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း။
ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၀၁၃၇၀၁၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၀၉၀၀၁၀၇ |
| အဖုံး ဒီဇိုင်း | - သီဟဇော်အောင် |
| ထုတ်ဝေသူ | - ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) ၈၈၊ ၃ထပ်(ညာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) ၈၀/၁၈ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - ကြူကြူမွေး |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် ၂၀၀၇ခုနှစ် မတ်လ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၉၀၀ ကျပ် |


BURMESE CLASSIC .com

ဆွမ်းအုပ်နီနီ အမေရွက်လို့
နက်ဖြန်သဘက် ကျောင်းတက်မယ်
မောင်လည်း လိုက်မယ် ချန်မထားနဲ့
အမေသွားတော့ ပျင်းလှတယ်။
-ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့
ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ် ...
- မောင်မဆော့ပေါင် စိတ်ပုတီးနဲ့
ဘုန်းတော်ကြီးလို နေပါ့မယ်။

မင်းသုဝဏ်

တော်ဝင်မြို့ဖြူစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## (၁)

လူ့ဘဝတွင် အရှက်ရခဲ့သော နေ့တွေကို ကြုံဖူးကြပါသလား။ ကျွန်တော်ကတော့ ထိုနေ့ကို မှတ်မှတ်ရရပင် သတိတရရှိနေခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့သည် ကျွန်တော် အရှက်ကွဲခဲ့သည့်နေ့ ဖြစ်သည့်အပြင် ကျွန်တော့်နှလုံးသား၌ အချစ်စတင်ခဲ့သောနေ့ဖြစ်၍ ဖြစ်ပါသည်။ ထိုစဉ်တုန်းက ဖေဖေသည် ကျွန်တော်တို့ ရပ်ကွက်၏ ရပ်ကွက် လူကြီး(ဝါ) ဥက္ကဋ္ဌဖြစ်ခဲ့ပြီး ဌာနဆိုင်ရာ အရာရှိတစ်ဦးလည်း ဖြစ်ခဲ့ပါသည်။

ရပ်ကွက်ကိစ္စတို့သည် ဖေဖေရုံးမှ ပြန်ရောက်သည်နှင့် လှုပ်ရှားအသက်ဝင်လာလေ၏။ အမှန်စင်စစ် ရပ်ကွက်သည် ညအိပ်ချိန်မှ လွဲ၍ လှုပ်ရှား အသက်ဝင်နေပါသည်။ သို့သော် ဖေဖေ ပြန်ရောက်သည်နှင့် ပို၍ လှုပ်ရှားလာလေ၏။ ရပ်ကွက်သူ ရပ်ကွက်သား အချင်းချင်း ရန်ဖြစ်မှုများ၊ ခြံစည်းရိုး ကျူးကျော်မှုများ၊ ဆဲဆိုမှုများ၊ လင်မယားကွာရှင်းလိုမှုများ၊ ငွေချေးငှားမှုများ၊ အိမ်ရှင်အိမ်ငှားပြဿနာများ၊ ရပ်ကွက်အတွင်း လောင်းကစား



www.burmeseclassic.com

www.burmeseclassic.com



မှုများ စသည်ဖြင့် မရေမတွက်နိုင်အောင်ပင် များပြားလှလေသည်။

မှတ်ပုံတင်ပျောက်ဆုံးမှုအတွက် ထောက်ခံစာကိစ္စ၊ အကျင့်စာရိတ္တအတွက် ထောက်ခံစာ ကိစ္စများကလည်း တစ်ညတစ်ညတွင် မနည်းလှပါ။ ထိုသို့သော များပြားလှသည့်ကိစ္စတို့ကို ဖေဖေက စိတ်မညစ်သော်လည်း မေမေကတော့ စိတ်ညစ်ရှာပါသည်။

"ကိုကို့မလဲ နားရတာယ်မရှိတော့ပါဘူး . .။ ဒီနှစ်ပြီးရင် နားလိုက်ပါလား . ."

"နားဖို့တော့ သိပ်ဖြစ်နိုင်ပုံမရဘူးမိ . . ဒါပေမယ့် တစ်နေ့နေ့တော့ ဖြစ်လာပါလိမ့်မယ် . ."

ရပ်ကွက်ရုံးခန်းဖွင့်ချိန် ည ၇ နာရီနှင့် ၉ နာရီအတွင်းမှာသာ ပြဿနာတွေနှင့် ရင်ဆိုင်ရသည်မဟုတ်။ အိပ်၍ကောင်းဆဲ ညကြီးသန်းခေါင်မှာပင် ပြဿနာတို့ကို ဖြေရှင်းရလေသည်။ တစ်ခါတစ်ရံဧည့်စာရင်းကိစ္စ။ တစ်ခါတစ်ရံ မူးယစ်ရမ်းကားမှုများ။ ထိုစဉ်က ကျွန်တော်မှာ ကျောင်းသားကလည်းဖြစ်ပြန်၊ ကလေးကလည်းဖြစ်ပြန်ဖြစ်၍ ဖေဖေ့တာဝန် ဝတ္တရားများကို သိပ်မသိသော်လည်း ကျွန်တော်ဆယ့်ငါးနှစ်ရောက်၍ ရှစ်တန်းတက်ရသောအခါ ဖေဖေ့ တာဝန်များကို ပိုသိလာသည်။

တစ်ခုသော လွှတ်လပ်ရေးနေ့ နီးလာသည့်အခါ ဖေဖေက ကျွန်တော့်ကို အောက်ပါအတိုင်း ပြောပါသည်။

"သား . . ချောတိုင်တက်ရမယ် . ."

"ဗျာ . ."

ဖေဖေ့စကားကြောင့် ကျွန်တော် အံ့အားသင့်သွားမိပါသည်။ အဘယ်ကြောင့်ဆိုသော် ဖေဖေ့စကားသည် အရင်းမရှိ၊ အဖျားမရှိဘဲ တုံးတိတိကြီးဖြစ်နေ၍ ဖြစ်ပါသည်။

"ဒီလိုကွ . . ဒီနှစ်လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲတွေကို အရင်နှစ်တွေကထက် ပိုစည်ကားသိုက်မြိုက်အောင်လုပ်ရမယ် . .။ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တာဝေး၊ တာတိုအပြေးပြိုင်ပွဲတွေ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ချောတိုင်တက်ပွဲတွေ ကစားပွဲပေါင်းဆယ့်ငါးမျိုးလောက် ဖေဖေတို့ စီစဉ်ထားတယ်။





အဲဒီမှာ ချောတိုင်တက်မယ့်အဖွဲ့က သိပ်မရှိဘူး။ နှစ်ဖွဲ့ပဲ စာရင်းပေးထားတယ်။ ဒါကြောင့် မင်းတို့သူငယ်ချင်းတွေ တစ်ဖွဲ့ဝင်ပြိုင်ကွာ ..."

တကယ်ကတော့ ကျွန်တော်က အားကစား၌ စိတ်မပါပါ။ ကျွန်တော် ဝါသနာပါနေသည်က စစ်တုရင်ထိုးခြင်း (စစ်တုရင်ကို အားကစား၌ ထည့်ထားခြင်းကို ကျွန်တော် နားမလည်နိုင်ပါ။ စစ်တုရင်ကို ဉာဏစွမ်းအားပြိုင်ပွဲ အဖြစ် သတ်မှတ်သည်ဆိုလျှင် တီဗီဂိမ်းတွေကိုလည်း အားကစားထဲ ထည့်သင့်သည်ဟုထင်ပါသည်။ ဆိုနီဂိမ်းဘောလုံးပွဲတွေ ကစားရတာ သိပ်အရသာရှိပါသည်)နှင့် ဂစ်တာတီးခြင်းဖြစ်လေသည်။ စစ်တုရင်ထိုးခြင်းအတွက် ဖေဖေက အားပေးပြီး ဂစ်တာတီးခြင်းအတွက်ကိုမူ အားမပေးချေ။

စစ်တုရင်နှင့်ပတ်သက်သော စာအုပ်စာတမ်းများကို ဖေဖေက ဝယ်ပေးထားလေသည်။

"စစ်တုရင်ပဲ ထိုးပါသားရယ် . .။ တီးတဲ့ မှုတ်တဲ့အလုပ်ကိုတော့ ဖေဖေသဘောမကျဘူး . ."

ဖေဖေသဘောမကျသော်လည်း ကျွန်တော်ကတော့ အလွန်ပင်သဘောကျနေမိသည်။ ကျွန်တော်တို့ လမ်းထိပ်မှ ကိုရစ်ချတ်နှင့် ကိုလှမြင့်တို့ ညစဉ်ဂစ်တာတီးကြသည့်အခါ ကျွန်တော် နားထောင်ဖူးပါသည်။ သူတို့နှစ်ဦး၏ လက်သံပြောင်မြောက်မှုကြောင့် ကျွန်တော် ဂစ်တာအရမ်းတီးတတ်ချင်ပါသည်။

"မေမေ . . သားဂစ်တာတီးချင်တယ် . .။ ဂစ်တာဝယ်ပေးပါလားဟင် . ."

"သား ငယ်ပါသေးတယ် သားရယ် . . နောက်ပြီး သားကို ဘယ်သူက သင်ပေးမှာမို့လဲ"

"ဟာ မေမေကလည်း သားမငယ်တော့ပါဘူး . .။ ကိုရစ်ချတ်တို့ဆီမှာသွားသင်မှာပေါ့ . ."

"သား ဖေဖေကလည်း မကြိုက်ဘူး . .၊ မဖြစ်ပါဘူး သားရယ်"

စိတ်အားထက်သန်စွာဖြင့် မေမေ့ကို ကျွန်တော်တောင်းဆိုခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော်စိတ်ဓာတ်ကျခဲ့ရပါသည်။ ဖေဖေသည် ဂီတအနုပညာအပေါ်တွင် အဘယ်ကြောင့် နှစ်သက်သဘောကျမှု မရှိရလေသနည်းဟုလည်း ကျွန်တော်အံ့သြမိပါသည်။ သို့သော် ထိုအချက်ကို ကျွန်တော်အရေးတယူ စဉ်းစားမနေဖြစ်ခဲ့ပါ။ ဖေဖေက ချောတိုင်ကိစ္စကို ပြန်ဆက်ပါဦးမည်။ ဖေဖေက ကျွန်တော့်ကို ချောတိုင်တက်ပွဲတွင် အဖွဲ့တစ်ဖွဲ့နှင့် ပါဝင်ယှဉ်ပြိုင်စေလိုသည်။ ခက်တာက ကျွန်တော် အပါအဝင် ကျွန်တော်တို့ သူငယ်ချင်းတစ်အုပ်စုတွင် ချောတိုင်တက်ပွဲနှင့် ပတ်သက်သော အတွေ့အကြုံမရှိပါ။

ထို့ကြောင့် ဖေဖေ့ကို ကျွန်တော် မတင်မကျ အဖြေပေးခဲ့မိပါသည်။

"ကျွန်တော် သူငယ်ချင်းတွေနဲ့ တိုင်ပင်ကြည့်လိုက်ဦးမယ် ဖေဖေ"

ဖေဖေ့ ခွင့်ပြုချက်ရသောအခါ ကျွန်တော် သူငယ်ချင်းတွေထံ ထွက်ခဲ့မိပါသည်။ ပထမဆုံး ချစ်တီးထံဝင်လေသည်။ သူ့အမည်အရင်းက သန့်စင်အောင်ဖြစ်သော်လည်း ကျွန်တော်တို့ သူငယ်ချင်းများတွင် သူ့အမည်ရင်း ပျောက်ပြီး ချစ်တီးဟုသာ အမည်တွင်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက မြန်မာပြည်သို့ရောက်လာပြီး အမြတ်ကြီးစား ငွေတိုးချေးစားသည့် အသားမည်းမည်း ဗိုက်ရွဲရွဲနှင့် ချစ်တီးကုလားများနှင့် တူသဖြင့် ချစ်တီးဟု အမည်တွင်ခြင်းမဟုတ်ပါ။

ကျွန်တော်တို့လည်း ခြောက်တန်းရောက်သည်အထိ သူ့ကို သန့်စင်ဟုသာခေါ်ခဲ့ကြပါသည်။ တစ်နေ့တွင် ကျွန်တော်နှင့် ပန်တျာဝင်းစိန် (ပန်တျာဝင်းစိန်၏ အမည်ကို နောက်မှ အကျယ်ဖော်ပြပါမည်)တို့ ကျောင်းအိမ်သာထဲ ဝင်ခဲ့ကြပါသည်။ အပေါ့အပါးသွားခြင်း၊ လက်ဆေးခြင်းတို့ ပြုလုပ်စဉ်-အိမ်သာအခန်းတစ်ခုထဲမှ ညည်းသံကြားရပါသည်။

"အင်း . . အား . ."

"ကျွတ် . . ကျွတ် . ."

"ဟာ . . ဟေ့ကောင် သီဟ . . ဘာသံလဲ . . နေမကောင်းလို့ ညည်းနေတဲ့အသံထင်တယ် . ."





"အေးကွ . . ငါ့အထင်ပြောရရင် အထဲကကောင် နေမကောင်းဘူးထင်တယ် . . မင်းအပေါ်က တက်ချောင်းစမ်းကွာ ပန်တျာ ဝင်းစိန် . ."

ပန်တျာဝင်းစိန်က စိတ်မြန်လက်မြန်နှင့် အိမ်သာပေါ် တက်ချောင်းမည်ပြုရာ အိမ်သာထဲမှ အသံကထွက်လာ၏။

"ဟေ့ကောင်တွေ ငါဘာမှမဖြစ်ဘူး . . ."

"ဘာမှမဖြစ်ဘူးဆိုပြီး ဘာလို့ညည်းနေသလဲ . ."

"ညည်းတာမဟုတ်ဘူးကွ . . အားယူနေတာ . ."

ကျွန်တော် မျက်မှောင်ကုပ်သွားမိပါသည်။ အထဲက အသံသည် သန့်စင်အောင်အသံနှင့် ခပ်ဆင်ဆင်တူသလို ထင်မိသည်။

"မင်း ဝမ်းချုပ်နေသလား . ."

"အေး . ."

"အထဲမှာ သန့်စင်အောင်လား . . ငါတို့ပါကွာ . .။ မင်းအခြေအနေအတော်ဆိုးသလား . ."

"အေး . ."

"မင်း ဝမ်းနုတ်ဆေးစားဖို့ ကောင်းပြီ . ."

"မရဘူးကွ . . စားလည်းခဏပဲ . .။ ပြီးတော့ ပြန်ချုပ်တာပဲ။ အင်း . . ကျွတ် . . ကျွတ် . . အား . ."

"ဒီလိုဆိုလည်း ဝမ်းချုမလား . . ဟိုလေ ဆေးဆိုင်တွေမှာ ရောင်းတဲ့ ဝမ်းချုဘောလုံးလေးတွေ ဝယ်ပြီး ချုလိုက်ကွ . . လိုအပ်ရင် အဲဒီဘောလုံးလေးတွေ မင်းဝယ်ဆောင်ထားဖို့ကောင်းတယ် . ."

"ငါ အဲဒီ ဘောလုံးလေးတွေ မသုံးရဲဘူးကွ . .။ ဟီးဟီး . . အသည်းယားတယ် . ."

ကျွန်တော်နှင့် ပန်တျာဝင်းစိန်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။ ထိုခဏတွင်ပင် အိမ်သာတစ်ခုလုံး ဟိန်းသွားသော အသံကြီးတစ်ခု ထွက်လာသည်။ ပန်တျာဝင်းစိန်က နှာခေါင်းရှုံ့လိုက်ပြီး . .

"ဒီကောင် ဘယ်နှရက်တောင် မှိုပြီလဲမသိဘူး . .။ ဒီကောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို ဒီနေ့ကစပြီး ချစ်တီးလို့ပေးလိုက်ရအောင် သီဟ ဘယ့်နှယ်လဲ . ."

"ဟေ့ကောင်တွေ မလုပ်ကြပါနဲ့ကွာ . . ငါတောင်းပန်ပါတယ် သူများတွေသိသွားရင် ရှက်စရာကြီး . ."

သန့်စင်အောင် ဘယ်လိုပဲ တားတား။ ကျွန်ုပ်တို့နှစ်ယောက်က သူငယ်ချင်းတွေကြားထဲ ထိုအဖြစ်အပျက်ကို ပြန်၍ဖောက်သည်ချလိုက်သည့်အခါ သန့်စင်အောင်သည် အသားမမည်း၊ ဗိုက်မရွှဲပါဘဲလျက် ချစ်တီးဟုအမည်တွင်သွားလေတော့သည်။ ပန်တျာဝင်းစိန်ကျတော့ တစ်မျိုးဖြစ်သည်။ ပန်တျာဝင်းစိန်၏ အမည်ရင်းက ဝင်းစိန်ဖြစ်ပြီး သူ့မိဘတွေက ဆိုင်းအဖွဲ့ထောင်ထားသည်။

သီတင်းကျွတ်၊ တန်ဆောင်တိုင် ဓလေ့ပွဲလမ်းများတွင် သူ့အဖေတို့ ဆိုင်းအဖွဲ့က အတော်ပင် အငှားလိုက်ရသည်။ ထိုအခါမျိုးတွင် ဝင်းစိန်က မင်းသားဝတ်စုံဝတ်၍ က,ပြအသုံးတော်ခံတတ်သည်။ သူသည် ထိုသို့သော ပွဲလမ်းမျိုး၌ သူဝင်က,ကြောင်းကို လျှို့ဝှက်ထားလေသည်။ သို့သော် သူ၏ လျှို့ဝှက်မှုကို မိုးဇော်က စတင်သိရှိသွား၏။

"ဟေ့ကောင်တွေ . . ဝင်းစိန်က သူ့အဖေ ဆိုင်းဝိုင်းမှာ မင်းသားကွ . . အဲဒါ မင်းတို့သိလား . ."

"ဟုတ်ရဲ့လားကွ . . ဒီကောင်က လူပုံကလန်ကလားနဲ့ . . ဒါနဲ့ မင်းက ဘယ်လိုလုပ်သိလဲ . ."

"ရေကျော်ဘက်က ရှင်ပြုပွဲတစ်ခုမှာ ဒီကောင်က,နေတာတွေ့ခဲ့တယ် . ."

ကျွန်တော်တို့ ဝင်းစိန်ကို ဝိုင်းမေးကြတော့ သည်ကောင်ရှက်နေလေ၏။ ရယ်ကျဲကျဲနှင့် မဟုတ်ပါဘူးကွဟုပြောသော်လည်း သူ့အမည်သည် ပန်တျာ ဝင်းစိန်ဖြစ်သွားလေတော့သည်။ သူတို့နာမည်သာ ထိုသို့နာမည်ပြောင်တွေဖြစ်သည်မဟုတ်။ ကျွန်တော့်အမည်လည်း ထိုသို့ဖြစ်ခဲ့ရ၏။

"ဟေ့ တို့တွေမှာသာ နာမည်ပြောင်တွေ ဖြစ်ကုန်တာ . . ဒီကောင် သီဟကိုလည်း နာမည်ပြောင်ပေးရအောင် . ."

"လုပ်မနေနဲ့ ဟေ့ကောင်တွေ . . ငါက မင်းတို့လို ချို့ယွင်းချက်





မရှိဘူး . . စင်းလုံးချောကွ . ."

"ဘယ်သူမှ ဒီလောကကြီးမှာ စင်းလုံးချောမရှိဘူး . .။ မင်းက ပိန်တယ် . . ဒီတော့ ပိန်ညောင်လို့ခေါ်ရမယ် . ."

ကျွန်တော် နည်းနည်းအောင့်သွားသည်။ သည်ကောင်တွေပေးသည့်အမည်က ကျွန်တော့်ရင်ဘတ်ကို ထိလေသည်။ သည်အမည်ကို ကျွန်တော်မခံချင်မှန်းသိလျှင် ပိုပေးမည်စိုးသဖြင့် ကျွန်တော်က မဖြုံသည့်ပုံစံ နေပစ်လိုက်ရာ သည်ကောင်တွေက ကျွန်တော့်မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေကြသည်ဖြစ်၍ တစ်မျိုးပြောင်းကြပြန်သည်။

"ပိန်တာကို အင်္ဂလိပ်လိုသင်း thin လို့ခေါ်တယ် မဟုတ်လား . . ဒီတော့ ဒီကောင့်ကို သင်းသီဟလို့ပေးရအောင် . ."

စောစောက ပိန်ညောင်ဆိုသည့် နာမည်ထက် နည်းနည်းပိုကောင်းသဖြင့် ကျွန်တော် နည်းနည်းမှုလိုက်သည်။

"ဟာ မလုပ်ကြပါနဲ့ကွာ . . ကောင်မလေးတွေ သိသွားရင် မကောင်းဘူး . ."

"အောင်မာ ခွေးကောင် . . တို့ကျတော့ ချစ်တီးတဲ့ . .။ ပန်တျာဝင်းစိန်တဲ့ . . .။ မရဘူး . .။ မင်းနာမည် ဒီနေ့ကစပြီး thin သီဟ ဖြစ်ပြီ . ."

သည်လိုဆိုတော့လည်း ကျွန်တော်က မနေနိုင်ဘဲ . . . သူ့ခိုးသေဖော်ညှိ လုပ်မိပြန်ပါသည်။

"မင်းတို့က ငါ့သာနာမည်ပေးချင်နေ . . မိုးဇော်ကိုလည်း ပေးဖို့လုပ်ဦး . . ."

မိုးဇော်က ထိုင်ရာမှ ခပ်သွက်သွက် ထရပ်လိုက်ပြီး ကျွန်တော်တို့ထံမှ ထွက်သွားဖို့ပြင်လိုက်သည်။

"ဟေ့ကောင် . . မသွားနဲ့ဦး . .။ မင်းကိုလည်း နာမည်ပေးစရာရှိတယ် . . ."

"ငါ့အဖေခိုင်းထားတာလေး သတိရလို့ . . သွားလိုက်ဦးမယ် . ."

"ဒါဆိုလည်း သွားလေ . . မင်းနာမည်ကို မင်းကွယ်ရာမှာ ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရွေးထားလိုက်မယ် . ."

သည်လိုဆိုတော့ မိုးဇော်မခံနိုင်။ ကျွန်တော်တို့ အနားမှာ ပြန်ထိုင်သည်။ သူ့ကွယ်ရာမှာ ကျွန်တော်တို့ သူ့ကိုပေးသည့် နာမည်သည် ပိုဆိုးနိုင်သည်ဟု သူရိပ်မိနားလည်ပုံရလေသည်။

"ဟီးဟီး . . ရုပ်ပျက်ဆင်းပျက်ကြီးတော့ မလုပ်ကြပါနဲ့ကွာ. ."

"နေဦး . . မိုးဇော့်မျက်နှာကိုကြည့်စမ်း . . နှာခေါင်းကို ကြည့်"

အနည်းငယ် ပွယောင်းယောင်း နှာခေါင်းကို မိုးဇော်လက်နှင့် ကာသည်။

"ဒီကောင်လည်း သင်းသီဟလိုပဲ သိပ်အပြစ်အနာအဆာမတွေ့ဘူး . . နှာခေါင်းနည်းနည်းပွလို့ နှာပွမိုးဇော်လို့ မှည့်ရင်ကောင်းမလား"

"ဟာ . . မလုပ်ကြပါနဲ့ကွာ . ."

"နှာပွ မလုပ်နဲ့ကွာ . . နှာဘူးလို့သာလုပ်လိုက်တော့ . ."

"မင့် ကြီးတော်သွားပေးပါလား . ."

မိုးဇော်နည်းနည်း ဒေါသဖြစ်သွားပုံရပါသည်။ မျက်နှာကြီး နီလာ၏။ သည်လိုဆိုတော့လည်း ကျွန်တော်တို့ နည်းနည်းကိုယ်ရှိန်သတ်လိုက်ကြ၏။

"ဒီကောင့်နာမည်ပေးဖို့တော့ ခဏရွှေ့ထားလိုက်မယ်ကွာ . . နောက်မှဆက် စဉ်းစားကြတာပေါ့ . ."

ထို့ကြောင့်ပင်လျှင် ကျွန်တော်တို့ သုံးယောက်မှအပ မိုးဇော်တွင် နာမည်ပြောင်မရှိသေး။ ဖေဖေက ချောတိုင်တက်ရန် ပြောသဖြင့် ကျွန်တော် ပထမဆုံး ချစ်တီးထံရောက်သွားသည်။ ပြီးတော့ ပန်တျာဝင်းစိန်။ ပြီးတော့ မိုးဇော်။ ထိုစဉ်က ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်မထိုင်တတ်ကြသေးပါ။ ထို့ကြောင့် မိုးဇော်၏ အိမ်ဘေးက အဖီကလေးမှာ ကျွန်တော်တို့ ထိုင်၍ စကားပြောဖြစ်ကြပါသည်။

"ပြဿနာကတော့ အဲဒါပဲ . .။ ငါ့အဖေကလည်း ငါတို့အဖွဲ့ တစ်ဖွဲ့ဝင်ပြိုင်စေချင်တယ် . ."

"မင်း သစ်ပင်တက်တတ်တယ်မဟုတ်လား။ ပန်တျာဝင်းစိန်"





"ဘာမှမဆိုင်ဘူးကွ . .။ ချောတိုင်တက်တာနဲ့ သစ်ပင်တက်တာနဲ့ ဘာမှမဆိုင်ဘူး . .။ ချောတိုင်ဆိုတာ ဆီတွေလည်း သုတ်ထားသေးတယ်. .။ ပြီးတော့ တိုင်အလုံးကလည်း သေးသေးလေး . .။ ဖြောင့်လည်း ဖြောင့်သေးတယ်"

"တစ်ခုတော့ ရှိတယ်ကွ . . အဲဒီချောတိုင်တက်တာ ငါတွေ့ဖူးတာက လေးယောက်တစ်ဖွဲ့လား . . ငါးယောက်တစ်ဖွဲ့လား မသိဘူး. .။ တို့အရပ်တွေနဲ့ဆို သိပ်တော့မတက်ရတော့ဘူး . .။ ထပ်တက်ရလှ လူတစ်ရပ်ပေါ့ . . ."

"ဟုတ်ပါလိမ့်မယ် ချစ်တီး . .။ ငါတွေ့ဖူးတာက သုံးယောက်တစ်ဖွဲ့ပဲ . .။ သုံးယောက်တစ်ဖွဲ့သာဆို ထိပ်ကိုရောက်ဖို့ အတော်တက်ရမှာနော် . . ."

ကျွန်တော် နည်းနည်းစဉ်းစားလိုက်သည်။

"အနိုင်ရဖို့မဟုတ်ဘဲနဲ့ ယှဉ်ပြိုင်ရုံသက်သက်ပဲဆိုရင်ရောကွာ. ."

"နေဦး . . ဆုက ဘယ်လောက်ရမှာမို့လဲ"

ယခင်နှစ်က ပေးခဲ့သော ဆုငွေကို ကျွန်တော်ပြောပြလိုက်သည့်အခါ သည်ကောင်တွေ မျက်စိတွေ တောက်ပြောင်လာ၏။

"ဒီနှစ် ဒီထက်ပိုများမယ် ထင်တယ် . .။ ပြိုင်မယ့်ပြိုင်တော့ နိုင်အောင်ပြိုင်ကြရင် ကောင်းမယ် . .။ ပိုက်ဆံတွေ အများကြီးရမှာကွ . .။ တို့တွေကောင်းကောင်းသုံးလို့ရပြီ . .။ အင်ပါရာ သွားကစားမယ်ကွာ . . ဘယ့်နှယ်လဲ . ."

ကျွန်တော်တို့တွေ လောဘဇောတက်ပြီး အသေးစိတ် တိုင်ပင်လိုက်ကြသည်။ ပြီးတော့ ဖေဖေရှိရာ ရပ်ကွက် ရုံးခန်းသို့ သွားရောက်ပြီး ကျွန်တော် အပါအဝင် ချောတိုင်တက်မည့်အဖွဲ့ကို အမည်စာရင်းပေးသွင်းလိုက်ကြသည်။

တကယ်တမ်းယှဉ်ပြိုင်ရမည့်အဖွဲ့က လူဦးရေ သုံးယောက်သာဖြစ်သဖြင့် မိုးဇော်က သူမပါတော့ဟု ငြင်းသည်။ နောက်ဆုံးတွင် သူ့ကို အရံအဖြစ် ထားလိုက်ကြသည်။ သည်လို စာရင်းလာပေးသူများသည်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခန်းရှေ့တွင် စုပြုံနေကြ၏။ ထိုအထဲတွင် ကျွန်တော်တို့နှင့် တစ်တန်းတည်းဖြစ်သော မီမီသူကိုတွေ့ရလေသည်။

"ဟိတ် . . သီဟ၊ နင်တို့ ဘာလာလုပ်တာလဲ"

"ငါတို့ . . ဟဲဟဲ ချောတိုင်တက်ဖို့ စာရင်းလာပေးတာ . .။ နင်ရော ဘာလာလုပ်တာလဲ . . ချောတိုင်တက်မလို့ပဲလား . ."

"မိန်းကလေးက ချောတိုင်တက်မလားဟဲ့။ နင်ကလည်း ကြောင်လိုက်တာ . . ငါတို့က ထုပ်ဆီးတိုးဖို့ စာရင်းလာပေးတာ . ."

သူမသည် အသံကို ခပ်အုပ်အုပ်ပြုပြီး . .

"နင့်အဖေက အတင်းပဲ ပြိုင်ခိုင်းလို့ဟ . . ငါတို့က ပြိုင်ချင်တာ မဟုတ်ဘူး . ."

ပန်တျာဝင်းစိန်က မီမီသူထုပ်ဆီးတိုးမည်ဆိုသဖြင့် စိတ်ဝင်စားသွားလေသည်။

"ဒီလိုဆို ဒီလိုလုပ်ရအောင် မီမီ . .။ တို့တွေချောတိုင်တက်တာကို နင်တို့လာအားပေး . .။ နင်တို့ထုပ်ဆီးဟိုးတာကိုလည်း ငါတို့လာအားပေးမယ် ဘယ့်နှယ်လဲ . ."

ကျွန်တော် ပန်တျာဝင်းစိန်၏ စကားကို ဘာဝင်မကျဖြစ်သွားပါသည်။ ကျွန်တော်တို့ကိုးရိုးကားယားဖြင့် ချောတိုင်တက်မည့် ကိစ္စကို မိန်းကလေးတွေလာရောက်မကြည့်စေချင်ပါ။ ပြီးတော့ ကျွန်တော်က ပိန်ပါသည်။ ကျွန်တော်၏ ခြေသလုံးနှင့် ပေါင်လုံးကလေးများကို မိန်းကလေးများအား မမြင်စေလိုပါ။

"ရပါတယ်ဟာ . . နင်တို့မအားလည်း မလာခဲ့ကြနဲ့ ဟုတ်လား မီမီ . ."

ကျွန်တော့် ဟန့်တားမှုကို မီမီက လက်မခံပါ။

"ဘယ်ဟုတ်မလဲ သီဟရယ်၊ တစ်တန်းတည်းသားတွေပဲ တို့တွေလာအားပေးရမှာပေါ့ . .။ ငါတစ်တန်းလုံးကို ခေါ်ချလာခဲ့မယ် . ."

ဗုဒ္ဓေါ . . မြတ်စွာဘုရား။ စုမြတ်ထားကိုများခေါ်လာခဲ့လျှင်တော့ ကျွန်တော် ဒုက္ခရောက်တော့မည်။ စုမြတ်ထားသည် ကျွန်တော်တို့ ရှစ်တန်း





အေမှဖြစ်ပြီး ချောမောလှပပါသည်။ သူမနှင့် ပတ်သက်လျှင် ကျွန်တော့်ရင်သည် ခုန်တတ်နေလေပြီ။ အချစ်သည် မည်သည့်အသက်အရွယ်တွင် ပေါက်ဖွားရှင်သန်လေ့ရှိသည်ကို ကျွန်တော်မသိပါ။ ကျွန်တော့်ရင်တွင် ကျွန်တော်မသိသေးသောအကြောင်းအရာတစ်ခုသည် ဝင်ရောက်နေရာယူလျက်ရှိပြီကို ကျွန်တော် တဖြည်းဖြည်းနှင့် သိလာခဲ့ရပါသည်။

ကျွန်တော်တို့ ချောတိုင်တက်နေတာကို စုမြတ်ထားမြင်မှာစိုးရွံ့သောစိတ်သည် ကျွန်တော့်အတွေးထဲ၌ ရောက်နေလေတော့သည်။ သည်လိုနှင့်ပင် လွတ်လပ်ရေးနေ့ကို ရောက်ခဲ့တော့သည်။ မိန်းကလေးများ ထုပ်ဆီးတိုးပွဲသည် နံနက် ၈ နာရီတွင် စတင်ကျင်းပမှာဖြစ်ပြီး ကျွန်တော်တို့ ချောတိုင်တက်ပွဲကတော့ ညနေ ၃ နာရီမှ စတင်မည်ဖြစ်လေသည်။ နံနက် ၈ နာရီထိုးခါနီးသောအခါ ချစ်တီး၊ ပန်တျာနှင့် မိုးဇော်တို့ကို ခေါ်ပြီး ထုပ်ဆီးတိုးပွဲရှိရာသို့ ကျွန်တော်တို့ အုပ်စုရောက်သွားခဲ့ပါသည်။

"ဟာ ဟော့ကောင် . . . သီဟ . . မီမီတို့အဖွဲ့ထဲမှာ စုမြတ်ထားလည်း ဝင်ပြိုင်မယ်ကွ . . ဟိုမှာကြည့်ပါလား . . ."

ချစ်တီးပြရာသို့ ကျွန်တော်လှမ်းကြည့်မိသည့်အခါ ရင်ထဲတွင် ဒိတ်ခနဲ ခုန်သွားမိပါသည်။ ကျောင်းစိမ်းဝတ်စုံကလေးနှင့် တွေ့နေကျစုမြတ်ထားကို ဂျင်းဘောင်းဘီတိုနှင့် တွေ့လိုက်ရသောအခါ တစ်မျိုးဆန်းနေမိပြီး ကျွန်တော့်ဘာသာ ကျွန်တော် ရှက်သွားမိလေသည်။ စုမြတ်ထား၏ ပေါင်လုံးဖြူဖြူကလေးသည် တုတ်ခိုင်လှပနေပြီး ကျန်းမာသန်စွမ်းစွာဖြင့် ဖွံ့ဖြိုးနေလေ၏။

ကျွန်တော်၏ ပေါင်လုံးများကို စုမြတ်ထားနှင့် ယှဉ်ပြီး ရှက်နေမိပါသည်။

"လှတယ်ကွာနော် . . ဟီးဟီး . . ဖွေးနေတာပဲ . ."

"ဟိတ်ကောင် မင်းဘယ်သူ့ကို ပြောတာလဲ . ."

"မိမိ့ကို ပြောတာပါကွ . . ကြည့်စမ်းပါဦး . . ဟီးဟီး . ."

ပန်တျာသည် မီမီ့ကို စိတ်ဝင်စားနေပုံရသဖြင့် ကျွန်တော် အနည်းငယ်ရင်အေးသွားပါသည်။ နောက်တော့ စုမြတ်ထားတို့၏ ထုပ်ဆီးတိုးပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ပွဲစလေတော့သည်။ ကျွန်တော်၏ မျက်လုံး နှစ်လုံးသည် စုမြတ်ထား နောက် လျှောက်လိုက်နေလေတော့၏။ စုမြတ်ထားတို့ အသင်း ခွေအောင်လံထူသွား တိုင်း ကျွန်တော်ကြုံးအော်ပြီး အားပေးပစ်လိုက်သောအခါ ဘေးမှရပ်ကြည့် နေသော အဘိုးကြီးတစ်ယောက်က ကျွန်တော့်ကို သတိပေးလေသည်။

"ဟေ့သူငယ် လိပ်ခေါင်းထွက်တတ်တယ်နော် . . သတိလည်းထားဦး . ."

"အိုဗျာ . . လိပ်ခေါင်းမကလို့ မိချောင်းခေါင်းပဲ ထွက်ထွက် . ."

အဘိုးကြီး ဆက်မပြောတော့ဘဲ ကျွန်တော်တို့နားမှ ထွက်သွားသည်။ ထိုပြိုင်ပွဲတွင် စုမြတ်ထားတို့အသင်း နိုင်ပါသည်။ သူမသည် သူတို့အသင်း အနိုင်ရသွားသဖြင့် ဝမ်းမြောက်သွားပြီး ကျွန်တော့်ကို တွေ့သွားလေသည်။ ပါးစပ်ကလေးသည် မဟာတဟာဖြစ်သွားပြီး ဘောင်းဘီတိုကလေးနှင့် သူမ၏ အဖြစ်ကို ရှက်သွားဟန်ဖြင့် မီမီ၏နောက်သို့ ကွယ်၍ ရပ်လိုက်၏။ သူမသည် ထုပ်ဆီးတိုးပွဲကို လာရောက်ကြည့်ရှုကြသူများကို မရှက်ဘဲ ကျွန်တော့်ကို ဘာကြောင့်ရှက်ရလေသနည်း။

သူမသည် သူမ၏ အသင်းဖော်များကြားမှ ကျွန်တော်ရှိရာသို့ မသိမသာခိုးကြည့်လေသည်။ နေပူရှိန်သည် တဖြည်းဖြည်းမြင့်လာသည်။ ထုပ်ဆီးတိုးပြိုင်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ဆက်ကျင်းပသော်လည်း စုမြတ်ထားတို့ အသင်းလောက်ရသမမြောက်တော့ဟု ထင်ပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် ထုပ်ဆီးတိုးပြိုင်ပွဲတစ်ခုလုံးတွင် ကျွန်တော့်မျက်လုံးသည် စုမြတ်ထားကိုသာမြင်ပါသည်။

"မင့် မျက်လုံးတွေ စုမြတ်ဘောင်းဘီနောက်မှာ ကျွတ်ပါသွားဦးမယ်သိဟ . . ကြည့်လည်းလုပ်ဦး . ."

ပန်တျာ့စကားကြောင့် ကျွန်တော် နည်းနည်းရှက်သွားမိပါသည်။

"မင်းလည်း ဘာထူးသေးလဲ ပန်တျာရာ . . မိမီ့ပေါင်လုံးမှာ မင်း မျက်လုံးတွေ ကပ်နေတာပဲ မဟုတ်လား . ."

"ထူးတော့ ထူးဆန်းတယ်ကွ . . ဘို့အတန်းထဲက ကောင်မလေးတွေကို ဒီလိုပုံစံမျိုးနဲ့ တွေ့လိုက်ရတော့ တစ်မျိုးပဲ . ."





ချစ်တီးကလည်း သူ့ခံစားချက်ကို ထုတ်ဖော်လာသည်။ မိုးဇော်ကလည်း အားကျမခံ၊ သူ့ခံစားချက်ကို ထုတ်ပြောပြန်၏။

"ငါ့သဘောကတော့ ထုပ်ဆီးတိုးပြိုင်ပွဲထက် ရေကူးပြိုင်ပွဲ ပိုလုပ်ခေစချင်တယ် . . . ဟီးဟီး . ."

"ဒါကြောင့် မင်းကို နွားပွလို့ နာမည်ပေးတော့လည်း မင်းက မကြိုက်ဘူး . .။ တစ်ခုတော့ ရှိတယ်ကွ . . မင့်အကြံကောင်းတော့ ကောင်းတယ် . .။ အဲဒီရေကူးပြိုင်ပွဲလုပ်ရင် မင်းညီမ နှစ်ယောက်ကိုလည်း ထည့်ပြိုင်ခိုင်း . . ."

မိုးဇော်သည် ပန်တျာ့ပခုံးကို မနာအောင် လက်သီးနှင့်ထိုး၏။ ထုပ်ဆီးတိုးပြိုင်ပွဲတွင် စုမြတ်ထားတို့ အသင်းသည် ဒုတိယသာရသွားသည်။ မီမီက အဝေးမှ ကျွန်တော်တို့ အုပ်စုကို လက်လှမ်းပြ၍ နှုတ်ဆက်သော်လည်း စုမြတ်က ကြည့်ရုံသာလှမ်းကြည့်သည်။ နေ့လယ်ဆယ့်တစ်နာရီတွင် ပြိုင်ပွဲများ အားလုံးခဏရပ်နားလိုက်လေသည်။

ဇန်နဝါရီလ၏ ဆောင်းလေပြည်သည် ဦးတည်ချက်မရှိဘဲ ဟိုဝေ့သည်ဝေ့တိုက်ခတ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၂)

"ဘ ကယ်ကတော့ ချောတိုင်တစ်တိုင်ဖြစ်ဖို့က လွယ်တာ မဟုတ်ပါဘူး . .။ ဝါးပိုးဝါးကို စင်းလုံးချောရဖို့ ချွေးရပါတယ်။ ပြီးရင် တက်မယ့်သူတွေ ခြေထောက်တို့ ဗိုက်တို့ မရှဒအောင် အဆစ်တွေကို ချောအောင်လုပ်ရပါတယ် . .။ ပြီးရင် အဖျားပိုင်း တစ်ဆစ်စာမှာ အပေါက်လေးတွေဖောက်ပြီး တက်မယ့်သူတွေ အခက်အခဲဖြစ်အောင် ဝက်ဆီတွေထည့်ထားရပါတယ် . ."

"ဟာ . . ဒုက္ခပဲ ဝက်ဆီတွေဆိုပါလား"

"ဒါ ဘာဆန်းသလဲမိုးဇော်ရာ . .။ ချောတိုင်ဆိုတာ ဒီလိုပဲ ဝက်ဆီထည့်ရင်ထည့်၊ မထည့်ရင် ရေနံချေးထည့်ကြတာပဲ . . ."

"ငါ ဝက်သားမစားဘူးကွ . . ဒုက္ခပဲ . ."

ဖြစ်ကြပုံမှာသည်လိုဖြစ်ပါသည်။ ဖေဖေကလည်း ဘာစိတ်ကူးပေါက်သည်မသိ။ ချောတိုင်တက်ပွဲကို ကြီးကျယ်စေချင်၍လားမသိ။ စပီကာတွေ ဘာတွေငှားပြီး စည်ကားအောင်လုပ်လေသည်။ ရပ်ကွက် ရုံးခန်းရှေ့





ကွက်လပ်ထဲတွင် ချောတိုင်ကြီးက ငွားငွားစွင့်စွင့် တည်ရှိနေပြီး တိုင်ထိပ်တွင် အနီရောင်အလံငယ်တစ်ခုက ရင်ခုန်ဖွယ် တွေ့နေရလေသည်။ နံနက်ပိုင်းတွင် ကစားနည်းအတော်များများ ပြီးသွားပြီဖြစ်သဖြင့် ချောတိုင်တက်ပွဲကို ပရိသတ်က အတော်စိတ်ဝင်စားစွာဖြင့် ရောက်လာကြသည်။

ကျွန်တော်ကလည်း ကျွန်တော့်စိတ်ကူးနှင့်ကျွန်တော် ဖြစ်လေသည်။ ကျွန်တော်တို့အဖွဲ့ ယှဉ်ပြိုင်ခါနီးတွင် ဗိုက်နာချင်ယောင်ဆောင်၍ အရံလူဖြစ်သော မိုးဇော်ကိုတက်ခိုင်းမည်။ ကျွန်တော်က အရံလူအဖြစ်သာ နေလိုက်မည်။ မည်မျှကောင်းသည့် အကြံပါနည်း။ သို့သော် ချောတိုင်တက်ပွဲမစမီ အခမ်းအနားမှူး၏ စကားကြောင့် မိုးဇော်က အလန့်တကြား ထပြောသဖြင့် ကျွန်တော် စိတ်ခေတ်ကျသွားမိ၏။

"ဟင် . . မိုးဇော် မင်းက ဝက်သားမစားဘူးဟုတ်လား . . ဒါဆို မင်းက ကုလားပေါ့ . ."

"ဟာ ဘယ်ကကုလားဖြစ်ရမှာလဲ . . ငါတို့က နတ်ကိုးကွယ်ကွ . ."

ကျွန်တော်တို့ ပြဿနာကို ချစ်တီးက စဉ်းစဉ်းစားစားနှင့် ဝင်ပြောလေသည်။

"ပြဿနာတော့မရှိပါဘူး မိုးဇော်ရာ . . အခုလည်း မင်းဒီဝက်ဆီတွေကို စားမှာမှမဟုတ်တာ . ."

"မင့်ကြီးဖော် ပြဿနာမဟုတ်ရမှာလားကွ . . စားဖို့ခဏထားဦး ထိတောင်မထိရဘူး . .။ အဲဒီတော့ ငါတက်လို့မဖြစ်တော့ဘူး။ thin မင်းဝင်တက်ကွာ . ."

ကျွန်တော် မကြံတတ်၊ မစည်တတ်ဖြစ်သွားသည်။ အသံချဲ့စက်မှအသံကြီးသည် ဟိန်း၍ထွက်လာပြန်၏။

"ဒီချောတိုင်တက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့်အဖွဲ့က ခြောက်ဖွဲ့ဖြစ်ပါတယ် . . အဖွဲ့အမှတ် တစ်မှာ ပါတဲ့သူတွေကတော့ . ."

တစ်ယောက်ချင်း နာမည်တွေဖတ်သွားသည်။ ကျွန်တော်တို့က အဖွဲ့အမှတ် နှစ် ဖြစ်လေသည်။ ကျွန်တော်တို့ အမည်တွေကို အခမ်းအနား



www.burmeseclassic.com

www.burmeseclassic.com



မှူးက ဖတ်သောအခါ ကွက်လပ်၏ တစ်ဖက်မှ စူးစူးဝါးဝါး အော်ဟစ်အားပေးသံတွေ ထွက်လာပါသည်။

"ဟာ . . ဟိုမှာ မိမိတို့လာအားပေးနေကြပြီ . .။ စုမြတ်လည်း ပါတယ်ကွ . .။ မျိုးမျိုးဇင် . .၊ သန္တာစိုး၊ ဝေဝေလွင် . .၊ အေးအေးကျော်။ နောက်ဟိုဘက်က တစ်ယောက်က နာမည် ငါမသိဘူး . ."

ကျွန်တော် ရင်တွေခုန်လာသည်နှင့်အမျှ စိုးရိမ်စိတ်ကလည်း ရင်ထဲ၌ဖြစ်ပေါ်လာရသည်။ ကျွန်တော်တို့အဖွဲ့၏အမည်ကို ကြေညာလိုက်သည်နှင့် မိမိတို့အုပ်စုက လက်ခုပ်လက်ဝါးတီး၍ အော်ဟစ်အားပေးလိုက်သံနှင့် မရေးမနှောင်းမှာပင် အသံတချို့ထွက်လာပြန်သည်။

"ချစ်တီးကွနော် . ."

" Thin ဘာမှအားမငယ်နဲ့ . . ငါတို့ရှိတယ် . ."

"ပန်တျာ မင့်အဖေဆိုင်းဝိုင်းက လင်းကွင်းကြီး တို့ဌားလာတယ်"

"ချမ်းချမ်း . . ချမ်း . ."

ပြဿနာပဲ။ ကျွန်တော်တို့ ရှစ်တန်းအေက ကောင်တွေ လင်းကွင်းကြီးနှင့် ရောက်ချလာပြီး လင်းကွင်းကြီးကို တချမ်းချမ်းတီးတော့၏။

"ကျော်ဇေယျတို့အုပ်စုကွ"

ထိုအခိုက်မှာပင် အခမ်းအနားမှူးက အဖွဲ့အမှတ်တစ်ကို စတင်ယှဉ်ပြိုင်ခွင့်ပြုလိုက်ရာ ပြိုင်ပွဲဝင်များသည် ချောတိုင်ရှိရာသို့ ရောက်ရှိလာကြ၏။ သူတို့အုပ်စုသည် ကျွန်တော်တို့အဖွဲ့ထက် ကြံ့ခိုင်တောင့်တင်းပြီး ကျွန်တော်တို့ထက်လည်း အသက်ကြီးပုံရလေသည်။

"ဖျောင်း . . ဖျောင်း"

"ကျော်ကြီးကွ . . . ဝေမိုးကွ . ."

သူတို့အုပ်စု စတင်တက်ကြလေတော့သည်။ စပီကာမှ တဂွိဂွိ တဂွမ်ဂွမ်အသံများ ထွက်လာပြီး အစီအစဉ်ကြေညာသူ၏ အသံကြီးက ဆက်၍ထွက်လာ၏။

"အဲ . . စပါပြိုင်ဖျား . . အောက်ဆုံးမှာ ကိုယ်ခန္ဓာတောင့်တောင့်တင်းတင်းနဲ့ တောင့်ခံထားသူက အရေးကြီးသလို သူ့အပေါ်မှာ တက်





ရပ်တဲ့ အလယ်လူကလည်း အရေးကြီးတာပါပဲ ခင်ဗျား . .။ အဲဒါတွေထက် ပိုအရေးကြီးတာက အပေါ်ဆုံးက လူပါပဲ . .။ ဟုတ်ပြီ . . ကျော်ကြီးတက် . . တက် . . တိုင်က ချောနေတော့ သတိထား . .။ မြန်မာ့သတ္တိကို ကမ္ဘာကသိအောင်ပြလိုက်စမ်း . .။ တကယ်တော့ ချောတိုင်တက်ပွဲဟာ မြန်မာ့ရိုးရာအားကစားနည်းတစ်မျိုးဖြစ်ပါတယ်။ အောက်က ဝေမိုးတောင့်ထား . .။ ဟုတ်ပြီ . .၊ စည်းလုံးညီညွတ်မှုရှိရတဲ့ အားကစားနည်းတစ်မျိုးဖြစ်သလို . . တစ်ဦးချင်း အစွမ်းအစလည်းရှိဖို့လိုပါတယ် . .။ ဟုတ်ပြီ တက်တက် . .။ ဟာကျော်ကြီး ပြန်လျှောကြလာပြန်ပြီ . .။ အောက်က ဝေမိုး အားတင်းထား . ."

"ချမ်း . . ချမ်း"

ကျော်ကြီးဆိုသူသည် အလယ်လူ၏ ဦးခေါင်းကို ခြေထောက်နှင့်ကန်၍တက်ရာ လက်တစ်ဖောင်လောက်ရောက်ပြီးမှ ပြန်လျှောကျလာပြန်၏။ အလယ်လူသည် ချောတိုင်ကို အားရပါးရဖက်၍ တောင့်ခံပေးထားသည်။ အောက်ဆုံးက ဝေမိုးဆိုသူသည် လူနှစ်ယောက်၏ အလေးချိန်ကို ထမ်းထားရသည်ဖြစ်၍ ဒူးများတဆတ်ဆတ်တုန်နေလေ၏။

"ဟုတ်ပြီ ဝေမိုး တောင့်ထား . .။ မြန်မာကွ . . မြန်မာ . ."

"ဟွန်း . . ဒီပွဲမှာ ဘယ်နိုင်ငံသားတွေပါသေးလို့လဲ"

အခမ်းအနားမှူးက အားပါးတရ ကုန်းအော်လိုက်သည့်အခါ ကျွန်တော်တို့ အနီးမှာရပ်နေသည့် လူကြီးတစ်ယောက်က ပွစိပွစိလုပ်၏။ အဖွဲ့အမှတ်တစ်သည် တက်၍ကောင်းတုန်း၊ သို့သော် သတ်မှတ်ချိန်စေ့သွားပြီး သူတို့တွေရပ်နားလိုက်ရသည်။ ချောတိုင်ထိပ်မှ အလံကလေးက အဖွဲ့အားလုံးကို လှောင်ပြောင်နေသလိုဖြစ်နေ၏။

သည်လိုနှင့်ပင် ကျွန်တော်တို့ အဖွဲ့အမှတ်နှစ်၏ အလှည့်ရောက်လာတော့သည်။

"အခု အလှည့်ကျတာကတော့ အဖွဲ့အမှတ်နှစ်ဖြစ်တဲ့ ပျိုတိုးမောင်ဆိုတဲ့ အဖွဲ့ပဲဖြစ်ပါတယ်"

"ဟေး . . ပျိုတိုးအကြိုက်တွေ့သွားအောင် . . မင်းတို့အစွမ်းပြွေ



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်ကြစမ်း . . ချမ်း . . ချမ်း . . "

ကျော်ဇေယျ၏ အသံက ဟိန်းထွက်လာပြီး အသံအဆုံး၌ လင်းကွင်းသံ တချမ်းချမ်းကိုကြားရသည်။ ကျွန်တော်လည်း ရင်တွေ တဒိတ်ဒိတ်ခုန်လျက်ရှိပြီး ဝတ်ထားသော ပုဆိုးကို အရဲစွန့်၍ ချွတ်ချလိုက်သည်။ ထိုအခါ ကျွန်တော့်အနီးမှ တိုးတိုးသံတွေထွက်လာ၏။

"ဟာ . . ဒီကောင်ဖြစ်ပါ့မလား . . "

"အဲဒါ . . ဥက္ကဋ္ဌသားကွ . . "

"ဒီကောင့် ခြေသလုံးနဲ့ ပေါင်က ခွဲလို့မှမရတော့တာ . . "

"ဒါပေမယ့် ဒီကောင့် ဒူးဆစ်တွေက ကြီးတော့ အဲဒါကြီးတွေနဲ့ ညှပ်ပြီးတက်သွားရင် ရချင်ရမှာ . . "

ကျွန်တော့် မျက်နှာကြီးနီရဲနေလိမ့်မည် ထင်ပါသည်။ စပီကာမှ အသံကလည်း ဆက်၍ ထွက်နေပြန်သည်။

"ကဲ . . ဖျိုတို့မောင် စတက်မယ် . . "

ကျွန်တော်၊ ချစ်တီးနှင့် ပန်တျာတို့ ချောတိုင်နားရောက်သည့်အခါ ဆူဆူညံညံအားပေးသံတွေ ထွက်လာပြန်သည်။ မီမီတို့ဘက်က အားပေးသံတွေကလည်း ကျယ်လောင်လှပါသည်။ ကျွန်တော် သူတို့အုပ်စုဘက်သို့ မကြည့်ရဲပါ။

"ဟေ့ကောင်တွေ . . တို့တွေတိုင်ပင်ထားတဲ့အတိုင်းပဲနော် . . ငါက အောက်ဆုံးမှာ။ ချစ်တီးက ငါ့အပေါ်ကတက် . . ပြီးမှ ပန်တျာက နောက်ဆုံးမှတက် . . ၊ ဟုတ်ပြီလား . . "

ကျွန်တော်တို့ သုံးယောက်သား ချောတိုင်ကြီးကို ထိုင်ကန်တော့လိုက်သည့်အခါ ပရိသတ်ကြီးဆီမှ ဝေါခနဲအသံတွေ ထွက်လာသည်။

"ကောင်းတယ် . . ချောတိုင်စောင့်နတ်ကို ရှိသေတဲ့ သဘောပဲ"

အဘိုးကြီးတစ်ဦး၏ မှတ်ချက်ဖြစ်ပါသည်။ လူငယ်တချို့ကတော့ ခပ်တိုးတိုးမှတ်ချက်ပြုကြပါသည်။

"ပြုတ်ကျမှာစိုးလို့ ကန်တော့တာကွ . . ။ တကယ်ကန်တော့ သင့်တာက တိုင်ထိပ်က အလံတိုင်ကို . . "





ကျွန်တော် ဘာကိုမှ ဂရုမစိုက်တော့ဘဲ ချောတိုင်ကို အရင်ဆုံးသွားဖက်လိုက်သည်။ ချစ်တီးက ကျွန်တော့်ပေါ် ကျော်ခွ၍ တက်ပြီး ပခုံးပေါ်တွင် တက်ရပ်သည်။ သည်ကောင့်အလေးချိန်က အတော်မနည်းပါ။ ကျွန်တော် မနည်းတောင့်ခံထားရပါသည်။

"ဟာ . . ဖြစ်ပါ့မလား . . သေတော့မှာပဲ . . "

ပရိသတ်ထဲမှ အသံတွေထွက်လာပြန်သည်။ ကျွန်တော့် ဒူးနှစ်ဖက်သည် ချောတိုင်နှင့် တဆတ်ဆတ်ရိုက်နေ၏။

"ကျွန်တော်တို့ မြန်မာရာဇဝင်သမိုင်းမှာ လေးလက်ဖယ်ဆိုတဲ့ ပုဂံခေတ်သူရဲကောင်းတစ်ဦးရှိခဲ့ပါတယ်။ သူဟာ တစ်နေ့တည်းမှာ ထန်းပင်တစ်ရာတက်နိုင်တယ်ဆိုပါတယ်။ အခု မင်းတို့ဟာ ထန်းပင်တစ်ရာတက်စရာမလိုပါဘူး . . ချောတိုင်ကလေး တစ်တိုင်တည်းတက်ရမှာ . . . ။ ဗမာ့သတ္တိ ကမ္ဘာကသိအောင် ပြလိုက်ကြစမ်း . . ဟုတ်ပြီ . . မိုးဇော် . . တက် တက် . . ။ ဟာ အောက်ကကောင်သီဟ ဒူးမခိုင်ဘူးဖြစ်နေတယ် . . မင့် ဒူးတွေကိုတောင့်ထား . . "

ပန်တျာက ကျွန်တော့်လက်မောင်းတွေပေါ် အတင်းနင်းခွပြီး တက်ရာ ကျွန်တော့်မှာ နားထဲမှ လေများပင်ထွက်လာရလေ၏။

"အမှန်က ငါတို့ လူရွေးမှားနေတယ်ကွ . . အောက်ဆုံးကောင်က အပေါ်တက်ရမှာ . . အပေါ်က ကောင်က အောက်မှာ ဝင်တောင့်ထားပေးရမှာ . . "

အဘိုးကြီးတစ်ဦးက ခပ်ကျယ်ကျယ်မှတ်ချက်ပြု၏။ သည်အချက်ကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါသေးသည်။ ခက်တာက ကျွန်တော်က အမြင့်ကို ကြောက်သည်။ ချစ်တီးကို အောက်ဆုံးမှာထားဖို့ စဉ်းစားပြန်တော့လည်း မဖြစ်ပြန်။ အလယ်လူသည် ချောတိုင်တက်ပွဲ၌ ပံ့ပိုးနိုင်မည့်သူဖြစ်ရမည်။ သူသည် လိုအပ်လျှင် အထက်က တက်သူကိုလိုက်လံပိုးတင်နိုင်ရမည်။ သူလည်း အတက်ကျွမ်းကျင်သူဖြစ်ရမည်။ ကျွန်တော်တို့အဖွဲ့တွင် ကျွန်တော်က ဘာမှမတက်တတ်သူဖြစ်နေ၍ အောက်ဆုံးမှာပင်နေဖို့ ဆုံးဖြတ်လိုက်ရသည်ပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးသည် ကျွန်တော့်ခေါင်းပေါ် မတက်ရပ်ဖို့ ကြိုးစားနေသည်။

"ဟေ့ကောင် ချစ်တီး မင်းခြေမကြီးက ငါ့ပါးစပ်ထဲ ဝင်တော့မယ်"

ကျွန်တော် ကြုံးအော်လိုက်သောအသံကို သည်ကောင်ကြားပုံမရ။

"ဟုတ်ပြီကွ . . ပန်တျာကွ . . ပန်တျာ . . ချမ်းချမ်း . ."

အပေါ်သို့ မော့မကြည့်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ချစ်တီးက ကျွန်တော့်ခေါင်းပေါ် တက်ရပ်သွား၍ ဖြစ်ပါသည်။ သို့သော် ကြားရသော အသံများအရ ပန်တျာသည် အပေါ်သို့ ကြိုးစားတက်နေပုံရလေသည်။ ကျွန်တော်လည်း ချစ်တီးကိုယ်ကြီးကို မနည်းထိန်းထားရသည်။ ချောတိုင်ကို ညှပ်ထားသည့် ကျွန်တော့် ဒူးတွေသည် ချောတိုင်နှင့် ကဆက်ဆက် ရိုက်နေလေ၏။ ကြာတော့ ကျွန်တော် မခံနိုင်တော့။

"ဟေ့ကောင် ချစ်တီး ပြန်ဆင်းလိုက်ဦး . . ငါမခံနိုင်တော့ဘူး"

လင်းကွင်းသံ တချမ်းချမ်းသည် ကျွန်တော့်နားထဲသို့ ဆောင့်၍ ဆောင့်၍ဝင်လာသည်။

". . . ပြန်လျှောကျလာပြန်ပြီ . . ပန်တျာပြန်တက် . . Thin ဘောင်း . . ."

ကျွန်တော့် ဖက်တွေ ဘာလာ၏။ ပန်တျာသည်း ချစ်တီးခေါင်းပေါ် ပြန်ဖမ်းရပ်လိုက်သည်ထင်ပါသည်။ သူတို့ နှစ်ယောက်စလုံး၏ အလေးချိန်သည် ကျွန်တော့်ခေါင်းပေါ်မှာ၊ ကျွန်တော့်ဇက်ပေါ်မှာ၊ ကျွန်တော့် ကျောရိုးပေါ်မှာ၊ ကျွန်တော့်ခြေသလုံးပေါ်မှာ။

"ဟေ့ကောင်တွေ ငါမရတော့ဘူး . ."

"မြန်မာ့သွေးကွ အားမလျှော့ကြနဲ့ . . တက် . ."

အနည်းငယ်ပြန်ပေါ့သွားပြန်သည်။ ပန်တျာအပေါ် တက်နေပြန်ပြီထင်ပါသည်။

"တကယ်တော့ ချောတိုင်တက်တယ်ဆိုတာ ဘောလုံးကန်သလိုပါပဲ . .။ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းအားလုံးကောင်းပါမှ အနိုင်ရမှာဖြစ်ပါတယ်. .။ ဟုတ်ပြီကွ . .၊ ကြိုးစားပေး . . ကဲ. . ရှေ့တန်းက ကောင်ကြိုးစားစမ်း။ နောက်တန်းက . . အဲ . . အောက်ဆုံးက ကောင်





တောင့်ထား . .။ ဗမာ့သားကောင်းတွေ ပီသအောင်ပြကြစမ်း . .။ ညောင်ဦးဖီးလို စိတ်ဓာတ်ထားကြစမ်း . . ဟုတ်ပြီ ငထွေရှုးကွ . .။ ဟာ လျှောကျပြန်ပြီ . ."

သည်တစ်ခါတော့ အပေါ်က နှစ်ကောင်၏ အလေးချိန်ကို ကျွန်တော်မခံနိုင်တော့။ ချောတိုင်းကို ဖက်ထားသည့် ကျွန်တော့်လက်တွေ ပြေလျော့လာ၏။ တောင့်ထားသော ဒူးခေါင် ကွေးညွတ်လာသည်။ ကျွန်တော် ယိုင်သောအခါ အပေါ်က ကောင်တွေလည်း ဖရိုဖရဲဖြစ်ကုန်တော့သည်။ ချစ်တီးသည် အခြေအနေမကောင်းသဖြင့် ကျွန်တော့် ကိုယ်ပေါ်မှ အောက်သို့ လျှောဆင်းရန် ကြိုးစားသောအခါ သူ၏ ခြေမက ကျွန်တော့် ဘောင်းဘီ ကြိုးထဲဝင်သွားပြီး မထင်မှတ်တာတွေ ဖြစ်ကုန်တော့သည်။

"ဟာ . . Thin ဘောင်းဘီကျွတ်နေပြီဟေ့ . ."

"ဒုက္ခပါပဲ . . ဒီကောင်ဖင်ပေါ်နေပြီ . ."

ကျွန်တော် ဖက်ထားသော လက်တစ်ဖက်ကို ခွာ၍ ကျွတ်နေသော ဘောင်းဘီကို ဆွဲတင်ရန် ကြိုးစားသော်လည်း မရတော့ပါ။ ဘောင်းဘီသည် လျှောခနဲ ကျွတ်ကျသွားလေသည်။

"အို . . ဟာ . . ဟင်"

ပရိသတ်ကြီးထံမှ အာမေဋိတ်သံတွေနှင့်အတူ ကျွန်တော်လဲကျသွားရာ အပေါ်က နှစ်ကောင်က ကျွန်တော့် ကိုယ်ပေါ်ပိပြီး ပြုဆင်းလာ၏။ ရှက်စိတ်နှင့် ဒေါသစိတ်တွေပေါင်းမိပြီး သည်ကောင်နှစ်ကောင်ကို ကျွန်တော့်ကိုယ်ပေါ်မှ အတင်းတွန်းချမိသည်။ ပြီးတော့ ကျွတ်နေသော ဘောင်းဘီကို ဆွဲမ,တင်လိုက်ပြီး မည်သူ့ကိုမျှ မစောင့်တော့ဘဲ အိမ်သို့သာ ခပ်သွက်သွက်ပြန်ပြေးလာမိခဲ့လေသည်။

အသက် ၁၅ နှစ်နှင့် အတန်း ၈တန်းရောက်နေပြီဖြစ်သော ကျွန်တော်သည် ရှက်စိတ်နှင့် ဟူပူနေတော့၏။ ပြေးထွက်လာခဲ့စဉ် ငိုတောက် ခေါက်မိသည်။ မျက်ရည်တွေကျလာမိသည်။ လင်းကွင်းသံ တချမ်းချမ်းက ကျွန်တော့်အဖြစ်ကို လှောင်နေသလိုထင်မိပါသည်။ အိမ်သို့ပြန်ရောက်သော အခါ ကျွန်တော်အခန်းထဲတန်းဝင်ပြီး ခုတင်ပေါ်မှာ မှောက်ကာငိုမိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေမေက ကျွန်တော့်ပခုံးပေါ် လက်လာတင်ပြီးပြော၏။

"ပြိုင်ပွဲဆိုတာ ဒီလိုပဲပေါ့ သားရယ် . . ။ အရှုံးအနိုင်က အဓိက မဟုတ်ပါဘူး . . "

"အခုဟာက ရှုံးရုံတင်မဟုတ်ဘူး မေမေ . . အရှက်ကွဲလာတာ"

ဧကြာတော့ ကျွန်တော့်သူငယ်ချင်းတွေ ရောက်လာသည်။ ချစ်တီး၊ ပန်တျာနှင့် မိုးဇော်တို့သည် ကျွန်တော်ရှက်သွားမှန်းသိ၍ မျက်နှာငယ်ကလေးတွေနှင့် ဖြစ်သည်။

"ငါတောင်းပန်ပါတယ် Thin ။ ပန်တျာ့ကိုယ်လုံးကြီး ငါ့အပေါ် တအားပိနေလို့ ငါလည်းအောက်ဆင်းဖို့ လုပ်လိုက်တာ . . ဆောရီးပဲကွာ"

"အေးကွာ . . တို့တွေစိတ်မကောင်းပါဘူး . . ။ ဒါပေမယ့် မင်းအခြေအနေသိပ်မဆိုးပါဘူး . . လူတွေသိပ်မမြင်လိုက်ကြဘူး. . ကွတ်လည်းကွတ် ဒီကောင် နှစ်ကောင်ကလည်း 'မင်းအပေါ် ထပ်လဲကျတော့ ကာထားသလိုဖြစ်သွားတာပေါ့ . . "

မိုးဇော်၏ စကားကြောင့် ကျွန်တော် နည်းနည်းသက်သာရာ ရသွားပါသည်။

"ကောင်မလေးတွေရော မြင်သွားသလား"

"ငါ့စိတ်ထင်တော့ မြင်ပုံမရပါဘူး . . ။ မီမီကတော့ မင်းကို အတော်သနားသွားတယ်ကွ . . . ။ ပြီးတော့ မင်းဖင်က အမှတ်ကြီးကိုလည်း သူတို့ အုပ်စု အတော်စိတ်ဝင်စားနေကြတယ်ကွ . . "

"ဟာ . . မင်းပြောတော့ သူတို့မြင်ပုံမရဘူးဆို"

"ငါပြောတာက တခြားကောင်မလေးတွေကို ပြောတာ. . "

ကျွန်တော် ဟီးခနဲ ငိုချလိုက်သောအခါ သည်ကောင်တွေ ထိတ်ထိတ်ပျာပျာဖြစ်သွားကြလေသည်။ အရှက်ကတော့ ကွဲခဲ့လေပြီ။ လူပျို ပေါက်ဖြစ်နေပြီဖြစ်သော ကျွန်တော်သည် ပရိသတ်ကြီးအလယ်မှ စုမြတ်ထားကို ထူးထူးခြားခြား ပို၍ရှက်မိသည်မှာ အဘယ်ကြောင့်နည်း။ ထို့အတူ ပင် ဂျင်းဘောင်းဘီတိုကလေးဝတ်၍ ထုပ်ဆီးတိုးယှဉ်ပြိုင်သော စုမြတ်ထားသည် အဘယ်ကြောင့် ကျွန်တော်တစ်ဦးတည်းကို ရှက်နေပုံရသနည်း။





ယခင်က မသိသာခဲ့သော ကျွန်တော့်နှလုံးသားသည် အရှက်နှင့်အတူ သိသာစွာထင်ရှားလာလေ၏။ စုမြတ်ထားကို ရင်မဆိုင်ဝံ့အောင် ဖြစ်ရသော ရှက်စိတ်နှင့်အတူ ဘောင်းဘီတိုကလေးဝတ်၍ ထုပ်ဆီးတိုးနေသော သူမ၏ သဏ္ဍာန်သည် ကျွန်တော့်မျက်စိထဲတွင် မကြာခဏမြင် ယောင်နေမိပါသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

ဆရာမက ဗိုက်ဘုတ်မှာ စာတွေရေးပေးနေသည်ကို ကျွန်တော်တို့ ကျောင်းသား ကျောင်းသူများက လိုက်ကူးနေကြရသည်။ စာတွေ မီအောင်လိုက်ကူးနေရသည်ဖြစ်၍ အခန်းသည် အနည်းငယ် တိတ်ဆိတ်နေလေ၏။ ထိုအခိုက်မှာပင် ခပ်တိုးတိုးကျိတ်၍ လေလည်လိုက် သောအသံက ထွက်လာ၏။

"ဟေ့ကောင် မင်းပေါက်လိုက်တာ မဟုတ်လား ချစ်တီး . ."

"ဟာ . . မဟုတ်ပါဘူးကွ . . ။ ရှေ့တန်းက ကောင်မလေးတွေ ပေါက်တာဖြစ်မှာပါ . ."

မိုးဇော်သည် ရှေ့တန်းမှာ စာကူးရေးနေကြသည့် ကောင်မလေးတွေကို ခပ်တိုးတိုးကုပ်၍ မေးသည်။

"ဟေ့ကောင်မလေးတွေ . . . နင်တို့လား . ."

"ဘာ နင်တို့လားလဲ . . ငါတို့မဟုတ်ဘူး . ."

"နင် အာမခံနိုင်လို့လား မီမီ . ."

"အောင်မာ . . ငါက ဘာလို့အာမခံရမှာလဲ . . ငါတို့





မိန်းကလေးတွေက ခိုးကြောင်ခိုးဝှက်ဘာမှမလုပ်ဘူး"

"ဟေ . . နင်တို့က ပေါက်ရင် ခိုးကြောင်ခိုးဝှက်မပေါက်ဘူး ဟုတ်လား . . ဒုက္ခပဲ . ."

မီမီသည် သူမ၏ စကားမှားသွားသည်ကို ပြန်ပြင်ဖို့ ကြိုးစားလိုက်၏။

"ငါဆိုလိုတာ . . ဒီကိစ္စကို ဆိုလိုတာ မဟုတ်ဘူး"

စကားသံနည်းနည်း ကျယ်သွားသဖြင့် ဆရာမက သူတို့အုပ်စုကို လှမ်းကြည့်သည်။ အခန်းသည် ငြိမ်သက်သွားပြန်သည်။

"ကျွန်တော် ငယ်ငယ်က အတန်းထဲမှာ စာကူးရင်း အီးကလေး ပေါက် . . ဒါကို ဆရာမကြားတော့ အတန်းရှေ့ကိုလာစမ်း . . လူပုံအလယ် အရှက်ကြီးရှက်ရအောင် သူပေါက်တဲ့ အီးကလေးကို ပေတံစောင်းနဲ့ ရိုက်ပြီး မှတ်အောင် အပြစ်ပေးတယ် . ."

ပန်တျာ၏ ခပ်တိုးတိုးကျိတ်ဆိုလိုက်သော သီချင်းကြောင့် ရှေ့တန်းက ကောင်မလေးတွေ ကျိတ်ရယ်ကြသည်။

"ဟေ့ကောင် မင့်သီချင်းကလည်းကွာ အီးကိုပဲ ဆရာမက ပေတံနဲ့ရိုက်ပြီး အပြစ်ပေးရတယ်လို့ . . ဆရာမပေတံ ပေကုန်မှာပေါ့ . ."

ချစ်တီးစကားကြောင့် ကောင်မလေးတွေ ဝါးခနဲ ထ,ရယ်လိုက်ရာ ဆရာမ ဒေါပွသွား၏။

"သန့်စင်အောင်တို့ အုပ်စုခဏရပ်စမ်း . ."

မိုးဇော်မှအပ ကျွန်တော်တို့ ထ,ရပ်လိုက်ကြသည်။

"ဟိုကောင်မိုးဇော် မင်းက ဘာလို့မရပ်တာလဲ"

"ကျွန်တော်မှ မပေါက်ဘဲ ဆရာမ . ."

ရယ်သံတွေ တဝေါဝေါ ထကုန်၏။ ဆရာမလည်း ပြုံးစိစိဖြစ်သွားသည်။

"မင်းတို့ကို ဘယ်သူပေါက်သလဲ စစ်ဆေးနေတာမဟုတ်ဘူး . . စာသင်ချိန်မှာ ဆူညံဆူညံမလုပ်ဖို့ ဆုံးမလို့ မတ်တပ်ရပ်ခိုင်းတာ . . ထ၊ မင်းလည်းရပ် . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ မိုးဇော်က စပ်ဖြဲဖြဲနှင့်ထရပ်သည်။

"မင်းတို့ အတန်းတင်စာမေးပွဲကြီး နီးလာပြီ . . ။ နောက်လဆို စစ်တော့မယ် . . ။ အဲဒီတော့ နောက်ချင်ပြောင်ချင်တဲ့ စိတ်တွေလျှော့ . . ။ စာကိုပဲ ကြိုးစား . . ။ မင်းတို့ခေတ်ဟာ ပညာကို ပိုကြိုးစားရမယ့် ခေတ်ဖြစ်နေပြီ . . ။ တတ်နိုင်တဲ့ မိဘတွေဆို သူတို့သားသမီးတွေကို နိုင်ငံခြားတောင်လွှတ်ပြီး ပညာသင်ခိုင်းနေကြပြီ . . ။ ကမ္ဘာတစ်ခုလုံး ပညာမှ ပညာဖြစ်လာပြီ . . ။ အဲဒီတော့ မင်းတို့မှာ ရည်ရွယ်ချက်ရှိဖို့လိုတယ် . . ကဲ . . ပြောစမ်း သန့်စင်အောင် . . မင်းတို့ကြီးရင် ဘာလုပ်မလဲ . ."

ချစ်တီးသည် သူ့ခေါင်းက ဆံပင်တွေကို တဖြင်းဖြင်းနှင့်ကုတ်၍ စဉ်းစားကာဖြေသည်။

"အဲဒီပညာတတ်တွေကိုခေါ်ပြီး ကုမ္ပဏီထောင်မယ် ဆရာမ . ."

ရယ်သံတွေ ထွက်လာပြန်သည်။ ဆရာမသည် ရယ်၍ ကျွန်တော့်ကိုမေးပြန်သည်။

"သီဟ . . မင်းကြီးရင်ရော ဘာလုပ်မလဲ . ."

"မသိပါဘူး ဆရာမ . ."

"ဟာ . . ."

ရယ်သံတွေ ထွက်လာပြန်သည်။ ကျွန်တော့်အဖြေကို ကျွန်တော် ရှင်းပြဖို့ ကြိုးစားမိသည်။

"ဒီလိုပါ ဆရာမ . . လူ့လောကကြီးဟာ ဘယ်အရာမှ အစိုးမရဘူးတဲ့ . . ။ ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်မရှိပါဘူးတဲ့ . . ။ ကျွန်တော်တို့ကိုးကွယ်တဲ့ ဘုန်းကြီးက တရားဟောဖူးပါတယ်။ ဒါကြောင့် ကျွန်တော် ဆရာဝန်ဖြစ်ချင်တယ်တို့၊ အင်ဂျင်နီယာဖြစ်ချင်တယ်တို့ ကျွန်တော်မပြောတာပါ"

ဆရာမ၏ မျက်နှာသည် ပြုံးသွားပြန်၏။ ပြီးတော့ ဆရာမ၏ မျက်နှာသည် တဖြည်းဖြည်းပြန်တည်သွားပြီး ကျွန်တော်တို့ အားလုံးကို ထိုင်ခိုင်းလိုက်၏။

"ဆရာမပြောမယ် . . သေသေချာချာနားထောင် . . ။ သန့်စင်အောင်က ပညာတတ်တွေကိုခေါ်ပြီး ကုမ္ပဏီထောင်မယ်ပြောတယ်။ အဲဒါကို လုပ်ဖို့အတွက် မင်းမှာအရင်းအနှီးအများကြီးလိုလိမ့်မယ်။ ထားပါတော့၊ အဲဒီအရင်းအနှီး မင်းမှာရှိတယ်ဆိုရင်တောင်မှ အဲဒီပညာတတ်တွေကို စီမံခန့်ခွဲအုပ်ချုပ်နိုင်ဖို့ . . ခိုင်းစေနိုင်ဖို့ ပညာတတ်မှဖြစ်မယ် . . ။ အခုခေတ်မှာဆို စီမံခန့်ခွဲမှုနဲ့ ပတ်သက်တဲ့၊ စီးပွားရေးနဲ့ပတ်သက်တဲ့ ပညာတွေ အများကြီးထွန်းကားလာတယ် . . ကုဋေ ၈၀ သူဌေးသား ဘာကြောင့်မွဲသွားရတယ်ထင်သလဲ . . ။ ဆရာမအထင်တော့ စီးပွားရေးမလုပ်တတ်လို့ပဲ . . ။ စီမံခန့်ခွဲမှု မတတ်လို့ပဲ . . ။ တစ်နည်းအားဖြင့် စာရင်းအင်းပညာမတတ်လို့ပဲ . . ။ ဒါကြောင့် ပညာဟာ သိပ်ကိုအရေးကြီးတယ်"

ဆရာမသည် စကားကို ခဏရပ်၍ ကျွန်တော့်ကို ကြည့်ပြန်သည်။ ဆရာမ ဒေါ်မိမိဝင်းသည် စာသင်ကောင်းသည်နှင့် အမျှ ကျွန်တော်တို့အပေါ်တွင် ဂရုဏာအလွန်ပင်ကောင်းလေသည်။

"ဖြစ်ချင်သလိုဖြစ်ခွင့်မရှိဘူးဆိုတဲ့ စကားဟာ အနတ္တဝါဒကိုပြောတာပဲ . . ။ ဆရာမတို့ရဲ့ မြတ်စွာဘုရားဟာ . အဲဒီခေတ်အချိန်ကာလက လက်ခံယုံကြည်နေတဲ့ အတ္တဝါဒကို လက်မခံဘူး . . ။ လူမှာအသက်ဝိညာဉ်ကလေးက သေရင် မပျက်စီးဘဲ ဘဝတစ်ခုက တစ်ခုကို ရောက်တယ်ဆိုတဲ့ ဝါဒကို မြတ်စွာဘုရားက လက်မခံဘူး။ မြတ်စွာဘုရားဟောကြားတဲ့ အနတ္တဝါဒရဲ့ အစစ်ဟာ အဲဒီအသက် ဝိညာဉ်လို့ခေါ်တဲ့ အတ္တကောင်ကို လက်မခံခြင်းပဲ။ သို့သော်လည်းပဲ သီဟပြောသလို လောကကြီးမှာ ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်မရှိဘူးဆိုတာလည်းပဲ အနတ္တပါပဲ။ ကဲ . . သီဟကို ဆရာမမေးမယ်။ လောကကြီးမှာ ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်မရှိပါဘူးကွာဆိုပြီး ဒီအတိုင်းထိုင်နေလို့ မင်းတို့ဖြစ်ချင်တာဖြစ်လာမှာလား . . မင်းတို့ဟာဖြစ်ချင်တာကိုဖြစ်ဖို့ ကြိုးကိုကြိုးစားရမယ်။ ရည်ရွယ်ချက်ဆိုတာလည်း ထားကိုထားရမယ်။ ကြိုးစားလျက်နဲ့ မဖြစ်ဘူးဆိုရင်တော့ မတတ်နိုင်ဘူးပေါ့ . . ဒါပေမယ့် ဖြစ်ချင်ရင်တော့ ကြိုးကိုကြိုးစားရမယ် . ."

ဆရာမ၏ တိကျပြတ်သားသော စကားသည် ကျွန်တော့်ခေါင်းထဲသို့ အရှိန်အဟုန်ကြီးမားစွာဖြင့် စီးဝင်သွား၏။ ဆရာမစကားကို ငြိမ်သက်စွာ နားထောင်နေဆဲမှာပင် ကျွန်တော့်အကြည့်သည် စုမြတ်ထားထံသို့







www.burmeseclassic.com

www.burmeseclassic.com



ရောက်သွား၏။ စုမြတ်ထားက ကျွန်တော့်ကို မသိမသာနှင့် ကရော်ကရော် လုပ်ပြလေသည်။

♦♦♦

(၃)

ကျွန်တော်ကိုးတန်းရောက်သောအခါ ဂစ်တာနည်းနည်း တီးတတ်နေလေပြီ။ နွေရာသီကျောင်းပိတ်ရက်များ၌ ကျွန်တော်တို့ သူငယ်ချင်းတစ်အုပ်သည် ညစဉ်လိုလိုပင် ကိုရစ်ချတ်တို့ ဂစ်တာတီးရာ ယမ်းထိပ်က အုတ်ခုံသို့ သွားထိုင်ကြသည်။ ပြီးတော့ သူတို့ ခဏရပ်နားကြသည့်အခါ ကျွန်တော်တို့က သူတို့ထံမှ တစ်ကွက်စ၊ နှစ်ကွက်စ သင်ယူရင်းနှင့် နည်းနည်း တီးတတ်လာသည်။

"ဂစ်တာမှာ ကိုင်လို့ အကောင်းဆုံး အရသာအရှိဆုံးအကွက်က တော့ ဂျီပဲ . ."

ချစ်တီးက သူ့ထင်မြင်ချက်ကို ဖွင့်ဟသည့်အခါ ပန်တျာကလည်း မနေပါ။

"အဲဒီမင်းပြောတဲ့ ဂျီဆိုတာ ငါတို့မြန်မာသံမှာတော့ လေးပေါက် သံပဲ . ."

"ဒါဖြင့် အီးဆိုရင်ကောကွာ . ."



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးက အကယ်ပင် သိချင်စိတ်ဖြင့် မေးလိုက်ခြင်းဖြစ်ပါသည်။

"အီးဆိုရင်တော့ မြန်မာလို အောက်ပြန်သံလို့ခေါ်တယ် . ."

"အေးပါကွာ . . အီးဆိုမှတော့ အောက်သံပဲဖြစ်ရတော့မှာ ပေါ့ . ."

ကျွန်တော်တို့ လွတ်လပ်စွာ ရယ်မောလိုက်မိကြသည်။ ကျောင်းကင်တွင် လစန္ဒာသည် ကြည်လင်ဝင်းပလျက် ကျွန်တော်တို့ထံသို့ ဖွေးနုသော လရောင်ခြည်ပါးပါးကို ထုတ်လွှင့်လျက်ရှိသည်။ လစန္ဒာကို ကြည့်နေရင်းဖြင့် ကျွန်တော်သည် စုမြတ်ထားကို သတိရနေလေသည်။ သည်အချိန် လောက်ဆိုလျှင် စုမြတ်ထားအိပ်နေရှာရော့မည်။

သူမကို သတိရသဖြင့် ကျွန်တော်သီချင်းဆိုချင်လာသည်။ ထို့ကြောင့် မည်သည့်သီချင်းဆိုရကောင်းမည်နည်းဟု စဉ်းစားကြည့်လိုက်၏။ ကိုရစ်ချတ်နှင့် ကိုလှမြင့်ကတော့ စီးကရက်တစ်လိပ်စီနှင့် ကျွန်တော်တို့ကို ပြုံးကြည့်နေကြသည်။ ယခုလို အခြေအနေမျိုး၌ ဇော်ဝင်းထွဋ်၏ အချစ် များသူ့ဆီမှာ သီချင်းဆိုလျှင် ပို၍အရသာရှိမည်။ နောက်ပြီး သီချင်းထဲက ကော့ဒ်တွေကလည်း သိပ်မခက်။

ကျွန်တော်သီချင်းစဆိုရန် ဂစ်တာသံပျိုးလိုက်သည်။ ရှေ့ ၂ ဘား လောက်ပျိုးပြီးတော့ သီချင်းစဆိုဖို့ လည်ချောင်းရှင်းလိုက်ရာ ပန်တျာက ဝမ်းသာအားရလက်ကာပြပြီး ပြောလေသည်။

"ဟာ . . အဲဒီသီချင်း မင်းမဆိုနဲ့ ဟေ့ကောင် . . ငါဆိုမယ်"

ကျွန်တော် ဆိုမည်ကြံကာမှ သည်ကောင်လည်း ဖိလင်တက်လာပုံရသည်။ ကျွန်တော် အလျှော့ပေးလိုက်မိသည်။ သူငယ်ချင်း အရင်းကြီးတွေပဲဗျာ။ မလျှော့၍လည်းမဖြစ်ပါ။ ပန်တျာသည် ကျွန်တော့်ဂစ်တာသံသို့ ခပ်ဖြည်းဖြည်းကလေး မျှော၍ဝင်လာသည်။

"သံစဉ်တေးကလေးတွေ ရင်ထဲရှိသမျှ ဖွင့်ဆိုမယ်။ တစ်နယ်စီ ပေး ကမ္ဘာကြီးခြားသလို ကိုနှစ်ယောက်မှာ . . . ပြန်တွေ့လို့ ဆုံစည်းစရာ မျှော်လင့်ကြည့်ရင် . ."

ဥုဒ္ဒေါ သည်ကောင်ဆိုနေတာ အချစ်များ သူ့ဆီမှာ သီချင်းမဟုတ်





ပါ။ မြန်မာသံသီချင်းတစ်ပုဒ်ဖြစ်နေသည်။ ပြီးတော့ ကျွန်တော် နည်းနည်း ကြားဖူးနေသည့် သီချင်း။ ဂစ်တာသံကို ရုတ်တရက်ရပ်လိုက်ရကောင်းမည် လား စဉ်းစားပါသော်လည်း သည်ကောင်က စိတ်ပါလက်ပါ ဆိုနေသည်မို့ မရပ်ဖြစ်တော့။

"ခုတော့ မောင့်တစ်ယောက်တည်းပါ . . လွမ်းရင်းဝေးကျန်ခဲ့တာ အောက်မေ့သတိရ ချစ်တေးလက်ဆောင် ခေမ့်ဆီရောက်အောင်ပို့ချင်တာ အချိန်ရမှ နားထောင်ပါ . ."

ဆက်မတီးတတ်တော့သဖြင့် ကျွန်တော်ဂစ်တာသံကို ရပ်ပစ်လိုက်၏။

"ဟာ . . ဘာလို့ရပ်လိုက်ရတာလဲ"

"မင်းသီချင်းက ဘာကြီးလဲ . .။ ငါက ဇော်ဝင်းထွဋ်သီချင်းဆိုမလို့ လုပ်နေတုန်း မင်းဝင်ဆိုလိုက်တာ . . ဆက်လည်း မတီးတတ်ဘူးကွာ . ."

ကိုရစ်ချတ်နှင့် ကိုလှမြင့်က ရယ်လေသည်။ နောက်တော့ ညဉ့်လည်း နည်းနည်းနက်လာပြီမို့ ကျွန်တော်တို့ သူတို့နှစ်ဦးကို နှုတ်ဆက်၍ ပြန်လာခဲ့ကြ၏။

အပြန်လမ်းတွင် ကျွန်တော်တို့ လေးယောက်သား နှုတ်ဆိတ်နေမိကြပြီး ကိုအောင်ရင့် လက်ဖက်ရည်ဆိုင်နားရောက်မှ မိုးဇော်က စ,ပြောသည်။

"ကိုရစ်ချတ်တို့ ကိုလှမြင့်တို့ ဆေးလိပ်သောက်တာ မြင်တော့ ငါလည်း သောက်ကြည့်ချင်လာတယ်။ ဘယ့်နှယ်လဲ မင်းတို့လည်း သောက် မလား။ ငါ ကိုအောင်ရင့်ဆိုင်မှာ ဝင်ဝယ်လိုက်မယ် . ."

ကျွန်တော် မနေနိုင်တော့ဘဲ မိုးဇော်ကို ပြောမိသည်။

"ဆေးလိပ်ကိုတော့ အစမလုပ်ကြနဲ့ သူငယ်ချင်းတို့ရာ . .။ ကျန်းမာရေးအရလည်း မကောင်းဘူး . .။ နောက်ပြီး တို့အရွယ်ဟာ အရမ်း ငယ်သေးတယ် . .။ ဒီကိစ္စကို လက်တည့်မစမ်းစေချင်ဘူး . ."

"ငါတို့ ကလေးမှမဟုတ်ကြတော့ပဲကွာ . .။ ကိုးတန်းတောင် ရောက်နေပြီ . .။ နောက်နှစ်ဆို ဆယ်တန်း . .။ နောက်ပြီး ယောကျ်ားပဲ



www.burmeseclassic.com

www.burmeseclassic.com



ကွာ . . "

"ဘာမှမဆိုင်ဘူးကွ . . ယောက်ျားဖြစ်တာနဲ့ပဲ ဆေးလိပ်သောက်ရရောလား . . အဲဒီဆေးလိပ်ရဲ့ နောက်ကွယ်မှာ ငါတို့ဆီ ဝင်ဖို့ မူးယစ်ဆေးဝါးပြဿနာတွေ အများကြီးပဲ . . မင်းတို့သိပါတယ် . . "

"အေးလေ . . ဟုတ်တော့ ဟုတ်ပါတယ် . . ။ မသောက်တော့ပါဘူးကွာ . . "

ကျွန်တော် မိုးဇော် ပခုံးကို ညှစ်လိုက်ပြီး . .

"သိပ်ကောင်းတယ်ကွာ . . ဒါပေမယ့် မင့်ဆေးလိပ်ပြဿနာလိုပဲ ငါ့မှာလည်း မင်းတို့ကို တင်ပြစရာပြဿနာတစ်ခုရှိနေတယ် . . "

"ဟေ . . ဆေးလိပ်မဟုတ်ရင်တော့ အရက်ပဲဖြစ်ရမယ် . . "

"ဘယ်က ဟုတ်ရမှာလဲကွ . . အရက်မဟုတ်ဘူး . . အချစ်ကွ အချစ် . . "

ယရောင်ဖြင့် သည်ကောင်တွေ မျက်လုံးများတောက်ပြောင်လာသည်ကို ကျွန်တော်သတိပြုမိသွား၏။

"အချစ်ဆိုတာ ဘယ်ကစလဲ မင်းတို့သိလား . . "

ကျွန်တော့် မေးခွန်းက မြင့်သွားသဖြင့် သည်ကောင်တွေ ခဏမျှ ငြိမ်သက်သွားသည်။ ပြီးမှ ကပေါက်တိကပေါက်ချာ ဖြေကြလေသည်။

"ငါ့အထင်တော့ အုန်းခြစ်က စတယ်ထင်တာပဲ . . "

"အာဒမ်နဲ့ ဧဝက စတာပါကွာ . . မင်းကလဲ . . "

"ချစ်ခြင်းအစ မျက်လုံးကတဲ့ ဒါနဲ့ပြောပါဦး thin မင်းကရော ဘယ်ကစတယ်ထင်လို့လဲ . . "

"ငါလည်း မသိလို့ မင်းတို့ကိုမေးကြည့်တာ . . "

"ဟာကွာ . . ငါတို့က မင်းများသိပြီးသားမို့ တို့ကို ပြောမလားလို့"

ဆိတ်ဖလူးပန်းနှံကို ကျွန်တော်ရင်တစ်ဝရှိုက်လိုက်မိသည်။

"ငါ . . စုမြတ်ကို ချစ်နေမိပြီကွ . . "

"ဟေ . . "

သူတို့သုံးယောက်ပေါင်းထွက်ပေါ် လာသည့် အာမေဋိတ်သံသည်





အတော်ကျယ်သွားပါသည်။ အာမေဋိတ်သံကြောင့် ပိုးစုန်းကြူးကလေးများ လန့်သွားနိုင်ပါသည်။

"မဖြစ်နိုင်ဘူး thin . . . "

"ဘာကို မဖြစ်နိုင်တာလဲ . . "

"မင်း . . စုမြတ်ကို ချစ်နေတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

"မြတ်စွာဘုရား . . ။ ကာယကံရှင်ဖြစ်တဲ့ ငါကိုယ်တိုင်က ချစ်နေမိပါပြီလို့ ဝန်ခံနေတဲ့ဥစ္စာ . . ။ မင်းက ဘာမဖြစ်နိုင်နေရတာလဲ . . "

သည်လိုဆိုတော့ ချစ်တီးသည် သူ့စကားကို သူရှင်းပြ၏။

"ဒီလိုကွ . . . ချောတိုင်တက်တုန်းက မင်းဘောင်းဘီကျွတ်သွားတယ် မဟုတ်လား . . အဲဒါကို စုမြတ်လည်း မြင်တယ် . . ။ မင်းကလည်း သူမြင်သွားတာကို သိတယ် . . "

မိုးဇော်ကလည်း ချစ်တီးစကားအဆက်အစပ်မရှိသည့်ကို မချင့်မရဲဖြင့် ဝင်မေးသည်။

"အဲဒီတော့ ဘာဖြစ်လဲ . . . "

"အဲဒီတော့ မင်းတို့နှစ်ယောက်ကြားမှာ အချစ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဖြစ်ခြင်းဖြစ်ရင် အရှက်ပဲဖြစ်ရမယ် . . "

ချစ်တီး စကားက ဟုတ်တာ မဟုတ်တာ အပထား။ အဓိပ္ပာယ်တော့ရှိပါသည်။

"ချစ်တီးပြောတာမှန်တယ်ကွ . . ဒါပေမယ့် မင်းမသိသေးတာက အချစ်ဆိုတာဟာ အရှက်ကလည်း ဖြစ်လာနိုင်တယ်ဆိုတာပဲ . . ။ ငါလေ . . ငါဘောင်းဘီလည်းကျွတ်သွားရော ပတ်ဝန်းကျင်တစ်ခုလုံးမှာ စုမြတ်တစ်ယောက်တည်းကိုသာ အရမ်းရှက်သွားတာ . . ။ ပြီးတော့ ဟီးဟီး . . အရမ်းလည်းချစ်သွားတယ် . . "

"ဒီကောင်တော့ ကြောင်သွားရှာပြီ . . ။ ဒါနဲ့ နေပါဦး . . thin မင်း စုမြတ်ကို အခုအချိန်ထိ ရှက်နေတုန်းပဲလား . . . "

သည်မေးခွန်းကို ကျွန်တော့်ကိုယ်ကျွန်တော် တစ်ခါမျှ မေးမကြည့်ခဲ့ဖူးပါ။ ယခုအချိန်တွင် စုမြတ်အပေါ်၌ ကျွန်တော်ချစ်စိတ်တစ်ခုတည်းသာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်ဟု ထင်ပါသည်။ ရှစ်တန်းတုန်းက ကိစ္စ ရှစ်တန်းမှာသာ ကျန်ခဲ့ပြီပဲ . . .။

"အခုအချိန်မှာ ဘာရှက်စရာလိုလို့လဲကွာ . . ဟဲဟဲ . ."

"အံ့သြစရာပဲ . . ဒီလောက် ဖောင်ပြင်သွားတာတောင်မှ . ."

"မင်းမှာ ရှက်ကြောပြတ်နေတာကိုး . ."

"ဒီကောင့် အရှက်က အောက်ပိုင်းမှာ ရှိပုံမရဘူးကွ . ."

သည်ကောင်တွေ ကျွန်တော့်ကို ဝိုင်း၍ ထင်မြင်ချက်ပေးကြသော်လည်း ကျွန်တော်မမှုပါ။

"ငါ့ကိုသာ မင်းတို့ဝိုင်းဖွဲ့နေကြတယ် . . .။ မင်းတို့မှာရော ကြိုက်နေတဲ့ ကောင်မလေးတွေမရှိဘူးလား . .။ ပန်တျာ . . ဘယ်လိုလဲဖြေလေ"

ပန်တျာသည် ချက်ချင်းပင် စပ်ဖြီးဖြီးဖြစ်လာသည်။

"ဟဲ . . ဟဲ . . မီမီ့ကိုတော့ စိတ်ဝင်စားမိသလိုပဲ"

"ချစ်တီး . . မင်းရော ဘယ်လိုလဲ . ."

"ဟီး ဟီး . . ဖြေရမှာ ရှက်စရာကြီး . . မဖြေပါရစေနဲ့ကွာ . ."

မိုးဇော်က မျက်မှောင်ကြုတ်သွားသည်။

"ဟေ့ကောင် ချစ်တီး thin မေးနေတယ်လေကွာ . .။ ဖြေမှာသာ ဖြေလိုက်စမ်း . . ."

"ဒီလိုဆိုလည်း ဖြေပါ့မယ်ကွာ . .။ ဟီးဟီး ငါကြိုက်နေတာ မိုးဇော့် ညီမ အကြီးမ . ."

"ခွေးကောင် . ."

မိုးဇော်သည် ချစ်တီးကို နည်းနည်းကြမ်းသော နောက်ထပ် ဆဲနည်းတစ်ခုဖြင့် ဆဲလိုက်ပြန်သည်။ ကျွန်တော်နှင့် ပန်တျာကတော့ မိုးဇော်နှင့် ချစ်တီးကိုကြည့်၍ ရယ်လိုက်ကြသည်။

"အလကားပျော်စေ ပြက်စေ နောက်တာပါကွာ။ မိုးဇော်ကလည်း ငါ့မှာအခုထိ စိတ်ဝင်စားရမယ့် မိန်းကလေးမရှိသေးပါဘူး"

"ချစ်တီးမှာ ကြိုက်ရမယ့် မိန်းကလေးမရှိသေးဘူးဆိုတာ ငါ လက်ခံတယ်ကွ . .။ နောက်ပြီး သေချာတာတစ်ခုလည်း ရှိသေးတယ်။





အဲဒါက ချစ်တီးကိုလည်း ဘယ်ကောင်မလေးကမှ ကြိုက်မှာမဟုတ်ဘူး"

ပန်တျာက ချစ်တီးကို အသားလွတ်ဝင်နှိပ်လိုက်၏။ ချစ်တီးက ပြုံးဖြီးဖြီးကြီးလုပ်နေ၏။

"ဒါနဲ့ မိုးဇော် . . မင်းရော ကြိုက်နေတာမရှိဘူးလား"

"တိတိကျကျတော့ ငါ့မှာမရှိသေးဘူးကွ . . သေချာတာလုတာဆိုရင်တော့ ကြိုက်လိုက်တာပဲ"

"ဟာ . . ဒီကောင်ကလည်း အလာကြီးပဲ . .။ တစ်ခုတော့ ပြောထားမယ်နော် မိုးဇော် . . မင့်ဘာသာ တစ်ကျောင်းလုံးက အချောအလှတွေပဲ ကြိုက်ကြိုက်။ တစ်မြို့လုံးက အချောအလှတွေပဲ ကြိုက်ကြိုက် . . . ငါ့ မီမီနဲ့ thinနဲ့ စုမြတ်ကိုတော့ မင်းရှောင်ရမယ် . . ."

မိုးဇော်က ဘာမှပြန်မပြော ရယ်ကျဲကျဲလုပ်နေ၏။ ပန်တျာသည် တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ကျွန်တော့်ပခုံးကို ဖက်ကာ ပြောပြန်သည်။

"thin . . . တို့အုပ်စုထဲမှာ မင်းနဲ့ ငါပဲ ရည်ရွယ်ချက်ရှိနေတာ . . အဲဒီတော့ တို့ရည်ရွယ်ချက်ကိုရောက်ဖို့ မင်းနဲ့ငါမဟာမိတ်ဖွဲ့ရမယ်ကွ . . ဘယ့်နှယ်လဲ . ."

"လုပ်လိုက်လေကွာ . ."

"ဒါနဲ့ မင်းကိုတစ်ခုတော့ သတိပေးရဦးမယ် . .။ မင်း စုမြတ်ကို ဖွင့်ပြောဖို့ သိပ်အချိန်မဆွဲနေနဲ့ကွနော် . .။ စုမြတ်ကို အထက (၂)က ကောင်တစ်ကောင် လိုက်နေတယ် . ."

ပန်တျာ့စကားကြောင့် ကျွန်တော် ရင်နည်းနည်းထိတ်သွားမိပါသည်။ အချစ်တွင် လက်ဦးမှုရရေးသည် အလွန်အရေးကြီးသည်ဟု ထင်ပါသည်။ လပြည့်ညသည် တဖြည်းဖြည်း ပို၍နက်ရှိုင်းလာသည်။ ကျွန်တော်တို့ အသီးအသီး လမ်းခွဲ၍အိမ်သို့သာပြန်လာခဲ့ကြသည်။ စုမြတ်အတွက် စိုးရိမ်နေသဖြင့် ကျွန်တော့်အချစ်ကို အမြန်ဆုံးဖွင့်ဟရန် စိတ်ကူးမိလိုက်သည်။

အိမ်ပြန်ရောက်၍ တာကြည့်စားပွဲထိုင်မိသော်လည်း စာထဲသို့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စား၍မရ။ မျက်စိကို မှိတ်လိုက်သော် မျက်စိထဲ၌ စုမြတ်၏ ဂျင်းဘောင်းဘီကလေးက ပေါ်လာ၏။

ပန်တျာက သူ့လက်ထဲမှ စာကို ကျွန်တော့်ကို ပေးဖတ်၏။ ကျွန်တော် စာကို ဖွင့်ဖတ်လိုက်သည်။

ဒီ/

စကြာဝဠာကြီး မဲ့ပြုံးပြုံးလည်း ကိုယ့်မှာမှုပါဘူး။
ထိမ်ရေတွေကို ဘယ်သူလှမ်းကောက်လိုလားလဲ သိုမသိချင်ဘူး။
မဟာဂင်္ဂါကြီးလည်း ကိုယ့်ဖြတ်ရေလျှောက်ချင်ဘူး ...
ပိုးလုံးသားက တော်ရေကိုတော့ စိတ်မီးဝင်ပြုပါ။

ကို

"ဟင် .. ဒီစာက မင်းက မီမီ့ဆီကို ရေးတဲ့စာပဲ ..။ ငါက ကောင်မလေးကများ ပြန်စာရေးလိုက်တာလားလို့ ..။ ဒါနဲ့ နေပါဦး .. ဒီထဲမှာပါတဲ့ စာသားတွေက မင်း ဘယ်က ကူးရေးထားတာလဲ .."

"ဒီလထုတ် မဂ္ဂဇင်းထဲကကွ .. ဘယ့်နှယ်လဲ .."

"မဆိုးတော့ မဆိုးပါဘူး ..။ ဒါပေမယ့် ဆိုးနေတာကတော့ မင့်လက်ရေးပဲ ..။ ကောင်မလေး စိတ်ညစ်သွားနိုင်တယ် .. ငါတောင် မင့်လက်ရေးအထာသိလို့ ဖတ်နိုင်တာ .."

"အဲဒါကြောင့် မင့်ဆီလာတာပေါ့ကွာ ..။ လုပ်ကွာ .. thin မင့်လက်ရေးလှလှလေးနဲ့ ငါ့အတွက် ပြန်ရေးပေးစမ်း .."

ယနေ့စနေနေ့ဖြစ်ပြီး ဥပုသ်နေ့နှင့် သွားထပ်သဖြင့် ကျွန်တော်တို့ ကျောင်းပိတ်ပါသည်။ အိမ်မှာ ဖေဖေနှင့် မေမေရှိပါ။ ဘုန်းကြီးကျောင်းမှာ ဥပုသ်သွားစောင့်နေကြပြီး ကျွန်တော်တစ်ယောက်တည်းသာ အိမ်စောင့်အဖြစ်ကျန်ခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ လွတ်လွတ်လပ်လပ်စကားပြော၍ ရပါသည်။ ပန်တျာအတွက် ကျွန်တော်ရည်းစားစာရေးပေးဖို့ပြင်မိပါသည်။

"ဒါနဲ့ မင့်ကို ပြောရဦးမယ် ပန်တျာ ... မီမီက Rap တို့ Hip Hop တို့ သိပ်ကြိုက်တာကွ .. မင်းက မြန်မာသံသမားဆိုတော့ မီမီ သိပ်





သဘောကျမှာမဟုတ်ဘူး .. နည်းနည်းတော့ လုပ်ထားဦးကွ .."

ကျွန်တော့် စကားကြောင့် ပန်တျာနည်းနည်းတွေသွားပါသည်။

"အဲဒီ Hip Hop တွေ ငါသိပ်မရဘူးကွ .. နောက်ပြီး ဂီတနဲ့လည်း သိပ်မတူပါဘူးကွာ .. သံချပ်လိုလို .. စကားပြောမျိုးဆိုတော့ .."

"အေး .. မင်းကသာ မကြိုက်ချင်နေရမယ် ..။ မီမီကတော့ ကြိုက်လိုက်တာ .. သေလုမျောပါးပဲ .."

"ဟင် .. ဟုတ်လား .. ဒုက္ခပါပဲကွာ .. ဒါနဲ့ မင်းမှာရော Hip Hop အခွေတွေ မရှိဘူးလား ..။ နည်းနည်း ငါနားထောင်ကြည့်ချင်လို့ .."

"သွား အိမ်ရှေ့ခန်းမှာ အခွေတွေရှိတယ် .. သွားနားထောင်ချေ .."

ပန်တျာ ထွက်သွားပြီး ကျွန်တော် စိတ်အေးလက်အေးနှင့် ပန်တျာ့ကိုယ်စား ရည်းစားစာကို ရေးပေးနေမိသည်။ ခဏအကြာမှာ အိမ်ရှေ့ခန်း၌ Hip Hop ဂီတသံလွှမ်းသွားလေ၏။ စာရေးပြီးသွားသည့်အခါ ကျွန်တော် စာကို သေသေချာချာခေါက်ပြီး ပန်တျာ့ဆီထွက်လာခဲ့သည်။ ပန်တျာက နှစ်ယောက်ထိုင်ဆက်တီတွင် ပက်လက်လှန်အိပ်ပြီး သီချင်းနားထောင်နေ၏။

"ပြီးပြီလား thin ... "

"အေး ... ဘယ့်နှယ်လဲကွ Hip Hop ... "

"တစ်မျိုးပဲကွ .. ငါ့စိတ်ထဲတော့ လွယ်တယ်ထင်တာပဲ .. ငါဆိုကြည့်ရင် ဖြစ်နိုင်မယ်ထင်တယ် .."

"အဓိကကတော့ စကားလုံးတွေပဲကွ .."

"ဒီလိုလုပ်ကွာ thin .. ဒီအခွေတွေက ကာရာအိုကေတွေ မဟုတ်လား .. အဆိုသံ ဖျောက်ပေးကွာ .. ငါဆိုကြည့်မယ် .."

ရည်းစားစာခေါက်ကို ပန်တျာ့ကို လှမ်းပေးပြီး သည်ကောင် သီချင်းဆိုဖို့ ကျွန်တော်ပြင်ဆင်ပေးရ၏။ တီးလုံးသံစထွက်လာသောအခါ သည်ကောင်စဆိုတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မေရယ် မေရယ်တဲ့လား . . ကျော်တော့လေ့သူကြီးပါတဲ့ . . ညား အော့ လေ့ထိုးသား . . လေ့ထိုးသား . . ချစ်ကြပါဦး ခင်ဗျားတို့လည်း ကြိုက်ကြပါဦး ခင်ျားတို့လည်း ချစ်နိုင်သူတွေလည်း ချစ်နိုင်ကြပြီးတော့ ကြိုက်နိုင်သူတွေလည်း ကြိုက်နိုင်ကြပါပြီ . . ကံ . . ကံငယ်ခေလွှန်းသူတွေမှာ အချစ်ဆုံးချစ်သူကို လမ်းခွဲရမှာပဲ . . ဟာ . . အို . . လမ်းခွဲရမှာပဲ"

ဗုဒ္ဓေါ် သည်ကောင့် စာသားတွေက အဆိုတော် မင်းအောင်၏ သူများနဲ့ညားတဲ့ ငါ့ရည်းစားသီချင်းက စာသားတွေပဲ။

"ဟား . . ဟား"

ကျွန်တော် ရယ်ချလိုက်မိ၏။ ပန်တျာကတော့ Hip Hop ပိုးဝင်သွားလေပြီ။

"ဖြစ်သမျှ ဇာတ်ကြောင်းတွေ အင်းလျားကန်စောင်းမှာရမယ် . . ရေလွှာဖွေးဖွေးဆိုတော့ လှိုင်းကလေးများလည်း လှုပ်ရှားကုန်မှာပေါ့ . . တစ်ဦးကိုတစ်ဦးရယ် ချစ်ကြည်နူးလို့မဆုံး . . ချစ်ကြည်နူးလို့မဆုံး . . ခုတော့ ထိုသစ္စာ ထိုသစ္စာရယ် . . တမာများလို ခါးကုန်ပြီလေ . . တမာလိုခါး . . ခဲ့ပြီကောကွယ် . ."

"တော်ပါတော့ ပန်တျာရယ် . .။ ဖြစ်သမျှဇာတ်ကြောင်းနဲ့ အင်းလျားကန်စောင်းသီချင်းရေးတဲ့သူတော့ စိတ်ညစ်သွားလိမ့်မယ် . .။ ဒါနဲ့ နေပါဦး မိမို့ဆီကို မင်းဘယ်လိုစာပေးမလဲ . ."

"အခွေတွေ ပိတ်လိုက်တော့ကွာ . .။ တို့စကားပြောကြရအောင်"

ကျွန်တော်ကာရာအိုကေစက်ကို ပိတ်လိုက်၏။ ပန်တျာက ကျွန်တော့်ရှေ့မှာ လာထိုင်၏။

"ဒီလိုကွ . . အခု ငါ့ရဲ့ရည်းစားစာကို မိမို့ကို ပေးဖို့ကိစ္စမှာ မင့်ငါ့ကိုကူရမယ် thin: . ."

"ဗုဒ္ဓေါ"

ကျွန်တော် ကိုယ့်ရှူးကိုယ်ပတ်နေလေပြီ။

တကယ်ကိုပင် ကိုယ့်ရှူးကိုယ်ပတ်ခြင်းဖြစ်ခဲ့ပါလေ၏။ ထိုနေ့က ပန်တျာ၏အကူအညီတောင်းမှုကြောင့် ကျွန်တော် မိမိကျောင်းအလာကို





လမ်းမှာသွားစောင့်နေခဲ့ရသည်။ မိမိကလည်း အရေးထဲမှ တော်တော်နှင့်မလာ။ လမ်းဘေးက ကုက္ကိုပင်ရိပ်မှာ ကျွန်တော်ရပ်စောင့်နေတာကို အချို့ကျောင်းသူကျောင်းသားတွေက အကဲခတ်သွားကြ၏။ ထိုသို့ ကြောင်တက်တက်ဖြစ်နေမည်စိုးသဖြင့် ပန်တျာ့ကို အဖော်လိုက်ခဲ့ရန် ခေါ်သော်လည်း ဒီကောင်က ကြောက်နေပြီး ခါးခါးသီးသီးပင် ငြင်းလေ၏။

ကျွန်တော်က အိတ်ကပ်ထဲမှ ပန်တျာ့စာကလေးကို ကိုင်ပြီး မိမို့ကို စောင့်နေခိုက်တွင် ခပ်လှမ်းလှမ်းမှ မိမိလမ်းလျှောက်လာနေသည်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားမိသည်။ မိမိကလည်း ကျွန်တော့်ကို တွေ့သွားသည်။

"ဟယ် . . သီဟ . . နင် ဒီမှာ ဘာလာလုပ်နေတာလဲ . ."

"ဒီလိုဟ . . . ငါချစ်တီးကို စောင့်နေတာ . ."

မိမိ၏ မျက်မှောင်သည် အနည်းငယ်ကုပ်သွား၏။

"ချစ်တီးက ဟိုဘက်လိုင်းမှာ နေတာလေ . . ဒီလမ်းက မလာဘူး . ."

ကျွန်တော် အယောင်ယောင် အမှားမှားဖြစ်သွားပါသည်။ ဟုတ်ပေသားပဲ ချစ်တီးကသည်ဘက်မှာ နေတာမှမဟုတ်ဘဲ ကာယကံရှင်မဟုတ်သည့် ကျွန်တော်ပင် သည်မျှစိတ်လှုပ်ရှားနေလျှင် ပန်တျာဆိုလျှင် မည်သို့နေမည်မသိ။

"အတော်ပဲဟာ၊ ကျောင်းချိန်လည်းနီးပါပြီ . .။ နင်နဲ့ပဲလိုက်ခဲ့တော့မယ် . .။ တို့စကားတပြောပြောနဲ့ သွားရအောင် ဒါနဲ့ မိမိ နင်ထမင်းဘူးမယည့်ဘူးလား"

"မထည့်ပါဘူးဟာ . . ရှုပ်တယ် . . အိမ်ကပဲ စားလာတယ် . . နင်ရော . . သီဟ . ."

"ငါလည်း နင့်လိုပဲ . . ဒါနဲ့ စုမြတ်ထား ကျောင်းလာရင် ဘယ်သူနဲ့လာလဲ . ."

မိမို့မျက်နှာတွင် အပြုံးတစ်စထင်သွားသည်။

"ဒါကို သိချင်လို့ နင်ဒီမှာလာစောင့်ပြီး ငါ့ကိုမေးတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား ကျောင်းမှာမေးလည်းရသားနဲ့ . . "

ကျွန်တော် နည်းနည်းရှက်သွားမိသည်။ သို့သော်လည်း ဘာမှ ပြန်မပြောမိပါ။

"သူက မေသဇင်မြင့်တို့နဲ့ အတူလာတာ . . "

စကားစပြတ်သွားကြပြန်သည်။ ကျွန်တော်သည် အိတ်ထဲမှ ပန်တျာ၏ စာကို မီမီ မသိအောင် ထုတ်ယူထားလိုက်သည်။ တဖြည်းဖြည်းနှင့် ကျောင်းအနီးရောက်လာသည်။ သည်အချိန်သည် ပန်တျာ့အတွက် အကောင်းဆုံးအချိန်ပင်ဖြစ်တော့သည်။

"ရော့ . . မီမီ ဒါလေးယူသွားပြီး ဖတ်ကြည့်လိုက် . . "

မီမီက ရှက်ရွံ့စွာဖြင့် မျက်နှာကလေးနီရဲသွားသည်။ မြတ်စွာဘုရား။ မီမီသည် စာကို ကျွန်တော်ပေးသည်ဟုပင် ထင်သွားလေမည်လား။ ထို့ကြောင့် ကျွန်တော် ရှင်းပြဖို့ ကြိုးစားလိုက်မိသည်။

"မဟုတ်ဘူး မီမီ . . ဒါဟာ ငါ့ရဲ့စာ . . "

မီမီသည် စူးရှတောက်ပြောင်နေသော မျက်လုံးဖြင့် မီးဝင်းဝင်းတောက်လုခမန်း ကျွန်တော့်ကို ကြည့်သည်။ ထပ်မံ၍ ကြိုးစားရှင်းပြရန် ကျွန်တော် ပြင်လိုက်စဉ်မှာပင် ဆရာမ ဒေါ်မိမိဝင်းက ကျွန်တော်တို့ အနီးရောက်လာ၏။ မီမီသည် ဝမ်းနည်းစွာနှင့် (သို့မဟုတ်) ဒေါသဖြစ်စွာဖြင့် ငိုရှိုက်၍ ဆရာမကိုတိုင်လိုက်သည်။

ဆရာမသည် ရှက်တရက်ဖြစ်၍ ကျွန်တော့်အပေါ် ဒေါသထွက်သွားပုံရလေသည်။ သို့မဟုတ် ဘဝတူ မိန်းမသားတစ်ဦး၏ ဘဝအတွက် စာနာသွားပုံရလေသည်။ ဆရာမကို ရှင်းပြဖို့ကြိုးစားနေသော ကျွန်တော့် စကားလုံးတွေကို ဆရာမနားမထောင်ပါ။

"သွား သိဟ . . မင်း . . တစ်တန်းတည်းသားချင်း ဒီလိုလုပ်ဖို့ မကောင်းဘူး . . ဒီကိစ္စကို ဆရာမကျောင်းအုပ်ကြီးကို ဆက်တိုင်ရမယ်"

ကျွန်တော် ဘာမှမတတ်နိုင်တော့။ သူများကိစ္စက ကျွန်တော့်ကိစ္စ ဖြစ်သွားသည်ကိုပင် ကျွန်တော်ဝမ်းနည်းသွား၏။ ဆရာမသည် ငိုရှိုက်နေသော မီမီ့ကို ပခုံးဖက်၍ ခေါ်သွားသည်။ ကျွန်တော့်ကို လှည့်၍ပင်မကြည့်။





ကြာခင်မှာပင် သည်ကိစ္စကို တစ်တန်းလုံးသိကြတော့မည်။ သည်တစ်ခါ ဖြစ်ရသော ရှက်စိတ်သည် ချောတိုင်တက်ပွဲမှာဖြစ်ရသော ရှက်စိတ်နှင့် ခံစားမှုခြင်းမတူပါ။ ချောတိုင်တက်ပွဲတုန်းက ဖြစ်ပေါ်ခဲ့ရသော ရှက်စိတ်သည် ခန္ဓာကိုယ်ပြင်ပပိုင်းကြောင့် ဖြစ်ပေါ်လာခဲ့ရသော ရှက်စိတ်ဖြစ်ပြီး ယခုဖြစ်ပေါ်လာရသော ရှက်စိတ်သည်နှလုံးသားအတွက် ရှက်စိတ်သာ ဖြစ်၏။

ကျွန်တော့်ခြေလှမ်းတွေသည် လေးလံလွန်းလှစွာဖြင့် ဖြစ်နေပြီး ကျောင်းဝင်းထဲသို့ မဝင်ချင်တော့။ ကျောင်းမတက်ဘဲ ရှောင်နေလျှင်ရော သည်ပြဿနာကပြီးသွားပါမည်လား။ ကျွန်တော်မရှိလျှင် ပြဿနာသည် အဖြစ်မှန်နှင့် ပို၍ဝေးသွားပါလိမ့်မည်။ ကျွန်တော် အံကြိတ်လိုက်မိသည်။ ထူးဆန်းသည်မှာ ယခင်တစ်ခါကလို မျက်ရည်မကျပါ။

ကျွန်တော်ကလေးမဟုတ်တော့ဘဲ ယောကျ်ားရင့်မာကြီး ဘဝကို ရနေပြီဟု ကိုယ့်ဘာသာမှတ်ချက်ပြုမိလေသည်။ လေးလံသော ခြေလှမ်းကို ခပ်ဖြည်းဖြည်းလှမ်းရင်း ရင်ထဲ၌ မီမီ့ကို ရှက်သည်။ စုမြတ်ကို ရှက်သည်။ ဆရာမကို ရှက်သည်။ တစ်တန်းလုံးကို ရှက်၏။

www.burmeseclassic.com

www.burmeseclassic.com

(၄)

ကျောင်း အုပ်ကြီး ရုံးခန်းထဲမှာ ကျွန်တော်နှင့် မိမိသူက ခုံတစ်ခုံစီမှာ ထိုင်နေကြသည်။ ဆရာမ ဒေါ်မိုမိဝင်း က ဆရာကြီးကို အကျိုးအကြောင်းပြောပြပြီး စာကို ထုတ်ပြသည်။ ကျွန်တော် ခေါင်းငုံ့၍ စဉ်းစားနေမိသည်။ သည်ပြဿနာကိုအားလုံး ဖွင့်ပြော၍လည်းမဖြစ်ပါ။ ဖွင့်ပြောလိုက်လျှင် ပန်တျာက ကြားထဲမှာ ကန့်လန့်ကန့်လန့်ပါလာလိမ့်ဦးမည်။ ပြီးတော့သည်ပြဿနာကို ပန်တျာမသိသေး။ သကောင့်သားက သတ္တိကြောင်ပြီး ယနေ့ကျောင်းမတက်။ ဘေးကျပ်နံကျပ်ဖြစ်နေသော ကျွန်တော့်တွင် မျှော်လင့်ချက်မရှိတော့ပါ။

"စာအရတော့ မင်းအလွှန်ပဲ မောင်သီဟ . ."

ဆရာကြီး၏ အသံက ဟိန်းထွက်လာသဖြင့် ကျွန်တော် လန့်သွား၏။ မိမို့ကိုကြည့်မိသောအခါ မိမိက ခေါင်းငုံ့၍ ငိုရှိုက်နေ၏။

"ဒီစာကို မင်းရေးတာလား မောင်သီဟ . ."





"ကျွန်တော် ရေးတာပါ ဆရာကြီး . .။ ဒါပေမယ့် အောက်မှာ ရေးထားတဲ့ တို့ဆိုတဲ့ နာမ်စားဟာ ကျွန်တော်မဟုတ်ပါဘူး. ."

ဆရာကြီးနှင့် ဒေါ်မိမိဝင်း နားရှုပ်သွားပုံရလေသည်။

"ဒီစာကို မိမိကို ကျွန်တော်ပေးတာလည်း မှန်ပေမယ့် သူများကိုယ်စား ကျွန်တော်ကပေးပေးတာပါ. ."

မိမိသည် ကျွန်တော့်ကို ဖျတ်ခနဲ မော့ကြည့်၏။ ဆရာမသည် ကျွန်တော့်ကို တွေ၍ကြည့်သည်။

"အဲဒီလူ ကိုယ်စားမောင်သီဟက ပေးပေးတာဆိုရင် . . အဲဒီသူ ဘယ်သူလဲ . ."

"ကျွန်တော် မပြောနိုင်ပါဘူး ဆရာကြီး . .။ ဘာဖြစ်လို့လဲဆိုတော့ ဒီအချိန်မှာ ဖွင့်ပြောလို့လဲ ဘာမှထူးလာမှာ မဟုတ်တဲ့ အပြင် ပြဿနာတွေလည်း ပိုရှုပ်ကုန်မှာစိုးလို့ပါ . .။ ဖွင့်ပြောလိုက်ရင် . . ပြဿနာက သုံးယောက်ဖြစ်လာပါလိမ့်မယ်. ."

"ကောင်းပြီလေ . . ထားတော့ . .။ ဒီကိစ္စအတွက် မင့်မှာ အပြစ်ရှိသလား မရှိဘူးလား မောင်သီဟ . . ."

ကျွန်တော်ပြန်မဖြေမိပါ . .။ ဆရာမက မနေနိုင်၍ ဝင်ပြောပါသည်။

"ဆရာကြီးမေးနေတယ်လေ သီဟ . . ဖြေလိုက် . ."

ကျွန်တော် မဖြေဖြစ်ပါ . . ရင်ထဲတွင် တင်းကျပ်နေ၏။

"မင်းတို့အသက်အရွယ်ဟာ ကျောင်းစာကိုမှအပ ဘာကိုမှ စိတ်မဝင်စားသင့်တဲ့အရွယ်ပဲ . . ဘယ်သူ့အတွက် ကိုယ်စားပေးပေး ဒီလိုကိစ္စမျိုးမှာ မင်းပါဝင်ပတ်သက်နေတဲ့အတွက် . . မင့်မှာ အပြစ်ရှိတယ် မင်းဝန်ခံသလား . ."

"ဟုတ်ကဲ့ပါ ဆရာကြီး . . ကျွန်တော် ဝန်ခံပါတယ် . ."

"ဒီလို အပြစ်မျိုးအတွက် ကျောင်းထုတ်ပစ်တဲ့အထိ ဆရာကြီးမင်းကို အရေးမယူချင်ဘူး . .။ ဒါပေမယ့် နောက်ကို ဒီလိုမျိုးလုပ်လာမှာစိုးတဲ့အတွက် မင့်ကို စံပြအနေနဲ့ ဆရာကြီးရိုက်ပြီး ဆုံးမရမယ် . ."



www.burmeseclassic.com

www.burmeseclassic.com



မိမို့ထံမှ ရှိုက်သံကြားရလေသည်။ မည်မျှထူးဆန်းပါသနည်း။ မိမိသည် ကျွန်တော့်ချစ်သူမဟုတ်ပါဘဲလျက် မိမို့ကို ကျွန်တော် မကြိုက်ပါဘဲလျက် မိမိနှင့် ကျွန်တော့်သတင်းသည် တစ်ကျောင်းလုံးသို့ ပြန့်နှံ့သွားပေတော့မည်။ ကျွန်တော် ချစ်ရသည့် စုမြတ်နှင့်သာ ယခုလို ဖြစ်ရလျှင် မည်သို့နေမည်နည်း။

ဆရာကြီး ခိုင်းလိုက်သောကြောင့် ကျောင်းစာရေးကိုမြင့်က ကြိမ်လုံးတစ်လုံးယူလာပေး၏။

"ကဲ . . မောင်သီဟ . . . လာ . . ဒီနားမှာလာရပ် . ."

ဆရာကြီး ညွှန်ပြသည့် နေရာမှာ ကျွန်တော်ရပ်လိုက်မိပြီး လက်ကိုပါ ပိုက်ထားလိုက်မိသည်။

"နောက်ကို ကိုယ်တိုင်ပဲဖြစ်ဖြစ် . . အငှားပဲဖြစ်ဖြစ်၊ ဒီလိုဟာတွေ မလုပ်ရဘူး . . ကြားလား . ."

ကျွန်တော့် ခြေသလုံးပေါ်သို့ ကြိမ်လုံးရိုက်ချက်တွေကျလာ၏။ ဆရာကြီး ကျွန်တော့်ကို ဘယ်နှချက်ရိုက်ခဲ့သလဲ ကျွန်တော် မမှတ်မိပါ။ ပြီးတော့ ရေလည်းမထားမိပါ။ ဆရာမသည် မိမို့ကို လက်ဆွဲ၍ ခေါ်သွားလေသည်။ ဆရာကြီးက ကျွန်တော့်ကို ခဏထိုင်ခိုင်းပြီးမှ အတန်းသို့ ပြန်ခွင့်ပြုလိုက်သည်။ မလိုအပ်သော သတင်းတွေ ပြန့်ကုန်မည်စိုးသဖြင့် တားဆီးကာကွယ်လိုက်ခြင်းဟု ကျွန်တော် နားလည်ပါသည်။

"မောင်သီဟ . . ဆရာကြီးပြောတာတွေ မှတ်မိတယ် မဟုတ်လား . . . ။ ကဲ . . . ပြန်နိုင်ပြီ . . ။ ဒီဘက်က မပြန်နဲ့ အိမ်သာဘက်က ကွေ့သွား . ."

"ဟုတ်ကဲ့ပါ ဆရာကြီး . ."

ပြဿနာသည် ကျွန်တော် ထင်သလောက်တော့ မကြီးပါ။ ကျွန်တော့်စိတ်ထင်ပြောရလျှင် သည်ကိစ္စကို ယခုအချိန်ထိ သိသူမှာ ကာယကံရှင်ဖြစ်သူ မိမိနှင့် ဆရာမ ဒေါ်မိမိဝင်း၊ ဆရာကြီး။ ပြီးတော့ ကျောင်းစာရေးကိုမြင့်တို့ပဲဖြစ်သည်။ ထို့ကြောင့် ရှက်စွံ့စွာဖြင့် စိုးရိမ်နေသော ကျွန်တော် နည်းနည်းသက်သာရာရသွား၏။





ကျွန်တော်အတန်းထဲ ပြန်ရောက်သွားသည့်အခါ ချစ်တီးတို့က ဝိုင်းမေးသည်။

"ဟေ့ကောင် ဘယ်သွားနေတာလဲ . . ကြာလိုက်တာ . ."

"ဗိုက်နာလို့ အိမ်သာသွားတက်နေတာကွ . . ။ မနက်က သရက်သီးမှည့်တွေ စားခဲ့လို့ထင်တယ် . ."

"ဟင် . . ဒါဆို မင်း ပန်းကိုကိုဖြစ်နေပြီပေါ့။ ငါတို့နားလာမထိုင်နဲ့ကွာ . ."

သည်ကောင်တွေ ဘာမှသိပုံမရ။ ကျွန်တော်နှင့် မိမို့ပြဿနာကို ဘယ်သူမှ သိပုံမရ။ လောလောဆယ်တော့ သူငယ်ချင်းတွေကို ကျွန်တော် ဖွင့်မပြောချင်သေး။ မိမို့ကို လှမ်းကြည့်မိသောအခါ မိမိက ပုံမှန်အတိုင်းပင်ဖြစ်၏။ သို့သော်ခါတိုင်းနေ့တွေလိုတော့ မဟုတ်ဟု ကျွန်တော်ထင်ပါသည်။ စုမြတ်ကတော့ ပုံမှန်အတိုင်းပင်ဖြစ်၏။

ထုံးစံအတိုင်းပင်တစ်ချက်တစ်ချက်၌ ကျွန်တော်ရှိရာသို့ လှမ်းလှမ်းကြည့်၏။ ညနေကျတော့ ကျွန်တော့်အိမ်သို့ ပန်တျာရောက်လာ၏။ သူသည် မျက်နှာရိပ်မျက်နှာကဲဖြင့် ကျွန်တော့်ကို ဘယ်လိုလဲဟုမေး၏။ ကျွန်တော်ခေါင်းခါပြလိုက်သောအခါ သည်ကောင်မျက်နှာငယ်ကလေးနှင့် ဖြစ်သွား၏။

ဖေဖေ မေမေတို့ရှေ့မှာ သည်အကြောင်းတွေ မပြောချင်သဖြင့် အကျီတစ်ထည်ကောက်စွပ်ပြီး မေမေတို့ကို ခွင့်ပန်ကာ အပြင်သို့ ထွက်လာခဲ့ကြသည်။

"ဟေ့ကောင် thin ပြောပါကွ . . ။ မင်း မျက်နှာကလည်း ဘယ်လိုဖြစ်နေတာလဲ . ."

"မင်း သိပ်သိချင်နေလည်း ခဏအောင့်ထားပေတော့ ပန်တျာ။ မိုးဇော်တို့ အိမ်ရောက်မှ အားလုံးပြောပြမယ်။ အခု အရင်ဆုံး ချစ်တီးကို သွားခေါ်ရအောင် . ."

"ခွေးကောင် . . ဈေးကိုင်လိုက်တာမှ လွန်ရော . ."

ချစ်တီး အိမ်ရောက်တော့ ချစ်တီးက မီးဖိုထဲမှာ ဘဲဥကြော်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးအဖေက ကျွန်တော်တို့ကို မီးဖိုထဲဝင်သွားကြဖို့ ပြောသဖြင့် ကျွန်တော်တို့ မီးဖိုထဲဝင်ခဲ့ကြသည်။

"ဟာ .. မင်းတို့ဘယ်ကလာကြသလဲ .. ခဏကွာ ငါဘဲဥကြော်နေလို့ ... အမေမရှိဘူး .. ငါ့အဒေါ်တစ်ယောက် နေမကောင်းလို့ ဆေးရုံလူနာသွားကြည့်တာ ပြန်မရောက်သေးဘူး"

ကျွန်တော်က ချစ်တီး ဘဲဥကြော်နေသည်ကို စိတ်ဝင်စားစွာဖြင့် ကြည့်လိုက်မိသည်။ ချစ်တီးထံမှ ထူးခြားမှုတစ်ခုကိုတွေ့ရလေသည်။

"ဟေ့ကောင် ချစ်တီး .. မင်းဘဲဥတွေကို မကြော်ခင်မှာ ဘာဖြစ်လို့ မီးရောင်နဲ့ ထောင်ကြည့်တာလဲ .."

"ဟဲ ဟဲ .. အဲဒါ ဘဲဥကောင်းမကောင်း လက်မလတ်ရွေးတဲ့ တက်ကနစ်ကွ .. ငါတောင် အမေသင်ထားလို့ တတ်နေတာ .."

ထိုအခိုက်မှာပင် ချစ်တီး၏ အဖေက မီးဖိုထဲလိုက်ဝင်လာ၏။

"မင်းတို့သူငယ်ချင်းက အချက်အပြုတ်မဆိုးဘူးကွ ..။ တစ်ခါတလေ သူ့အမေမရှိရင် သူပဲချက်တာ .."

ချစ်တီး၏ အဖေပြောစကားအရ သည်အချက်သည် ကျွန်တော်တို့ အားလုံးထက်သာပါသည်။ ဘဲဥငါးလုံးကြော်ပြီးသောအခါ သည်ကောင်က စားပွဲခုံပေါ်က ဆန်ခါအောက်ထဲသို့ ဘဲဥကြော်ပန်းကန်ကို ထည့်လိုက်သည်။

"အဖေ... ကျွန်တော် ကြော်ပြီးသွားပြီ .. သူငယ်ချင်းတွေနဲ့ ကျွန်တော် ခဏလိုက်သွားလိုက်ဦးမယ် .."

"အေး .. အေး မိုးတော့ မချုပ်စေနဲ့ .. မင်းညီတွေ စာပြဖို့ စောစောပဲပြန်လာခဲ့ ..."

ကျွန်တော်တို့ တစ်အုပ် မိုးဇော်တို့အိမ်ရောက်တော့ မိုးဇော်က အိမ်ရှေ့က ခုံတန်းလျားမှာ ထိုင်နေတာကို အဆင်သင့်ပင်တွေ့လိုက်ရသည်။ လူစုံတက်စုံပင်ဖြစ်သည်မို့ မနက်က ကျောင်းမှာဖြစ်ခဲ့ရသည့်ကိစ္စကို သည်ကောင်တွေကို ပြန်ပြောပြလိုက်သည်။ ကျွန်တော့်စကားကို သည်ကောင်တွေ ငြိမ်ငြိမ်သက်သက်နားထောင်ကြသည်။





"အေး .. အဲဒါပဲကွ ပန်တျာ .."

"ဒုက္ခပါပဲကွာ .. မီမီကလည်း ဘာကြောင့်တာလဲ မသိဘူး။ သူငယ်ချင်းတွေပဲ ဒီလို မလုပ်သင့်ပါဘူး"

"အဲဒီသူငယ်ချင်းဆိုတာကြောင့်ပဲ သူလုပ်လိုက်တာကွ.."

ပန်တျာသည် ခဏငြိမ်သွားပြန်သည်။

"ဘာပဲပြောပြော thin ကိုတော့ ငါတောင်းပန်တယ်ကွာ ..။ ဒီလိုဖြစ်လာမယ်မှန်းသိရင် ငါ မင်းကို အကူအညီ မတောင်းပါဘူး .."

ချစ်တီးက စဉ်းစဉ်းစားစား ဝင်ပြော၏။

"ငါတစ်ခုစဉ်းစားမိတယ်ကွ thin ... မီမီက မင်း စုမြတ်ကို ကြိုက်နေတာ ရိပ်မိနေတယ် .. တစ်နေ့နေ့မှာ မင်း ဖွင့်ပြောတော့မယ် ဆိုတာကိုလည်း သိနေတယ်။ အဲဒီအချိန်မှာ မင်းက ဘာမှမဆိုင်ဘဲ သူ့ကို စာသွားပေးတော့ အရှမ်းရှက်သွားပုံရတယ်.."

"That's Right ပဲ ..."

မိုးဇော်က လက်ဖျောက်တီး၍ ထောက်ခံလိုက်သည်။

"အင်း .. နောက်တစ်ချက်လည်း ရှိသေးတယ်၊ မီမီကလည်း သူ့ကို ပန်တျာကြိုက်နေတာကို ရိပ်မိချင် ရိပ်မိနေနိုင်တယ် ..၊ အဲဒီအခါမှာ ပန်တျာ့သူငယ်ချင်းဖြစ်တဲ့ thin က မဆီမဆိုင် ကြားက ဝင်စာပေးတော့ နည်းနည်းတင်းသွားတာလည်း ဖြစ်နိုင်တယ်"

"That's Right"

သည်တစ်ခါတော့ ပန်တျာက ဝင်ထောက်ခံသည်။

"ဒါပေမယ့်"

ပြုံးနေသော ပန်တျာ့မျက်နှာပြန်တည်သွားသည်။

"ငါပြောသလို ဖြစ်ချင်မှလည်း ဖြစ်မှာကွ"

"ခွေးကောင်ချစ်တီး ... မင့်စကားက မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ပါလားကွ .."

ကျွန်တော်တို့ ရယ်လိုက်မိကြသည်။

"ကဲ .. ဒီတော့ မင်းဘာဆက်လုပ်မလဲ thin"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စဉ်းစားထားသည်ကို ထုတ်ပြောပြလိုက်၏။

"ငါ မီမီ့ကို ရှင်းပြရမယ် . .။ အခုနေ ပူပူနွေးနွေးမို့ သူ ငါ့ကို ရှက်ချင်ရှက်နေမှာ . .။ တစ်ရက် နှစ်ရက်လောက်ဆိုရင် ငါရှင်းပြလိုက်မယ်။ အဲဒီတော့ ငါရှင်းပြတဲ့အခါ သက်သေအနေနဲ့ ပန်တျာက ငါနဲ့ လိုက်ခဲ့ရမယ်. ."

"ဗုဒ္ဓေါ . . မင့်ဘာသာပဲ မင်းရှင်းပြပေးပါလား thin ရယ် . . ငါ မီမီ့ကို ကြောက်လွန်းလို့ပါ . ."

"မရဘူး ဟေ့ကောင် . . မင့်ကြောင့် ဖြစ်ရတဲ့ ပြဿနာ မင်း လိုက်ကိုလိုက်ခဲ့ရမယ် . ."

အားလုံးကလည်း ဝိုင်း၍ တိုက်တွန်းသောကြောင့် သည်ကောင် မငြင်းသာတော့ပါ။ ကျွန်တော်လည်း နည်းနည်းတော့ စိတ်တင်းကျပ်မှုတွေ လျော့သွားသည်။ မကြာမီ စစ်တော့မည့်အတန်းတင်စာမေးပွဲအတွက် ကျွန်တော်တို့ဆွေးနွေးမိပြန်သည်။ ကျွန်တော်တို့ ကိုးတန်းအေမှ ကျောင်းသားကျောင်းသူများသည် စာတော်ကြသူ များပါသည်။ စာမေးပွဲအတွက် စိတ် ပူစရာမလိုသော်လည်း ကျောင်းသားများပီပီ စိတ်ပူကြသေးသည်။

မကြာမီ ဆယ်တန်းရောက်တော့မည်။ ဆယ်တန်းအောင်လျှင် တက္ကသိုလ်ရောက်တော့မည်။ ကျွန်တော့်အတွေးထဲသို့ စုမြတ်က ရောက် လာပြန်သည်။ စုမြတ်သည် မနှစ်ကနှင့်မတူ၊ သိသိသာသာပင် ထွားလာ သည်။ အရပ်လည်း သိသိသာသာရှည်လာသည်။ သည်နှစ်တွင် ကျွန်တော် လည်း သိသိသာသာထွားကြိုင်းလာသည်ဟုဆိုကြပါသည်။ ကျွန်တော့် ခန္ဓာ ကိုယ်သည် မနှစ်ကလို ပိန်ပိန်လေးမဟုတ်တော့။

Thin ဟု နာမည်ပြောင်သည် ယခုအချိန်၌ ကျွန်တော်နှင့် မလိုက် ဖက်သောအမည်ဖြစ်နေသော်လည်း ထိုအမည်ပြောင်ကိုပင် ကျွန်တော်နှစ် သက်နေခဲ့လေသည်။ ထို့အတူ ချစ်တီးသည်လည်း ဝမ်းမချုပ်တော့ဟု ပြော ပါသည်။

"ငါ ဝမ်းမချုပ်တော့ဘူး ဟေ့ကောင်တွေ . ."

"ဟာ . . ဘယ်လိုဖြစ်သွားတာလဲ . . ဒါဆို ချစ်တီးဆိုတဲ့





နာမည် ပြန်ပြင်ရတော့မှာပေါ့ . ."

"ဟဲ ဟဲ ပြင်စရာတော့ မလိုပါဘူးကွာ . . ချစ်တီးဆိုတာ ကပ်စေး နှဲတဲ့ နေရာမှာလည်း စံပဲ မဟုတ်လား . . ငါကလည်း ကပ်စေးနှဲတော့ ဒီနာမည်နဲ့လိုက်နေတုန်းပဲ . . ."

"ဒါနဲ့ ပြောစမ်းပါဦး . . ဘယ်လိုက ဘယ်လိုဝမ်းမချုပ်တော့ တာလဲ . ."

"ဒီလိုကွ ပြောရမှာလည်း ရှက်စရာကောင်းတယ်။ ပြီးတော့ ရယ် ဖို့လည်းကောင်းတယ်။ တစ်နေ့ပေါ့ကွာ . . ငါတို့အိမ်ဘေးက ခြံစည်းရိုး ပြန်ကာဖို့ လုပ်ရင်း ချော်လဲတာကွ . ."

"ဟာ လုပ်ပါဦး အသေးစိတ်လေး . ."

"နောက် ပြန်လဲတာကွ . . ထောင်နေတဲ့ တူပေါ် လဲကျတာ. . အဲ ဒီနောက်ပိုင်းမှာ ငါဝမ်းမချုပ်တော့ဘူး . ."

ကျွန်တော်တို့ နားမလည်ကြပါ။ မည်သည့် ဓာတ်သဘောနှင့် ပတ်သက်၍ သည်ကောင်ဝမ်းမချုပ်တော့ခြင်းကိုမသိကြပါ။ သို့သော် သူငယ်ချင်း တစ်ဦး၏ အခက်အခဲတစ်ခုပြေလည်သွားသဖြင့် ကျွန်တော်တို့ ဝမ်းသာပါသည်။

ပန်တျာတစ်ယောက်လည်း ပြောင်းလဲနေလေပြီ၊ သူကလည်း သူ့ ပြောင်းလဲမှုကို ဖွင့်ပြောပြသည်။

"တန်ဆောင်မုန်းလပြည့်နေ့တုန်းက ငါ့အဖေဆိုင်းဝိုင်းကို လာငှား လို့ ငါလိုက်သွားသေးတယ်၊ ပထမတော့ ငါမြန်မာသံတွေ နည်းနည်းဝင်ဟဲ သေးတယ်။ နောက်တော့ မထူးဘူးဆိုပြီး Hip Hop တွေချထည့်လိုက်တာ ပွဲပြီးတော့ ငါ့အဖေက ငါ့ကိုဖနောင့်နဲ့ ထကန်တယ် . . ဟီး ဟီး . ."

ကျွန်တော်တို့ သဘောကျစွာဖြင့် ဝိုင်းသြဘာပေးလိုက်ကြသည်။ ကျွန်တော်တို့၏ လူငယ်ဘဝသည် ပျော်ရွှင်ကြည်နူးခြင်းများဖြင့်သာ ပြီးနေ သည်ဟုထင်ပါသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

“သိဟ”

ကျွန်တော်နှင့် ချစ်တီးအခန်းအပြင်က စင်္ကြံမှာ ဆရာမ မလာခင် ရယ်စကားပြောနေစဉ် မိန်းကလေးတစ်ဦး၏ ကျွန်တော့်နာမည်ကို ခေါ်လိုက်သံကြောင့် ကျွန်တော် ချာခနဲ လှည့်ကြည့်မိသည်။

စုမြတ်ထားသည် ကျွန်ပော့်နောက်မှာ ရပ်နေ၏။

“ဟင် .. ဘာဖြစ်လို့လဲ စုမြတ် .. ငါဘာကူညီရမလဲ ..”

“ကူညီဖို့ မဟုတ်ပါဘူး ..။ တနင်္ဂနွေနေ့ကျရင် ငါတို့အိမ်မှာ ဘုရားကိုးဆူကပ်မလို့ မနက် ခုနစ်နာရီက ဆယ်နာရီထိ၊ အဲဒါ နင်တို့ကို လာ ဖိတ်တာ ..”

“ငါတို့ အုပ်စုအကုန်လုံးလား ..”

“ဟာ အကုန်လုံးတော့ ဘယ်ဟုတ်မလဲ ..။ နင်ရယ် .. ချစ်တီးရယ် .. ပန်တျာရယ် .. မိုးဇော်ရယ်ပဲ ..။ ဘာဖြစ်လို့လဲဆိုတော့ လူတွေ





အများကြီး မဖိတ်ချင်လို့ဟာ .. ကိုယ့်ရင်းနှီးတဲ့ သူတွေလောက်ပဲ ရွေးဖိတ်တာ ..”

ရင်းနှီးသူတွေကိုပဲ ရွေးဖိတ်တာဆိုသော စကားကြောင့် ကျွန်တော် ကျေနပ်သွားပါသည်။ ကျွန်တော်သည် သူမ၏ ရင်းနှီးသူအဖြစ် သူမသတ်မှတ်ထားခြင်းသည် ကျွန်တော့်အတွက် အခွင့်အရေးရှိစေပါသည်။ သို့သော် ထိုသို့ ရင်းနှီးမှုသည် တစ်ခါတစ်ရံတွင် အန္တရာယ်လည်းဖြစ်တတ်ပါသည်။

“အေး .. ကောင်းပြီလေ .. တို့ တနင်္ဂနွေနေ့ကျ စုပြီးလာခဲ့မယ် .. ဒါနဲ့ ဘာကျွေးမှာလဲ ..”

“အုန်းနို့ခေါက်ဆွဲ ..”

စုမြတ်ထားသည် အတန်းထဲပြန်ဝင်သွား၏။ ပြုံးနေသည့် ကျွန်တော့် မျက်နှာကို ချစ်တီးက တွေ့သွားပြီး ..

“ခွေးကောင် .. ဒါမျိုးပေါ့ကွ .. မှီရတဲ့ မျက်နှာမျိုး”

အတန်းထဲရောက်တော့ ပန်တျာနှင့် မိုးဇော်ကိုပါ စုမြတ်က ဘုရားကိုးဆူဖိတ်သည့်အကြောင်း ပြောပြလိုက်ရာ ပန်တျာက တစ်ချက်တွေသွား၏။

“အဲဒီတော့ ဒီညနေကျောင်းဆင်းရင် ငါ မီမီ့ကို ရှင်းပြမှဖြစ်တော့မယ် ..။ မင်းငါ့နောက်လိုက်ခဲ့ ပန်တျာ ..”

“ဟီး .. ဟီး .. ဒီနေ့ကြိုဟ်စီးကြိုဟ်နင်းကောင်းရဲ့လား မသိဘူး။ ဟေ့ ကောင်ချစ်တီး .. ဒီနေ့ဘာနေ့လဲ ..”

“ငါ့မွေးနေ့ .. ဟာ ..”

ချစ်တီးက သူ့မွေးနေ့ကို ကျွေးရမည်စိုးသဖြင့် အမြဲတမ်းလျှို့ဝှက်ထားခဲ့ပါသည်။ ယခုသူယောင်၍ ပြောလိုက်မိခြင်းအတွက် ကျွန်တော်တို့ အားလုံးသဘောကျသွားပါသည်။

“အဲဒီတော့ မင်း တို့ကိုတစ်ခုခုကျွေးရမယ်”

ဒါတောင်မှ သည်ကောင်က ကပ်စေးနှဲနေသေး၏။

“အဖတ်တော့ မရဘူးနော် .. ဟော့ကောင်တွေ အရည်ပဲရမယ် ..”



www.burmeseclassic.com

www.burmeseclassic.com



ညနေကျတော့ ကျွန်တော်က မုန့်စားဆင်းချိန်မှာ မီမီ့ကို သွားပြောထားသည့်အတိုင်းပင် ပန်တျာ့အားခေါ်၍ မီမီ့ကို စောင့်နေခဲ့ပါသည်။ မီမီသည် ကျွန်တော်တို့ စောင့်နေရာသို့ နည်းနည်းနောက်ကျပြီးမှ ရောက်လာ၏။

ပန်တျာသည် ကျွန်တော့်အနီးမှာ မရပ်ဘဲ ခပ်လှမ်းလှမ်းမှာ သွားရပ်၏။ ကျောင်းအနီး၌ လူရှင်းနေလေပြီ။

"ကဲ . . မီမီ . . ဟိုနေ့က ဖြစ်ခဲ့ရတဲ့ ကိစ္စအတွက် ငါရှင်းပြမလို့။ အဲဒီနေ့က နင့်ကို ပေးခဲ့တဲ့ စာဟာ ဒီကောင့်စာ . . ဒီကောင့်အတွက် ငါ ပေး ပေးတာ . ."

မီမီသည် ပန်တျာကို တစ်ချက်လှမ်းကြည့်သည်။ သူမ၏ မျက်နှာတွင် အားနာဟန်တွေ့ရ၏။

"အဲဒီကိစ္စအတွက် ရှင်းဖို့ ဒီကောင့်ကိုခေါ်လာတာ . .။ နင်တို့ဘာသာရှင်းတော့ . ."

ကျွန်တော် ခပ်လှမ်းလှမ်းမှာသွားရပ်ပြီး သူတို့ နှစ်ဦးကို ကျောပေးနေလိုက်၏။ သူတို့ကို မမြင်ရသော်လည်း အသံတွေကို ကြားနေရ၏။

"ငါတောင်းပန်ပါတယ် မီမီ . . thin ဟာ ငါ့အတွက် အချောင်ခံလိုက်ရတာပါ . ."

"နင် ဘာဖြစ်လို့သူများကို ပေးခိုင်းရတာလဲ . . ငါကလည်း ကျောင်းရှေ့ကြီးမှာ အပေးခံလိုက်ရတော့ ရှက်တာပေါ့ဟဲ့ . . နောက်ပြီး ဆရာမကလည်း ကပ်ပါလာတာ . ."

"ငါကိုယ်တိုင် မပေးရဲလို့ဟ . .။ နင့်ကိုလေ ငါထုပ်ဆီးတိုးတဲ့နေ့ကတည်းက ချစ်နေမိတာပါဟာ . . အဲဒီနေ့က နင်ဘောင်းဘီတိုကလေးနဲ့ ဖွေး . . အဲ . . သိပ်လှတာပဲ . ."

ပန်တျာကတော့ လုပ်ချလိုက်ပြန်သည်။

"တကယ်တော့ တို့တွေဟာ အထက်တန်းကျောင်းသူ ကျောင်းသားတွေပဲရှိသေးတယ်။ ဟိုစိတ်သည်စိတ်တွေ မထားရဘူး . ."

"နင် . . နင်ပြောတဲ့ ဟိုစိတ်သည်စိတ်ဆိုတာ ဘာကိုပြောတာလဲ





ဟင် . ."

"နင်ကလည်း ဒီလောက်တောင် မသိဘူး . .။ ဟိုစိတ်သည်စိတ်ဆိုတာ . . အင်း . . ဟိုစိတ်ဒီစိတ်ပဲပေါ့ဟာ . ."

"နင်ပြောလိုက်မှပဲ လုံးဝရှင်းသွားတော့တယ် မီမီ . .။ ဒါပေမယ့် နင်ပြောတဲ့ ဟိုစိတ်သည်စိတ်တွေတော့ ငါ့မှာမရှိသေးပါဘူး။ ငါ့မှာ ရှိနေတာကတော့ နင့်ကိုချစ်တဲ့စိတ်ပဲ . ."

"အလိုတော် ပြောလေကဲလေ . . မန်းလေပြလေပါလား"

"ဟော . . နင့်စကားမှာ ငါနားမလည်တာတွေ ပါလာပြန်ပြီ . . ပြောလေကဲလေဆိုတော့ ရှင်းပါတယ် . . မန်းလေပြလေဆိုတာ ဘာကို ပြောတာလဲ . ."

"နင် တော်တော်မိုက်ရိုင်းပါလား ပန်တျာ . ."

"ဟာ . . ငါဘာလုပ်လို့လဲ . ."

သည်ကောင်ပြဿနာတက်တော့မည်၊ မီမီကလည်း သူ့စကားကို သူသိပုံမရ။ ထို့ကြောင့် သူတို့ကို ကျောပေးထားလျက်ဖင် ကျွန်တော် လှမ်းအော်ပြောလိုက်ရသည်။

"အဲဒီစကားက ဒီလိုကွ . . ရှေးရှေးက ဆေးဆရာတွေဟာ ဆေးကုရုံတွင်မကဘူး . . မန်းမှုတ်ပေးလေ့ရှိကြတယ်။ မန်းတယ်ဆိုတာ ဂါထာရွတ်ပြီး ပျောက်အောင်လုပ်တာကိုပြောတာ . .၊ အဲဒီတော့ကွာ အနာဖြစ်လို့ ဆေးဆရာသွားမန်းခိုင်းပါတယ်။ သူတစ်ခါမန်းတိုင်း အနာက သေးသွားရမယ့်အစား ပိုပြီးပြပြလာတာကို ပြောတာ။ အဲဒါက သူ့အနက်ရင်းပေါ့ . . အနက်ပွားကတော့ ပြောလိုက်မှ ပိုဆိုးလာတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ . ."

မီမီ့ထံမှ တခစ်ခစ်ရယ်သံကြားရသည်။

"သိပ်ဟုက တော်တယ်ဟ . . ဒီကောင်မြန်မာစာဝင်ပြဖို့ကောင်းတယ် . . နင်နဲ့တော့ တခြားစီပဲ . . ကဲ . . တို့တွေအိမ်ပြန်နောက်ကျလိမ့်မယ် ပြန်ကြရအောင် . ."

"ဟာ . . ခဏနေပါဦး မီမီရယ် . ငါ့အတွက် အဖြေလေး ပေးသွားပါဦး . ."



www.burmeseclassic.com

www.burmeseclassic.com



“ပြောရင်းဆိုရင်း လုပ်ပြန်ပြီ . . ”

ပန်တျာ့ဆီမှ ရယ်သံကြားရသည်။

“လုပ်ပါဟာ . . ”

“ဆယ်တန်းပြီးမှ စဉ်းစားမယ်ဟာ . . ”

“ဒီလိုဆို ဆယ်တန်းစာမေးပွဲပြီးတဲ့နေ့မှာ နင်ငါ့ကိုအဖြေပေး . . ”

မီမီခေါင်းညိတ်လိုက်သည် ထင်ပါသည်။ ပြန်ဖြေသံ မကြားရပါ။ အင်း သည်ကောင်တော့ အသင့်အတင့်ပြေလည်သွားပြီ။ ကျွန်တော့်အတွက်ပဲကျန်တော့သည်။

“မီမီ . . နင်တို့အတွက်တော့ ပြီးသွားပြီ . . ငါ့အတွက်လည်း လုပ်ပေးဦး . . ”

ကျွန်တော် သူတို့နှစ်ဦးဘက်သို့ လှည့်လိုက်ရာ ပန်တျာက မီမီ့လက်တစ်ဖက်ကို ကိုင်ထားသည်ကိုတွေ့လိုက်ရပြီး မီမီက ကျွန်တော်တွေ့သွားသဖြင့် ရှက်သွားကာ ပန်တျာ့လက်ကို ပုတ်ချလိုက်၏။ အလို့ . . တယ်ဟုတ်နေကြပါလား . . ။ ကျွန်တော့်ကို ဆရာကြီးဆော်ထားသောနေရာတွေမှ ပြန်နာလာသလို ခံစားရ၏။

“ဟုတ်ပါတယ် မီမီရယ် . . ဒီကောင့်ခမျာ တို့အတွက်နဲ့ ကြားထဲက ဆရာကြီးအဆော်ခံထားရတာ သနားပါတယ် . . ”

မီမီသည် ကျွန်တော့်ကို ပြုံးတုံ့တုံ့နှင့် ကြည့်သည်။

“နင်တကယ်ပဲ သူ့ကို စိတ်ဝင်စားနေလို့လား . . ”

ကျွန်တော် ရင်တွေခုန်လာသည်။

“အေး . . ”

“ဟီ ဟီ . . ရယ်စရာတော့ကောင်းတယ်ဟ . . ဟိုကဖက်တီး နင်က ပိန်သေးသေး . . ”

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိ၏။ ဘယ့်နှယ်က ဘယ်လို စုမြတ်က ဖက်တီးကြီးဖြစ်သွားပါလိမ့်။ ကျွန်တော့်မျက်စိထဲမှာတော့ ဖက်တီးကြီးမဖြစ်တဲ့အပြင် အသားတွေတောင် တချို့နေရာတွေမှာ လိုသေးသည် ထင်ပါသည်။





“သူက ဖက်တီးမဟုတ်ပါဘူးဟာ နင်ကလည်း . . ”

“ဖက်တီးမို့ ဖက်တီးပြောတာပေါ့ . . ”

“နေပါဦး နင်က ဘယ်သူ့ပြောတာလဲ . . မီမီ”

“ကေသီဦးလေ . . ”

မြက်စွာဘုရား ကေသီဦးသည် တကယ့်ဖက်တီးမဖြစ်ပြီး မီမီတို့ရှေ့ခန်းမှာထိုင်ပါသည်။

“ကေသီဦးက ငါ့ကိုခဏခဏပြောတယ်။ နင့်ကြည့်ရတာ သူ့ကိုကြိုက်နေပုံပဲတဲ့ . . တကယ်လို့ နင်စာလိုက်ပေးရင် ဘာလုပ်ရမလဲလို့ ငါ့ကိုအကြံဉာဏ်တောင်းဖူးတယ် . . ”

“ဟာ ဘယ်ကလာ . . ငါကြိုက်နေတာ ကေသီဦး မဟုတ်ဘူး။ ကေသီဦးရဲ့ ရှေ့က စုမြတ်လေဟာ . . နင်ကလည်း ဒီလောက်မှ နုံရသလား”

“အလိုတော် . . . နင့်ဘာသာ နင်ကျိတ်ကြိုက်နေတဲ့ဟာ ငါတို့က ဘယ်လိုလုပ်သိရမှာတုံး . . အင်း . . စုမြတ်နဲ့ဆိုရင်တော့ ငါသဘောတူပါတယ်ဟာ . . ။ သူက အေးလည်းအေးတယ် . . သဘောလည်းကောင်းတယ် . . ဒါပေမယ့် နင်တစ်ခုပဲ စိုးရိမ်ရတယ် . . ။ စုမြတ်ကို အကောင်တစ်ကောင်လိုက်နေတယ် . . ”

“ဟင် . . အဲဒီအကောင်က ဘယ်ကလဲဟင် . . ဘယ်သူလဲ”

“ကျောင်းကတော့ မဟုတ်ပါဘူးဟာ သူ့အိမ်ကပါ . . ”

“ဟေ . . သူ့အိမ်ကဆို သူနဲ့ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမတွေပဲဖြစ်မှာပေါ့”

“ဟုတ်တယ် . . အဲဒီအကောင်က သူ့အိမ်က . . တစ်နေ့က စုမြတ်က ငါတို့ကိုပြောတယ် . . . သူ့ရေချိုးခန်းဝင်မလို့ လုပ်တုန်း ပိုးဟတ်တစ်ကောင်က သူ့နောက်ကိုအတင်းလိုက်လို့တဲ့ . . ”

“ခွီး . . ”

ပန်တျာက ခွီးဟုထရယ်၏။ ကျွန်တော်ကတော့ မီမီ့ကို ဆဲလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မစုတ် . . ဟာသတွေအတော်ပြောတတ်နေတယ် ဟုတ်လား . . ဒီမှာကြည့်စမ်း . . နင့်ကြောင့် အရိုက်ခံလိုက်ရတာတွေ . . . "

ကျွန်တော် ခြေသလုံး လှန်ပြလိုက်တော့ မီမီက တစ်ချက်လှမ်းကြည့်ပြီး စိတ်မကောင်းဖြစ်သွားပုံရသည်။

"ငါ့အတွက်နဲ့ နင်အရိုက်ခံရတာ စိတ်မကောင်းပါဘူးဟာ . . တကယ်ပါ . . အဲဒီအတွက် ငါတောင်းပန်ပါတယ် . . ဒါနဲ့ နင် အဲဒီနေ့က အရမ်းနာသွားလားဟင် . . "

ကျွန်တော်ရယ်လိုက်ရာ မီမီက မျက်မှောင်ကြုတ်သွား၏။

"ဒီနေရာမှာ တက်ကနစ်စကားပြောတယ်ဟ . . မှတ်ထား ဆရာ ရိုက်ပြီဆိုကာနဲ့ ခါးနည်းနည်းကုန်းထားလိုက် . . အဲဒါဆိုရင် ပုဆိုးနဲ့ ခြေသလုံးကပ်မနေတော့ဘူး . . အဲဒီတော့ ရိုက်တဲ့ ကြိမ်လုံးဟာ ခြေသလုံးကို သိပ်မထိတော့ဘဲနဲ့ ပုဆိုးကိုပဲထိတော့တယ်ဟ . . ဘာနဲ့အလားသဏ္ဌာန်တူသလိုဆိုတော့ ဆရာကြီးဟာ ငါ့ပုဆိုးကို ဖုန်ခါပေးတာနဲ့ တူနေတယ် . . "

"ဟား . . ဟား"

မီမီက ကျွန်တော့်ကို မျက်စောင်းထိုးပါသည်။ ကျောင်းရှေ့ ကုက္ကိုပင်ကြီးအောက်မှာ ကျွန်တော်တို့ သုံးယောက်တည်း။ ထိုအခိုက်မှာပင် ကျောင်းဝင်းထဲက ဆရာကြီးကားကွေ့ထွက်လာသဖြင့် ကျွန်တော်တို့ ခပ်သွက်သွက်ပင် လမ်းဆက်လျှောက်လိုက်ကြသည်။

◆◆◆

(၅)

ဆံပင်တွေကို ပခုံးပေါ်မှာ ဖြန့်ထားသဖြင့် အုံကောင်းလှသော ဆုမြတ်၏ ဆံနွယ်တွေက အလိပ်လိုက်ပြန့်ကျဲနေ၏။ မျက်နှာ နုနုတွင် သနပ်ခါး ခပ်ပါးပါးလူးထားပြီး နှုတ်ခမ်းနီ ခပ်ပါးပါးဆိုးထားသည်။ အသားအရည်ဖြူဝင်းသူမို့ မျက်နှာအလှသည် ကျက်သရေရှိနေသည်ဟု ကျွန်တော်ထင်ပါသည်။ သူမသည် ကျွန်တော်တို့ ဝိုင်းသို့လာ၍ ညှော်ခံလိုက်၊ သူမ၏ ညှော်သည်တွေထံ ထသွားလိုက်လုပ်နေသည်။

"သူများတကာတွေ အုန်းနို့ခေါက်ဆွဲ နှစ်ပန်းကန်ရှိပြီနော် thin မင်းက အခုထိ တစ်ပန်းကန်မှ မကုန်သေးဘူး . . "

"ဒီကောင်က ခေါက်ဆွဲကို ပါးစပ်နဲ့ စားတာမဟုတ်ဘူး . . မျက်စိနဲ့ စားတာ . . "

"မဟုတ်ဘူးကွ . . ဒီကောင့်မျက်စိက ခေါက်ဆွဲကိုစားနေတာ မဟုတ်ဘူး . . စုမြတ်ရဲ့ မျက်နှာကိုစားနေတာ . . "

ချစ်တီးတို့ မှတ်ချက်ကြောင့် ကျွန်တော်နည်းနည်းရှက်သွားမိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်တွင် စုမြတ်က မီမီတို့ဝိုင်းတွင် ရောက်နေ၏။ မီမီက စုမြတ်နားနားကပ်၍ တစ်စုံတစ်ခုပြောလိုက်ရာ စုမြတ်က ကျွန်တော့်ကို ဖျတ်ခနဲလှမ်းကြည့်၏။ သူမ၏မျက်နှာသည် ရှက်ရိပ်အနည်းငယ်သန်းနေပါသည်။ မီမီက စုမြတ်ကို ဘာပြောလိုက်၍ စုမြတ်က ကျွန်တော့်ကို လှည့်ကြည့်ရသနည်း။ ပြီးတော့ ဘာကြောင့် ရှက်နေရသနည်း။

"သားတို့ စားကြနော် . . ဟိုသူငယ်ထပ်ထည့်ဦးလေ . . "

"သူ ငါးပန်းကန်ရှိပြီ ဦးလေး။ ဒီတစ်ခါ ကျွန်တော်တို့လိုက်ပွဲကို ဒွန်းတပ်ပေးမလို့ . . "

"ကျွန်တော်တို့ ဝိုင်းအတွက် ဦးလေးစိတ်ချပါ . .။ ကျွန်တော် ကာလီမှတ်ပေးထားတယ် . . "

မီမီဖခင်ကပြုံးပြုံးကြီးလုပ်ပြီး ထွက်သွားသည်။ ဧည့်သည် တွေက တဖြည်းဖြည်း နေမြင့်လာသည်နှင့် ပါးလာသည် ။ စုမြတ်နှင့်အဖေါ် တစ်ယောက်က ကျွန်တော်တို့ စားပြီးသားပန်းကန်တွေသိမ်း၍ အချိုပွဲချပေးသည်။

" အုန်းနို့ခေါက်ဆွဲအချိန်ဘယ်လောက်လဲ . . "

ချစ်တီး၏အမေးကို စုမြတ်ကခပ်တိုးတိုးဖြေသည်။

" အချိန်နှစ်ဆယ် . . "

" အင်းဖြစ်နိုင်ပါတယ်. . မီမီတို့ဝိုင်းကတင် အချိန်တစ်ဆယ် လောက်တွယ်လိုက်ကြတာ. . "

ကောင်မလေးတွေဝိုင်းက ပွစိပွစိဖြစ်ကုန်၏။ တဖြည်းဖြည်းနှင့် သူတို့မိန်းကလေးဝိုင်းနှင့် ကျွန်တော်တို့ယောကျ်ားလေးဝိုင်းညဲလာသည်။ စကားတွေက စကားရည်လုပွဲအသွင်ဆောင်လာ၏။

"ယောကျ်ားလေးတွေ အစားပုပ်တာက မဆန်းပါဘူးကွာ။ ဒါပေမယ့် မိန်းကလေးတွေ အစားပုပ်တာကတော့ အတော်ဆန်းတယ်။ ဒါကြောင့်မို့လဲ . . သူတို့ကိုယ်လုံးတွေကြည့်ပါလား . . "

ဖက်တီးမကေသီဦးက မိုးဇော်ကို မျက်စောင်းလှမ်းထိုး၏။ မီမီက မခံနိုင်ဖြစ်သွားပြီး အသံကျယ်ကျယ်နှင့် ပြောသည်။





"စားတာမစားတာထက် အရေးကြီးတာက စာတော်ဖို့ပဲဟဲ့ . . အခုဆို တို့အေတန်းမှာ ပထမ၊ ဒုတိယ၊ တတိယ အားလုံးဟာ မိန်းကလေးတွေချည်းပဲ . . . ယောကျ်ားကလေးတွေကြည့်ရင် ဟိုးအဆင့် အောက်ဆုံးမှာ တွေ့ရတာများတယ် . . "

"အောင်မာ ငါတို့တွန်းတင်လို့ နင်တို့ အဲဒီနေရာတွေရနေတာ. . "

"ဟာ ပန်တျာ . . မင်းက ဘယ်နေရာက တွန်းတင်လိုက်လို့လဲ"

"ဟီး ဟီး . . မပြောပါရစေနဲ့ကွာ . . "

ကျွန်တော်တို့ ဝိုင်းရယ်လိုက်ကြသည်။ ချစ်တီးက နည်းနည်းစဉ်းစားပြီး ပြောပြန်သည်။

"သူတို့ မိန်းကလေးတွေ စာတော်တယ်ဆိုတာ ခန္ဓာကိုယ် တည်ဆောက်ပုံနဲ့လည်း ဆိုင်လို့ပါကွာ . . "

ချစ်တီးစကားတွေက တကယ့်ကို စိတ်ဝင်စားဖို့ကောင်းပါသည်။ သူ့စကားကို ကောင်မလေးတွေကလည်း စိတ်ဝင်စားပုံရပါသည်။ မသိမသာ နားစွင့်နေကြသည်။

"ဒီလိုကွ . . စာဆိုတာမျိုးဟာ ကြာကြာထိုင်ကျက်နိုင်လေ . . ရလေပဲ . .။ ငါတို့ယောကျ်ားလေးတွေကို သိပ်ကြာကြာမထိုင်နိုင်အောင် သဘာဝက ဖန်တီးပေးထားပြီး . . သူတို့တွေကျတော့ ကြာကြာထိုင်နိုင်အောင် သဘာဝက ဖန်တီးပေးထားလို့ကွ . . "

"မင်းဥစ္စာ သိပ်မရှင်းသေးဘူးကွ . . "

"ဒီလိုလေကွာ . . တို့တွေမှာထက် သူတို့ဆီမှာ ထိုင်ဖို့အသားတွေ ပိုများတယ်"

ကျွန်တော်တို့ပွဲကျသွား၏။ ကောင်မလေးတွေလည်း ရယ်ကြ၏။ မီမီသည် စုမြတ်ကို သူမအနားအတင်းထိုင်ခိုင်းပြီး စစ်ကူယူသည်။

"စုမြတ်လည်း ဝင်ပြောဦးဟာ . . "

"ဟင့်အင်း . . ငါက အိမ်ရှင်ဆိုတော့ ကြားနေတာပဲကောင်းတယ်. . "



www.burmeseclassic.com

www.burmeseclassic.com



"တို့မိန်းကလေးတွေဟာ နင်တို့ယောက်ျားလေးတွေထက် ပိုတော်တယ်ဆိုတာ နင်တို့လက်ခံရမယ် . . "

ချုပုမ သီသီစိုးကလည်း စွာကျယ်စွာကျယ်နှင့် ဝင်ပြောလာ၏။ ကျွန်တော်ကတော့ စကားဝိုင်းထဲ သိပ်မပါဖြစ်ဘဲ စုမြတ်ကိုသာ ခိုးခိုးကြည့်နေမိပါသည်။ သူမကလည်း ကျွန်တော် သူမကို ကြည့်ကြည့်နေသည်ကို သိနေလေ၏။ ကျွန်တော်တို့နှစ်ဦးအကြည့်ချင်း ဆုံလေတိုင်း ကျွန်တော့်ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လေသည်။

အကြည့်ချင်းဆုံလေတိုင်းတွင် အကြည့်ကို ရုတ်တရက်မလွှဲဖယ်မိကြ။ ကျွန်တော်၏ နှလုံးသည်းပွတ်ကို ကျွန်တော့်မျက်လုံးမှ တစ်ဆင့် သူမ မြင်ပါစေသတည်း။

♦♦♦

"ပြန်ကော့မယ်နော် . . "

အားလုံးကို နှုတ်ဆက်၍ ပြန်အထွက်တွင် ကျွန်တော်က စုမြတ်တစ်ယောက်တည်းကို သီးသန့် နှုတ်ဆက်၏။ စုမြတ်သည် ခေါင်းညိတ်၏။ မျက်ဝန်းသည် အနီးကပ်ကြည့်မှ ပိုလှသည်။ မျက်တောင်တွေသည် ကော့ညွတ်နေ၏။

"လာစားတာ ကျေးဇူးပဲ . . "

ကျွန်တော် သူမကို ပြုံးပြလိုက်ပြီး ဖိနပ်ကို လိုက်ရှာသည်။ ဒုက္ခ။ ကျွန်တော့်ဖိနပ်ဘယ်ရောက်နေသနည်း။ ထို့ကြောင့် အမြင်ကို ထွက်စပြုနေပြီ ဖြစ်သည့် ကျွန်တော့်အုပ်စုကို လှမ်းပြောရသည်။

"ဟေ့ကောင်တွေ ငါ့ဖိနပ်များ မင်းတို့မှားစီးသွားသလား . . "

သည်ကောင်တွေ ပြန်ဝင်လာကြသည်။ အိမ်ရှေ့ဖိနပ်ချွတ်မှာ ချွတ် ထားသော ဖိနပ်တွေက သိပ်မရှိတော့။

"မင်း ဖိနပ်ရောပါလာရဲ့လား . . "

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ မိုးဖော်က နောက်နေသေးသည်။

"နေပါဦး မင့်ဖိနပ်က ဘာအမျိုးအစားလဲ"

ကျွန်တော်အမျိုးအစားပြောလိုက်သောအခါ ဖိနပ်ပျောက်နေကြောင်း ပိုသေချာသွားသည်။ စုမြတ်ထားသည် ကျွန်တော်ဖိနပ်ပျောက်သွားသည့် အတွက် အားနာနေပုံရပြီး သူမ၏ ဖခင်ကို သွားခေါ်လာသည်။

"ဖိနပ်ကို ခိုးသွားတာတော့ မဖြစ်နိုင်ဘူးသားရဲ . . ။မှားစီးသွားတာပဲဖြစ်မယ် . . ။ ဒီမှာကျန်ခဲ့တဲ့ ဖိနပ်တွေထဲမှာ သူ့ဖိနပ်ရှာရမယ် . . "

ဧည့်ခန်းမှာ ထိုင်နေသည့် လူကြီးသုံးလေးဦးက သူတို့ဖိနပ်တွေ လာကြည့်ကြသည်။ သို့သော်လည်း စုမြတ်ဖခင်ပြောသလို ပိုင်ရှင်မဲ့ ဖိနပ်တစ်ရံမှမတွေ့ရပါ။ ထို့ကြောင့် ဖိနပ်ကို အလစ်သုတ်သွားပြီဟုသာ ကောက်ချက်ချရပါတော့မည်။

"အင်း . . အားနာစရာတော့ ကောင်းနေပြီကွ . . ။တို့မြန်မာတွေမှာ အဲဒီအကျင့်တစ်ခုသိပ်ဆိုးတယ်။ အလှူတစ်ခုလုပ်ပြီဆိုတာနဲ့ ဖိနပ်ပျောက်တော့တာပဲ . . ။ အခုဟာက မှားစီးသွားတာမဟုတ်ဘူး . . ခိုးသွားတာ။ ဒီတော့ အန်ကယ့်ဖိနပ်အပိုတစ်ရံရှိတယ် သားရဲ့ . . ။ အဲဒါလေးပဲ စီးပြီး သွားပေတော့ သားရေ . . "

စုမြတ် ဖခင်၏ဖိနပ်ကို ကျွန်တော်အားနာနာနှင့် ပင်စီးရလေသည်။ ဖိနပ်သည် ကျွန်တော်နှင့် အနေတော်ပင်ဖြစ်နေ၏။ သို့သော် ကျွန်တော် ချစ်ရသူ ဖခင်၏ဖိနပ်ကိုစီးလိုက်ရသည့်အတွက် စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်သွားသည်။

လမ်းရောက်တော့ ဟိုကောင်တွေက ကျွန်တော့်ကို နောက်၏။

"thin က ကံကောင်းတယ်ကွ . . ယောက္ခမကြီးရဲ့ ဖိနပ်ကိုစီးခွင့်ရနေပြီ . . နောက်ဆို ဒီကောင်ဒီထက် အခွင့်အရေးရလာမှာ သေချာတယ် . . "

"ဘယ်လိုအခွင့်အရေးတွေရလာနိုင်မှာလဲ . . "

"ဪ . . မင်းတို့ကလည်း . . ယောက္ခမကြီးရဲ့ မျက်မှန်တို့ . . ဆေးတံတို့ . . တုတ်ကောက်တို့ . . နောက်ပြီး အောက်ခံ ဘောင်းဘီ





တို့ကို ဒီကောင်ရမှာပေါ့ . . . "

"ခွေးကောင်တွေ ငါမှာဖြင့် ဖိနပ်ပျောက်လို့ စိတ်ညစ်နေရတဲ့အထဲ"

ဘာပဲပြောပြော စုမြတ်ထား၏အိမ်တွင်ပြုလုပ်သော ဘုရားကိုးဆူကပ်ပွဲ၌ အမှတ်တရလေးတစ်ခုတော့ ဖြစ်သွားခဲ့ပါသည်။ စုမြတ်နှင့် ကျွန်တော် နှလုံးသားချင်းနားလည်မှုလေးတစ်ခုရခဲ့သည်ဟု ထင်ပါသည်။ အိမ်ပြန်ရောက် ရောက်ခြင်း အလှူ၌ ဖိနပ်ပျောက်ခဲ့ခြင်းအဖြစ်ကို မေမေ့ကို ပြောပြလိုက်သည့်အခါ မေမေက ချက်ချင်းပင် ကျွန်တော့်အတွက် ဖိနပ်တစ်ရံသွားဝယ်လာပေးပါသည်။

ထို့ကြောင့် ညနေပိုင်းတွင် ကျွန်တော်တစ်ယောက်တည်း ဒုတိယအကြိမ်မြောက် စုမြတ်၏ အိမ်သို့ရောက်သွားပြန်လေသည်။ သူ့ဖခင်၏ ဖိနပ်ကို သွားပြန်ပေးခြင်းသာဖြစ်လေသော်လည်း သူ့ဖခင်က ကျွန်တော့်ကို စကားတွေ အများကြီးပြောသည်။ အဓိက ပြောသည့်အချက်မှာ နောက်နှစ်တွင် ဆယ်တန်းရောက်တော့မည်ဖြစ်၍ အမှတ်ကောင်းကောင်း ရရန် ကြိုးစားကြရမည့်အကြောင်းတွေဖြစ်၏။ ပြီးတော့ ယဉ်ကျေး လိမ္မာသည့် လူငယ်များဖြစ်စေလိုသည့်စကားတွေ။

အဘိုးကြီးပြောသည့် စကားတွေကို ကျွန်တော်ရိုရိုသေသေနားထောင်ပါသည်။ ကျွန်တော့်ဖေဖေထက်ပင် ပို၍ရိုသေနေမိပါသည်။ (ဟီး ဟီး ယောက္ခမလောင်းကြီးပဲဗျာ၊ ဒီလောက်တော့ ရှိရမှာပေါ့နော)

ပြန်ခါနီးတွင် စုမြတ်က ခြံဝထိလိုက်ပို့သည်။

"စာမေးပွဲကြီး နီးပြီနော်. . . "

"အင်း. . . စုမြတ်ရော. . . စာတွေရပြီလား. . . "

သူပြုံး၏။ လက်ပြတ်အင်္ကျီဝတ်ထားသဖြင့် လက်မောင်းသားက ဖွေးနုနေသည်။

"ကျက်တုန်းပဲ. . . သီဟရော. . . "

"ကျက်ဖို့ စိတ်ကူးတုန်းပဲ. . . "

သွားကလေးတွေပေါ် သည်အထိ သူ ရယ်ပါသည်။ လှလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်နော်. . ."

"အင်း. . ."

ကျွန်တော်သူမကို ကျောခိုင်းလိုက်ပါသည်။ သူမကျွန်တော့်ကျောကို ကြည့်နေသည်လား မကြည့်နေဘူးလားမသိရ။ သိချင်စိတ်ဖြင့် လှည့်ကြည့်ချင်သော်လည်း မကြည့်ဖြစ်ပါ။ ရင်ထဲမှာ သံယောဇဉ်ကြိုးသည် နောက်တွင် တန်းလန်းတန်းလန်း ကျန်နေခဲ့ပါသည်။

မတ်လသို့ ရောက်သောအခါ ရာသီဥတုက ပို၍ ပူပြင်းလာ၏။ ကျွန်တော်တို့အိမ်ရှေ့မှ သရက်ပင်ကြီးတွင် သရက်သီးတွေ ပင်လုံးကျွတ်မျှ သီးနေကြပြီး အလုံးလည်း အတော်ပင်ကြီးလာလေပြီ။ စိန်ပန်းပင်တို့ကတော့ အရိုးကျဲကျဲသာ ကျန်နေ၏။ စာမေးပွဲကြီးမဖြေမီ တစ်ပတ်မျှအလိုတွင် ချစ်တီး ၏ဖခင်ကွယ်လွန်သွားခဲ့ပါသည်။ ကျွန်တော်တို့သူငယ်ချင်းတစ်စုသည် ချက်ချင်းပင် သူတို့အိမ်သို့ရောက်သွားခဲ့ပါသည်။

"ဘယ်လိုဖြစ်တာလဲ ချစ်တီး. . ."

ချစ်တီးသည် မျက်ရည်မကျသော်လည်း မျက်လုံးတွေနီရဲနေပါသည်။

"ညစာထမင်းစားပြီး အိမ်ရှေ့မှာ သွားထိုင်တယ်ကွာ. . .။ ပြီးတော့ မူးတယ်မူးတယ်ပြောပြီး တစ်ခါတည်း အသက်ပါသွားတာပဲ. . .။ ငါလည်း ချက်ချင်းပဲ ရလိုရငြား ဆရာဝန်ပြေးခေါ်သေးတယ်. . . ဆရာဝန်လာတော့လည်း မရတော့ပါဘူး. . ."

"ဘာရောဂါလို့ပြောလဲ. . ."

"သွေးတိုးကြောင့် ဦးနှောက် သွေးကြောပြတ်သွားတာလို့ ပြောတယ်. . ."

ကျွန်တော်တို့အားလုံး စိတ်မကောင်းကြပါ။ တကယ်ကတော့ ချစ်တီးက ကျွန်တော်တို့အားလုံးထဲတွင် အနွမ်းပါးဆုံးဖြစ်၏။ သူ့မိခင်သည် ဘာမှ လုပ်တတ်ကိုင်တတ်ပုံမပေါ်ဘဲ အလောင်းအနီးတွင် တရှုံ့ရှုံ့ငိုကျွေးနေလေသည်။ ကျွန်တော့်ရင်ထဲသို့ သံဝေဂတရားတစ်ခု ဝင်ရောက်လာ၏။ လူ့လောကကြီးသည် ကျွန်တော်တို့ထင်နေသလို ပျော်ရွှင်ကြည်နူးစရာများ





ဖြင့်သာ ရှိမနေဘဲ ဝမ်းနည်းပူဆွေးစရာများလည်း ရှိနေပါသေးသည်။

ထိုဝမ်းနည်းပူဆွေးမှုများကို ကျွန်တော်တို့နှင့်မပတ်သက်သေးသောကြောင့်သာ ကျွန်တော်တို့သတိမပြုမိကြခြင်းဖြစ်သည်။ ချစ်တီး၏ညီနှစ်ယောက်သည် ချစ်တီးမျက်နှာကို အားကိုးတကြီးနှင့် ကြည့်နေကြ၏။

"လောလောဆယ်ကိစ္စပဲ စဉ်းစားကြရအောင် ချစ်တီးရာ. . ."

"အေး. . . အခုတော့ ငါလည်းအဲဒီလိုပဲ စဉ်းစားထားတယ်. . .။ မင်းတို့ ရောက်လာတာလည်း အတော်ပဲ. . . အလောင်းမြေကျဖို့ကိစ္စကို အရင်စီစဉ်ရမယ်။ နောက်မှ ကျန်တာတွေစီစဉ်တာပေါ့. . .။ ရပ်ကွက်လူကြီးတွေကိစ္စတော့ thin ပဲ မင့်အဖေကိုပြောပေး. . ."

ချစ်တီးကို အိမ်မှာပဲနေခိုင်းပြီး ကျွန်တော်တို့စတင်လှုပ်ရှား၏။ ပထမဆုံး ကျွန်တော်တို့အိမ်ပြန်၍ စက်ဘီးကိုယ်စီယူကြသည်။ ထိုအချိန်တွင် မဖေဖေလည်း ပြန်ရောက်နေပြီ ဖြစ်သဖြင့် အဆင်ပြေသွားသည်၊ ဖေဖေကလည်း ရပ်ကွက်လူကြီးတချို့နှင့် စီမံစရာရှိသည်ကို စီမံပေးလိမ့်မည်။

"ကျွန်တော်ဘာစ်ခု ပြောချင်လို့ ဖေဖေ. . ."

"ဘာပြောမလို့လဲ သား. . ."

"ချစ်တီးက ကျွန်တော်တို့အုပ်စုထဲမှာ အနွမ်းပါးဆုံးပဲ ဖေဖေ။ အဲဒါ ရပ်ကွက်အနေနဲ့. . ."

"အေးပါ. . . သားရယ် ဖေဖေသဘောပေါက်ပါတယ်. . ."

မေမေကတော့ အသေးသုံး.သုံးဖွဲ့ရန် ပိုက်ဆံနည်းနည်း ထုတ်ပေးသည်။ ဆောင်ရွက်စရာရှိသည့် ကိစ္စတွေကို ကျွန်တော်တို့အုပ်စုက လိုက်လံဆောင်ရွက်သည်။ အလောင်းကို ရွှေ့ချိန်တွင် ချစ်တီးတို့မိသားစုသည် အလောင်းကိုကန်တော့ကြသည်။ သူသည် မျက်ရည်လုံးဝမကျချေ။ ရပ်ကွက်လူကြီးတွေနှင့်အတူ ဖေဖေလည်း ရောက်လာသည်။ အိမ်ရှေ့တွင် ကန္နားဖျင်း ထိုးဖို့ ဖေဖေတို့လူကြီးတွေက စီစဉ်သည်။

"မင်း စာမေးပွဲကိုတော့ ဖြေကွာ. . . စာတွေက တို့တွေရပြီးသားတွေချည်းပါပဲ. . . မနက်ကျရင် ဆရာလေးလည်း ရောက်လာလိမ့်မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လည်း ခဏနေရင် ပြန်ကြတော့. . စာပြန်ကျက်ကြတော့. . ."

"ဟင့်အင်း. . . မပြန်ဘူး. . . မင်းနဲ့အတူ တစ်ညလုံး တို့တွေနေပေးမယ်. . ."

ထိုအခါ ချစ်တီးက နည်းနည်းပြုံးသည်။

"အမိပွါယ်မရှိဘူးကွ. . . စာပြန်ကျက်ကြ. . .။ မင်းတို့ဒီမှာနေပေးလို့လည်း ငါ့အဖေက အသက်ပြန်ရှင်လာမှာ မဟုတ်ဘူး. . .။ ငါလည်း ဆယ့်နှစ်နာရီလောက်ဆို အိပ်တော့မယ်. . . ငါ့အဖေအမျိုးတွေနဲ့ ငါ့အမေအမျိုးတွေလည်း ရောက်နေကြပြီပဲ. . ."

ကျွန်တော်တို့ ချစ်တီးကတော့ စံပြချစ်တီးပင်ဖြစ်၏။ တော်တော်တော်ပါသေးသည်။ ချစ်တီး၏ ဦးလေးတစ်ယောက်သည် နိုင်ငံခြားသင်္ဘောသားတစ်ဦးဖြစ်ပြီး ငွေကြေးပြည့်စုံပါသည်။ ထိုဦးလေးက သူ့အစ်ကို၏ နာရေး ကိစ္စကို တာဝန်ယူမည်ဟု ဆိုလေသည်။

"အေး. . . အဲဒါဆိုလဲ တို့တွေ ဆယ့်နှစ်နာရီထိ မင်းနဲ့နေပေးမယ်ကွာ. . ."

သည်လိုဆိုတော့ ချစ်တီးပြုံးသွား၏။

"အေး. . . ဒါနဲ့ မင်းတို့ထမင်းရောစားပြီးကြပြီလား. . ."

"စားပြီးပြီ. . .။ မင်းလည်းမစားရသေးရင် စားလိုက်တော့လေ. . ."

ချစ်တီးခေါင်းညိတ်လိုက်ပြီး နောက်ဖေးသို့ဝင်သွားသည်။ အိမ်ရှေ့တွင် ကျန်နေခဲ့သော ကျွန်တော်တို့တတွေ နှုတ်ဆိတ်နေမိကြသည်။ ယခင်က သေခြင်းတရားနှင့် ကျွန်တော်မပတ်သက်ခဲ့ဖူးပါ။ ဘိုးဘိုးဘွားဘွားတို့သည် ကျွန်တော့်လူလားမမြောက်မီ ကွယ်လွန်သွားသဖြင့် ဘာကိုမျှ မမှတ်မိခဲ့ပါ။ ယခု ချစ်တီး၏ဖခင်ကွယ်လွန်သွားခြင်းအတွက် ကျွန်တော် တုန်လှုပ်သွားလေမိသည်။

လူတွေဘာကြောင့် သေကြလေသနည်း။ ကျွန်တော်တို့လည်း သေကြရမည်ကို ပထမဆုံးအကြိမ် စဉ်းစားမိလေသည်။ အသက်ရှင်နေထိုင်





ခြင်းသည် သေခြင်းတရားနှင့်ယှဉ်ကြည့်သောအခါ ဘာမှအဓိပ္ပါယ်မရှိတော့သလို ဖြစ်သွား၏။ စုမြတ်အကြောင်းကို စဉ်းစားမိပြန်သည်။ လောလောဆယ်တွင် အနိစ္စတရား၌ တုန်လှုပ်ချောက်ချားနေသော ကျွန်တော်သည် စုမြတ်အကြောင်း စဉ်းစားရာ၌ ကြည်နူးချမ်းမြေ့မနေချေ။ ထိုအချက်သည် ထူးခြား၍ စိတ်ဝင်စားစရာ ကောင်းနေသည်။

မနက်ဖြန်တွင် စုမြတ်နှင့်အတန်းထဲက သူငယ်ချင်းတွေ ချစ်တီးအိမ်ကို ရောက်လာ၍ သတင်းမေးကြပေလိမ့်မည်။ စုမြတ်နှင့်တွေ့ရမည်ဖြစ်သော်လည်း ကျွန်တော့်ရင်ထဲတွင် မည်သို့မျှ မခံစားရသည်မှာ ထူးဆန်းနေလေသည်။

ချစ်တီးထမင်းစားပြီး၍ ပြန်ထွက်လာပြီး ကျွန်တော်တို့နားမှာလာထိုင်သည်၊ ဖေဖေတို့လူကြီးပိုင်းကတော့ တရားဓမ္မနှင့်သက်ဆိုင်သော စကားတွေ ပြောနေကြလေသည်။

"အသုဘချမယ့်နေ့အတွက် ငါ့ဦးလေးက အကုန်စီစဉ်ထားတယ်. . .။ အဲဒီနေ့ကျရင် မင်းတို့ယပ်တောင်ကမ်းပေးဖို့နဲ့ ကြေးစည်ထုပေးဖို့ တာဝန်ယူကွာ. . . ဒီကြားထဲတော့ ဘာမှလုပ်စရာသိပ်မရှိဘူး. . .။ မင်းတို့လည်း စာသာကျက်ကြပါ. . . ဒီမှာတော့ သိပ်လုပ်စရာမရှိဘူး. . ."

"ချစ်တီး. . ငါတို့မင်းနဲ့အတူ အရမ်းခံစားရပါတယ်ကွာ. . တကယ်ပါ"

ချစ်တီးသည် ယောင်ယောင်ကလေးပြုံး၏။

"လူဆိုတာ သေမျိုးချည်းပါပဲကွာ. . .။ သိပ်တော့မဆန်းပါဘူး. . . နောက်ပြီး အဖေကသိပ်ပြီး မခံစားသွားရဘူး. . . ဖြေမယ်ဆို ဖြေနိုင်စရာပဲပေါ့. . ."

ချစ်တီး၏စကားက တည်ငြိမ်နေ၏။ ညဆယ့်နှစ်နာရီထိုးသောအခါ ကျွန်တော်တို့ ချစ်တီးကိုနှုတ်ဆက်၍ ပြန်လာခဲ့ကြသည်။ အိမ်ကျတော့ စာကြည့်စားပွဲ ခဏထိုင်မိသော်လည်း စာကျက်ချင်စိတ်မရှိ။ ခဏနေတော့ ကျွန်တော်အိပ်ရာဝင်ခဲ့လေသည်။

ညသည် ပူလောင်အိုက်စပ်လွန်းလှလေသည်။ ကျွန်တော်အိပ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းပြတင်းပေါက်မှတစ်ဆင့် လရွှန်းခပ်ပါးပါးက ခုတင်ပေါ်သို့ တစ်စွန်းတစ်စ ကျနေ၏။

ဆရာမကတော့ ချစ်တီးကို အားပေးစကားပြောသည်။ စာမေးပွဲအတွက်လည်း စိတ်မပူရန် ပြောသည်။ နှစ်စကတည်းက စာကြိုးစားလာကြသူများဖြစ်၍ စာမေးပွဲကြီးတွင် အခက်အခဲမရှိနိုင်ကြောင်း ပြောလေသည်။ ပြီးတော့ ကူငွေကို လက်မခံပါဟုဆိုနေသည့်ကြားက ဆရာမက ငွေတစ်ချို့ကူညီလေသည်။

မိန်းကလေးအုပ်စုဖြစ်သည့် မီမီသူ၊ စုမြတ်ထား၊ ကေသီဦး၊ မျိုးမျိုးဇင်၊ သန္တာစိုး၊ ဝေဝေလွင်နှင့်အေးအေးကျော်တို့လည်း ရောက်လာကြသည်။ စုမြတ်ထားသည် ကျွန်တော့်ကိုပြုံးပြပြီး သူမတို့အုပ်စုပြန်ခါနီးတွင် ကျွန်တော့် အနီးလာ၍ ခပ်တိုးတိုးပြောသည်။

"ညကို ဒီမှာပဲအိပ်လား... စာမေးပွဲနီးပြီနော်... အိပ်ရေးတော့ သိပ်မပျက်ကြနဲ့ဟာ... ချစ်တီးကိုလည်းပြောထား..."

"ညကတော့ တို့တွေအိမ်ပြန်အိပ်ကြတယ်... ဒီညတော့ စောင့်အိပ် ပေးလိုက်မယ်... တစ်ရက်ခြားလောက် လာအိပ်ပေးရင် အိပ်ရေးမပျက်ပါဘူး..."

"သွားတော့မယ်နော်..."

စုမြတ်တို့ထွက်သွားသည့်အခါ ပန်တျာက ကျွန်တော့်ကို ခပ်တိုးတိုး ပြော၏။

"ကောင်မလေးကလည်း ခပ်ပါချင်ချင်ဖြစ်နေပြီကွ... ဟီး ဟီး..."

"ဟာ ဟုတ်လို့လားကွ..."

"ဟုတ်တယ်... စောစောတုန်းက စက္ကူတောင်းနေတာကြားတယ် ဟီး ဟီး..."

ပန်တျာ့လက်မောင်းကို မနာအောင် ကျွန်တော်ထိုးလိုက်သည်။ ထို အခိုက်တွင် မိုးဇော်က ကျွန်တော့်အနားရောက်လာသည်။

"ဟေ့ကောင်တွေ မင်းတို့ ဒီညဒီမှာ တစ်ညလုံးနေမလို့ဆိုတာ





တကယ်လား"

"အေး ဟုတ်တယ်လေကွာ.. ကျောင်းကလည်း ပိတ်လိုက်ပြီဆိုတော့ မနက်မြန်အိပ်လို့ရတာပေါ့..."

"ငါတော့ အိမ်ကိုပဲ ပြန်အိပ်မယ်ကွာ..."

"မင်းကတော့ လုပ်ရော့မယ်... ကိုယ့်သူငယ်ချင်းတစ်ယောက်ရဲ့ အဖေဆုံးတာတောင်မှကွာ..."

"မဟုတ်ဘူးကွ... ငါမအိပ်ရဲလို့..."

မိုးဇော်က အိမ်ရှေ့တွင်ပြင်ဆင်ထားသော အလောင်းကြီးကိုကြည့်ပြီး ပြော၏။ မိုးဇော်သည် ကျွန်တော်တို့အုပ်စုထဲတွင် အကြောက်တတ်ဆုံးကောင် ဖြစ်လေသည်။ ကျွန်တော်တို့တွေသည်ကောင့်ကို နောက်ချင်လာသည်။

"အေးလေ ပြန်အိပ်ချင်လဲအိပ်ပေါ့... ချစ်တီးအဖေက မင့်ကို အတော်တော့ချစ်တာကွာ...။ ဟိုတစ်ခါတုန်းက တို့ချစ်တီးဆီလာလည်တော့ မင်းထမင်း မစားရသေးဘူးဆိုတာသိတော့ အတင်းထမင်းထည့်ကျွေးဟာ သတိရတယ်ကွ... ဒါနဲ့ချစ်တီးအဖေက မင်းတို့အိမ်လည်း ရောက်ဖူးတယ်နော်..."

ကျွန်တော့်စကားကို ပန်တျာကလည်း ဖော်လိုလိုက်၏။

"ဒါနဲ့မိုးဇော် .မင်းဟိုတစ်ခါ ချစ်တီးအဖေဆီက ချေးထားတဲ့ ပိုက်ဆံ ပြန်ဆပ်ပြီးပြီလား..."

မိုးဇော်သည် အနည်းငယ်တွေသွားပြီး-

"ဟာ... ပြဿနာပဲကွ... ငါပြန်မဆပ်ရသေးဘူး..."

"မိုးဇော် မင်းညကျရင် ဘယ်သူနဲ့အိပ်လဲ"

"ငါတစ်ယောက်ထည်း အိပ်တာပေါ့"

"ဩော်... အေး.. ကိစ္စမရှိပါဘူးလေ... တို့နှစ်ယောက် ချစ်တီးဆီမှာ ညဘက်နေပေးလိုက်မယ်။ တခြားလည်းဘာမှလုပ်စရာ မရှိဘဲ... ပြန်အိပ်ချင်ပြန်အိပ်ပေါ့ ဟုတ်လား..."

မိုးဇော်သည် ဘာမှမပြော။ သို့သော် ထိုညတွင် သူမပြန်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က သူ့ကိုအိမ်ပြန်အိပ်ရန် ပြောသော်လည်း သည်ကောင်မပြန်တော့။ ဘာဖြစ်လို့ မပြန်တော့တာလဲဟု မေးသောအခါ စပ်ဖြီးဖြီးသာ ရယ်ပြပါသည်။ အသုဘအိမ်မှ အိမ်ရှေ့တွင် ဖဲဝိုင်းနှစ်ဝိုင်းလုပ်ပေးထားသည်။ ကျွန်တော် နှင့်ပန်တျာကတော့ စစ်တုရင်သာ ထိုင်ထိုးနေမိပါသည်။

◆◆◆

BURMESE CLASSIC .com

(၆)

"အခုတော့ စားဝတ်နေရေး သိပ်တော့ စိတ်ပူစရာမရှိဘူးပေါ့ကွာ. . . ငါ့ဦးလေးက လစဉ်ငွေထောက်ပံ့မယ်ပြောတယ်။ ဒါပေမယ့် ဒီအတိုင်းကြီးနေလို့တော့ မဖြစ်ဘူးကွ. . . ငါ ဆယ်တန်းဖြေးတာနဲ့ တက္ကသိုလ်ဆက်တက်ဖို့မဖြစ်နိုင်တော့ဘူး. . .။ အလုပ်တစ်ခုခု ဝင်လုပ်မှဖြစ်မယ်. . .။ ဦးလေးကတော့ ငါ့ကို သူ့လိုပဲ သင်္ဘောသားလုပ်စေချင်တယ်။ လိုအပ်သမျှ အကူအညီတွေ သူပံ့ပိုးပေးမယ်လို့ ပြောတယ်. . ."

ချစ်တီးစကားကြားရသောအခါ ကျွန်တော်တို့ စိတ်မကောင်းဖြစ်သွားပါသည်။ ချစ်တီးကို ကျွန်တော်တို့နှင့်အတူ တက္ကသိုလ်သို့သာ ဆက်တက် စေချင်ပါသည်။ သို့သော် မြန်မာစကားတွင် ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသည့် စကားရှိသည် မဟုတ်ပါလော။ ချစ်တီးသည် သူ့ဘဝကို သူအသိဆုံး ဖြစ်ပါလိမ့်မည်။

ချစ်တီးအဖေအတွက် ရက်လည်ဆွမ်းသွတ်သည့်နေ့မှာပင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ အတန်းတင်စာမေးပွဲကြီးစလေသည်။ စာမေးပွဲဆိုသည့် အရာသည် မည်သည့်ကျောင်းသားကိုမဆို ချောက်လှန့်လေ့ရှိသည့်အတိုင်း ကျွန်တော်တို့ အားလုံးကိုချောက်လှန့်ခဲ့သော်လည်း ကျွန်တော်တို့ကောင်းမွန်စွာ ဖြေဆိုခဲ့ကြသည်။

နောက်ဆုံးဘာသာကို ဖြေဆိုပြီးသောနေ့၌ ကျွန်တော်တို့ အုပ်စုသည် အိမ်သို့ ရုတ်တရက်မပြန်ဖြစ်ကြသေး။ မိန်းကလေးတွေအုပ်စုကို စောင့်နေမိကြသည်။ ခဏနေတော့ မိန်းကလေးတွေထွက်လာ၏။ စကားများသည့်နေရာတွင် ယောကျ်ားလေးတွေထက် မိန်းကလေးတွေက ပိုပါသည်။

သူတို့သည် တစ်ယောက်တည်း(အင်း တစ်ယောက်တည်း ဆိုရင်တော့ စကားဘယ်များ၍ရမလဲ) သို့မဟုတ် နှစ်ယောက်ဆိုလျှင် စကားသိပ်မများသော်လည်း လေးငါးယောက်ဆုံမိပြီဆိုလျှင်ဖြင့် လက်ပံပင်ဆက်ရက်ကျသလို ဖြစ်တတ်သည်။

"ဟေ့. . . နားငြီးတယ်ဟာ. . . နင်တို့တွေအခုမှ စာပြန်ကျက်နေသလား. . . စာမေးပွဲကပြီးနေပြီ. . ."

ပန်တျာကလှမ်းအော် ပြောလိုက်သည့်အခါ အေးအေးကျော်ကလည်း ခွန်းတုံ့မခံ ပြန်ပြော၏။

"အဖြေတွေပြန်တိုက်နေတာဟဲ့. . . တို့မိန်းကလေးတွေက နင့်တို့လို မဟုတ်ဘူး. . ."

"အဲဒီ အဖြေလိုက်တယ်ဆိုတဲ့အလုပ်ဟာ အပိုအလုပ်ပဲ. . .။ မသေချာတဲ့သူတွေ. . . ကိုယ်ဘာဖြေလို့ဘာဖြေလာမှန်းမသိတဲ့. . . စမ်းတဝါးဝါး လူတွေ လုပ်တဲ့အလုပ်. . .။ တို့ယောကျ်ားလေးတွေ ဘယ်တော့မှ မလုပ်ဘူး. . .။ ဟုတ်တယ် မဟုတ်လား သူငယ်ချင်းတို့. . ."

" That's right ပဲ"

ကျွန်တော်တို့ အုပ်စုက အတိုင်အဖောက်ညီပါသည်။ မိမိက ကျွန်တော်တို့ ညီညွတ်မှုကို မခံနိုင်ဖြစ်သွားပုံရပါသည်။

"ဟဲ့. . . အဖြေတိုက်တယ်ဆိုတာ. . . မသေချာလို့ မဟုတ်ဘူး. . . စိတ်အေးချင်လို့. . . ကိုယ်ဖြေခဲ့တဲ့ အဖြေအတွက် စိတ်အေးချင်လို့





နားလည်လား. . .။ တို့မိန်းကလေးတွေ အောင်စာရင်း သွားကြည့်ရင် ရင့်ကော့သွားပြီး. . . နင်တို့ ယောကျ်ားလေးတွေ အောင်စာရင်းသွားကြည့်ရင် ကုပ်ချောင်းချောင်းနဲ့သွား ကြည့်ကြတယ်. . ."

"ဟာ. . . စွာလှချည်လား. . . ဟော့ကောင် ပန်တျာကြည့်ပြောထားကွာ. . ."

"အောင်မာ. . . ပန်တျာနဲ့ငါနဲ့ ဘာမှမဆိုင်ဘူး. . ."

ပန်တျာက မျက်နှာငယ်လေးနှင့် ဖြစ်နေသည်။

"အေးလေ. . . တို့ကလည်း ဆိုင်တယ်လို့ မပြောသေးပါဘူး. . . ကြည့်ပြောဖို့ပဲ ပြောတာပါ. . ."

မိမိသည် ရှက်သွေးဖြင့် မျက်နှာကလေးရဲလာသည်။

မိုးဇော်က ဝင်ပြောပြန်သည်။

"နင်တို့မိန်းကလေးတွေကို ငါကြည့်ကြည့်နေတယ်. . . မယောင်ရာ ဆီတော်တော်လူးတဲ့ဟာတွေ. . .။ စာမေးပွဲမဖြေခင်မှာဆိုရင်လည်း မဖြေခင် အလျောက်. . . ဖြေပြီးရင်လည်း ဖြေပြီးတဲ့အလျောက် လွှန်ကိုလွှန်လွန်းတယ်"

"မင့်စကားမှာ ငါသိပ်နားမရှင်းတာပါတယ် မိုးဇော်. . . မယောင်ရာ ဆီလူးတယ်ဆိုတာ ဘာအဓိပ္ပါယ်လဲ. . ."

"လွယ်လွယ်လေးပါကွာ ပန်တျာကလဲ. . .။ သူတို့မိန်းကလေးတွေရဲ့ မယောင်တဲ့နေရာတွေဟာ ဘယ်နေရာတွေလဲ. . . ဥပမာကွာ လှည်ပင်း။ အင်းရင်ဘတ်. . . ရင်ဘတ်ကတော့ ယောင်တယ်ထွ။ အဲဒီတော့ လည်ပင်းလိုနေရာမျိုးကိုပဲ ဆီလူးတယ်ကွာ. . . တကယ်တော့ ရင်ဘတ်လို နေရာမျိုးကို ဆီလူးရမှာ"

"မိုးဇော်. . . နင် တော်တော်မိုက်ရိုင်းပါလား. . ."

မိုးဇော်ပြဿနာတက်တော့မည်။ ကောင်မလေးတွေရဲ့ အငြိုးက မိုးဇော်ပေါ် ကျလာတော့မည်။

ထို့ကြောင့် ချစ်တီးက ကြားဝင်လိုက်သည်။

"နေကြပါဦးဟာ. . . ငါရှင်းပြဖို့မယ်. . . လူတွေမှာ ယောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ နေရာတွေရှိတယ်. . . ဥပမာဟာ လက်ကတီးလို့နေရာမျိုး. . . ခါးလို့နေရာမျိုး"

မိန်းကလေးတွေ မျက်လုံးပြူးသွားသည်။ သူတို့သည် လက်ကတီး ဆိုသော အသုံးအနှုန်းကို မသိကြ။

"ချစ်တီး နင်လည်း မိုက်ရိုင်းပြန်ပြီလား. . ."

"အဲဒါသာကြည့်တော့ သူငယ်ချင်းတို့ သူတို့မှာ အာဗဟုသုတမှ မရှိကြဘူးလို့ ပြောတော့လည်း မခံချင်ကြဘူး. . .။ မှတ်ထား လက်ကတီး ဆိုတာ ချိုင်းကိုပြောတာ။ အဲဒီယောင်တတ်တဲ့ နေရာတွေကို ဆီသွားလူး ရင် ယောင်ပြီး ပေါက်ကရတွေ ဖြစ်ကုန်မှာစိုးလို့ မယောင်တဲ့နေရာတွေကိုပဲ ဆီလူးခိုင်းတာကွ"

ကောင်မလေးတွေ မျက်စိလည်ကုန်ကြ၏။ သည်တော့မှ ကျွန်တော် ကြားဝင်ရတော့သည်။

"ချစ်တီးကလည်း မှုရင်းအဓိပ္ပါယ်ပျောက်အောင် ပြောရော့ မယ်. . .။ ဒီလိုဟ. . . ငါရှင်းပြမယ်. . .။ အရင်ခေတ်တွေက ဆေးဆရာ တွေဟာ လူနာတွေကို နည်းမျိုးစုံနဲ့ ဆေးကုပေးကြတယ်။ အဲဒီမှာ အနာ တွေ. . . အကျိတ်တွေက ယောင်လာရင် ဆီမန်းလူးပေးပြီး ပျောက်အောင် ကုသကြတယ်. . .။ အဲဒီတော့ ဆေးဆရာက တကယ်လိမ်း. . . တကယ် လူးရမယ့် ယောင်နေတဲ့ နေရာကိုမလူးဘဲ မယောင်တဲ့နေရာတွေကို ဆီမန်း လျှောက်လူးနေတာကိုပြောတာ. .။ ဒါက အနက်ရင်းပေါ့. . . ။အနက်ပွား ကတော့ မဆိုင်တာကို လျှောက်လုပ်နေတယ်. . .။ ဆိုင်တာကို မလုပ်ဘူး ဆိုတဲ့ အဓိပ္ပါယ်. . ."

ကောင်မလေးတွေ ကျေနပ်သွား၏။ ကေသီဦးက ထုတ်ဖော်၍ ချီးကျူး၏။

"သိဟကတော်တယ်။ နင်တို့နဲ့တော့ ကခြားစီပဲ. . ."

စုမြတ်ကတော့ ဖျောင်းဖျောင်းဖျဖျဝင်ပြော၏။

"နင်တို့ကလည်းတယ်. . . ပြေးကြည့်လိုက်ရင် ဒီသူငယ်ချင်း အုပ်စုလေးပဲ။ တွေ့လိုက်ရင် ခွေးနဲ့ကြောင်လိုပဲ ကိုက်ချင်နေကြတာပဲ. . ."





"အဲဒါဆိုရင် နင်တို့မိန်းကလေးတွေက ခွေး. . ."

ကျွန်တော်ပန်တျာကို လက်ကာပြလိုက်မိသည်။

"နေဦးကွ. . .။ ဒီနေ့ဟာ တို့ကိုးတန်းကျောင်းသားတွေရဲ့ နောက်ဆုံးနေ့ပဲ။ နွေရာသီကျောင်းပိတ်ရက်ကလည်း နှစ်လလောက်ပိတ် မှာ. . .။ အဲဒီတော့ တို့တွေ ရန်စကားတွေမပြောကြနဲ့တော့. . . အဲဒီတော့ တို့တွေ နွေရာသီကျောင်း ပိတ်ရက်မှာစုပြီး တစ်နေရာရာ လျှောက်လည်ကြ ရအောင်ဟာ. . ."

"ဂွဒ် အိုင်ဒီယာပဲ"

"သိဟ ပြောတာကောင်းတယ်"

မိန်းကလေးတွေက ဆူညံဆူညံဖြစ်ကုန်ကြပြန်သည်။

"ပဲခူးသွားကြမလား. . ."

မျိုးမျိုးဇင်က အကြံပြုသည်။

"ဟာ. . ဝေးလွန်းတယ်ဟာ. . .။ ငါတို့အိမ်က ခွင့်ပြုမှာ မဟုတ် ဘူး. . .။ သာစုကန်သွားရအောင်. . ."

"ဟင်း. . . ပြင်းစရာကြီး"

"ရုပ်ရှင်သွားကြည့်ကြရင်ကောင်းမယ်"

"ရုပ်ရှင်ကြည့်တာကတော့ ကောင်းပါတယ်။ ဒါပေမယ့် ရုံထဲကျ ရင် ဘယ်လိုထိုင်မလဲ. . ."

"ရုပ်ရှင်ထဲကလိုပဲ ယောကျ်ားလေးတစ်ယောက်. . .။ မိန်းကလေး တစ်ယောက်ထိုင်လိုက်ပေါ့ဟာ. . . အတွဲတွေလိုပေါ့. . ."

"အောင်မာ. . . ကောင်စုတ် နင်တို့နာနေဦးမယ်. . ."

"ရုပ်ရှင်ရုံက မှောင်တယ်ဟာ. . . မဖြစ်ပါဘူး. . .။ တော်ကြာ တို့ယောကျ်ားလေးတွေကို နင်တို့ဖက်နမ်းလိုက်ရင် ဘယ်လိုလုပ်မလဲ. . ."

"ပန်တျာ. . . နင်နော်. . ."

"ဘုရားသွားကြရင် ကောင်းမယ်"

"ဟာ ဘုရားတော့ မသွားချင်သေးဘူးဟာ. . ."

"နင်က ဘာလို့မသွားချင်တာလဲ. . . ဒိဋ္ဌိဖြစ်ချင်လို့လား. . ."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးဟ. . . ရည်းစားရမှ သွားမယ်လို့ အစီဋ္ဌာန်ပြုထားလို့. . ."

မိုးဇော့်စကားကို ကောင်မလေးတွေ ဝိုင်းဟားကြသည်။

"အဲဒါဆို နင်ဘယ်တော့မှ ဘုရားရောက်မှာ မဟုတ်တော့ဘူး. . ."

သန္တာစိုး စကားကြောင့် မိုးဇော်ပုသွား၏။ ချစ်တီးကလည်း အဖေဆုံးပြီးတာ နှစ်ပတ်လောက်ပဲရှိမည်။ နည်းနည်းပြန်မြူးနေလေပြီ။

"ဒီလိုလုပ်ဟာ. . . နီးနီးနားနား မန္တလေးသွားကြရအောင်. . ."

"တော်စမ်းဟာ. . . တိရစ္ဆာန်ရုံသွားကြရအောင်. . ."

"ဟွန်း. . . တိရစ္ဆာန်ရုံက ချစ်သူတွေသွားကြတာ. . ."

ဝေဝေလွင်၏မှတ်ချက်ကလည်း နည်းနည်းကြောင်သွား၏။

"နင်ကြောင်လှချည်းလား ဝေဝေ. . . တိရစ္ဆာန်ရုံဆိုတာ ဗဟုသုတ ဘယ်လောက်ရတဲ့ နေရာဖြစ်သလဲ. . ."

"ဗဟုသုတ ပိုဖြစ်ချင်ရင်တော့ ပန်းခြံသွားကွာ. . .။ ပန်းခြံက ဗဟုသုတ ပိုဖြစ်တယ်. . ."

မိန်းကလေးတွေက မိုးဇော်ကို မျက်စောင်းဝိုင်းထိုးကြပြန်သည်။

နောက်ဆုံးတော့ ကျွန်တော်ကပင် စကားတွေကို ဖြတ်ပေးလိုက်ရသည်။

"ကဲ. . . ဟာ။ စကားတွေက လိုရင်းမရောက်တော့ဘူး. . .။ အဲဒီတော့ တိရစ္ဆာန်ရုံကို သွားမယ်ဆိုတာ သဘောတူသလား. . ."

"တူတယ်. . . တူတယ်. . ."

"အေးတူရင် ငါတို့စီစဉ်လိုက်မယ်။ ဒီတစ်ပတ်စနေနေ့ လုပ်ရင်ကောင်းမလား. . . တနင်္ဂနွေနေ့လုပ်ရင်ကောင်းမလား. . ."

"တနင်္ဂနွေနေ့ ပိုကောင်းတယ်. . ."

"အေး. . . အဲဒီတော့ လိုအပ်တာတွေ စီစဉ်ဖို့ ငွေလေးတွေပါသလောက်ထည့်ခဲ့ကြဟာ. . . ပြီးတော့ တနင်္ဂနွေနေ့ကျရင်လည်း နည်းနည်းတော့ ယူလာကြ. . .။ နည်းနည်းပါးပါးလိုတာတော့ တို့စိုက်လိုက်ပါ့





မယ်. . ."

ကောင်မလေးတွေ ကွိစိ ကွစိ လုပ်၍ ပိုက်ဆံထည့်ကြသည်။ စုမြတ်၏ ပိုက်ဆံသည် အသစ်ဖြစ်နေသဖြင့် ကျွန်တော်က ဦးအောင်ယူ၍ အိတ်ထဲ ထည့်လိုက်ရာ ဟိုကောင်တွေမြင်သွား၏။

"ဟောကောင် thin. . . ဘာလုပ်တာလဲ. . ."

စုမြတ်ကလည်း မြင်သွားသဖြင့် ကျွန်တော်ရှက်သွားသည်။

"ဩော်. . . မင်းက ဒီလိုကိုး. . ."

တချို့ကောင်မလေးတွေက မမြင်လိုက်သဖြင့် လိုက်မေး၏။

"သူဘာလုပ်လိုက်လို့လဲ. . ."

စုမြတ်သည် ပြုံးစေ့စေ့နှင့် တစ်ဖက်သို့လှည့်သွား၏။ မိမိက စုမြတ်ကို မျက်စိမှိတ်ပြလိုက်သဖြင့် စုမြတ်ရှက်သွားလေ၏။

ကုက္ကိုပင်ကြီးသည် ကျွန်တော်တို့အုပ်စုကို ပူပြင်းသော နေရောင်ခြည်ဒဏ်မှ ကာထားပေးသည်။ တပေါင်းလ၏ မွန်းတည့်နေသည် ကျွန်တော်တို့ ထံမရောက်တော့ပါ။

♦♦♦

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"မင်း တို့ကို ထူးဆန်းတဲ့ မြင်ကွင်းပြစရာရှိတယ်။ ဒီကိုလာကြည့်ကြစမ်း. . . "

ကျွန်တော်တို့ ကျားလှောင်ရုံနားမှာ ရပ်ကြည့်နေတုန်း ပန်တျာက ခပ်သွက်သွက်လှမ်းခေါ်သဖြင့် ကျွန်တော်တို့စိတ်ဝင်စားသွားကြသည်။ ကောင်မလေးတွေကလည်း ပန်တျာ့အသံကြောင့် စိတ်ဝင်စားသွားပုံရပါသည်။ ကျွန်တော်တို့ပန်တျာ့အနီးသို့ ရောက်သောအခါ ပန်တျာက ခပ်လှမ်းလှမ်းမှာ ရှိသော ခုံတန်းလေးအပေါ်မှာ ထိုင်နေသော စုံတွဲတစ်တွဲကို မေးဆတ်ပြသည်။ ကျွန်တော်တို့လှမ်းကြည့်လိုက်သည့်အခါ သာမန်အတွဲတစ်တွဲသာ ဖြစ်နေပြီး ဘာမှထူးထူးခြားခြား မတွေ့ရပါ။

"ဟာ. . . မင်းဟာက ဘာထူးဆန်းလို့လဲကွ. . . "

"အဲဒါကြေ်တာပဲ. . . ကောင်မလေးမှာ လက်မပါဘူးကွ. . . ကောင်လေးက ကောင်မလေးကို အာလူးကြော်ခွံ့ကျွေးနေတာ တွေ့လား. . "





ကျွန်တော်တို့ ပန်တျာ့ကျောကို ဝိုင်းထုံးကြ၏။ ပန်တျာ့စကားကို ကောင်မလေးတွေလည်း ကြားသွားပြီး ပြုံးတုံ့တုံ့ဖြစ်ကုန်ကြသည်။ ထိုအချိန်၌ စုမြတ်နှင့်ကျွန်တော်မျက်လုံးချင်း ဆုံသဖြင့် ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားသည်။ စုမြတ်သည် သည်ကနေ့ ထူးထူးခြားခြားလှနေသည်ဟု ကျွန်တော် ဘာသာတင်နေမိပါသည်။ အာလူးကြော်ခွံ့ကျွေးနေသော ကောင်လေးက သူ့ရည်းစားကောင်မလေး၏ ဆံပင်တွေကို လေဖြင့်မှုတ်ပေးနေတာကြည့်ပြီး ကျွန်တော်လည်း စုမြတ်၏ဆံပင်ဆံနွယ်တွေကို လေဖြင့်မှုတ်ပေးချင်လာသည်။

"အင်း. . . သူများသားသမီးတွေများ ကောင်းစားနေလိုက်ကြတာ. . . ငါတို့ဖြင့် ဘယ်သူ့ဆံပင် သွားမှုတ်ရမှန်းတောင်မသိဘူး. . . "

"မင့်မှာ မှုတ်ပေးရမယ့်သူတစ်ယောက်တော့ ရှိပါတယ်ကွ. . မုန့်ဟင်းခါးရောင်းတဲ့ အမေမြင့်လေ. . . "

အားလုံးဝိုင်းရယ်လိုက်ကြပြန်သည်။ ကျွန်တော်တို့ ကျောင်းမုန့်ဈေးတန်းတွင်ရှိသော မုန့်ဟင်းခါးဆိုင်မှ အမေမြင့်သည် အသက်၇၀ခန့်ရှိပြီး အပျိုကြီးတစ်ဦးလည်း ဖြစ်ပါသည်။

"ဟာ. . . ဟိုမှာ ကြည့်စမ်း ထူးဆန်းတာတစ်ခုတွေ့ပြန်ပြီ. . . "

ချစ်တီးက တစ်နေရာသို့ လက်ညှိုးညွှန်ပြသည်။

အဘိုးကြီးတစ်ယောက်က ကလေးဆယ်ယောက်လောက်ကို ခေါ်လာပြီး တိရစ္ဆာန်တွေကို လိုက်ပြနေသည်။

"သူ့မြေးတွေများလားကွာ. . . "

"မြေးတွေဆိုရင်လည်း . . သူ့မှာသားသမီးတွေ အများကြီးရှိရမယ်. . . "

"ကလေးထိန်းဌာနတစ်ခုက ကလေးတွေဖြစ်ရမယ်. . . "

မီမီကတော့ ကျွန်တော်တို့အုပ်စုကို ကဲ့ရဲ့လေသည်။

"ဒီနေ့ တနင်္ဂနွေနေ့လေ. . . ဘယ်လိုလုပ်ကလေးထိန်းဌာနက ဖြစ်မလဲ. . . နင်တို့လည်း ဘယ်လိုဖြစ်နေကြလဲ. . . စပ်စုလိုက်ကြတာ လွန်ရော. . . "



www.burmeseclassic.com

www.burmeseclassic.com



"မီမီကလည်း ဒါကိုအင်္ဂလိပ်လို observation လို့ခေါ်တယ်. . . စပ်စုတာမဟုတ်ဘူး. . . ဆရာကြီးရွှေဥဒေါင်းရဲ့ စုံထောက်ဝါသနာဝတ္ထု နင်တို့မဖတ်ဖူးလို့ ဒီလိုပြောတာ. . . စုံထောက်မောင်စံရှားနဲ့ သူ့အစ်ကို မောင်စံထွားနဲ့ စူးစမ်းကြတဲ့ ဝါသနာအကြောင်းရေးထားတာလေ. . . ဥပမာပေါ့ဟာ ဟိုမှာလာနေတဲ့ အတွဲတစ်တွဲကိုကြည့်စမ်း. . ."

ခပ်လှမ်းလှမ်းကလာနေသည့် အသက်ခပ်ကြီးကြီးယောကျ်ားကြီး တစ်ယောက်နှင့်မိန်းကလေးငယ်ငယ်ကလေးတစ်ယောက် အတွဲကိုပြ၏။

"သူတို့ နှစ်ယောက်ကို ဘာလို့ နင်ထင်သလဲ. . ."

"ဘယ်သိပါ့မလဲ. . . ဒါပေမယ့် ငါ့အထင်ပြောရရင်တော့ သားအဖ ပဲပေါ့ဟာ. . ."

"အဲဒါခက်တာပေါ့ မီမီ. . . အဖေဆိုရင် သူ့သမီး ပခုံးကို ဖက်မလား. ."

"အဲ့ဒါပွါယ်မရှိတာဟယ်. . .။ ငါတို့အဖေဆိုလည်း ဒီလိုပဲ တို့ကိုဖက်တာပဲ. . .။ နင်ပေါက်ကရတွေ လျှောက်ထင်မနေနဲ့. . . ငရဲကြီး နေဦးမယ်. . ."

"အဖေနဲ့သမီး ဖက်တာက ဒီလိုပုံစံမျိုးမဟုတ်ဘူးဟ. . . နင်တို့ကလည်း ဒီလောက်တောင် အ,ရသလား. . ."

ကျွန်တော်တို့လည်း ထိုနှစ်ယောက်ကို အသေအချာကြည့်မိသည်။ နည်းနည်းတော့လည်း ပန်ကျာပြောသလို ဖြစ်နိုင်သလို ထင်မိ၏။ ထိုအချိန်မှာပင် ကလေးတွေအများကြီးနှင့်အဘိုးကြီးအုပ်စုက ကျွန်တော်တို့ အနားရောက်လာ၏။ ချစ်တီးကသီချင်းဖြင့် ကလေးတစ်ယောက်ကို ခပ်ကိုးတိုးကပ်မေး၏။

"ဟေ့ ကလေး. . . ဟိုအဘိုးကြီးက သားတို့အဘိုးလား. . ."

ကလေးက ချစ်တီးကို ဘုကြည့်ကြည့်ပြီး ဖြေသည်။

"ဘယ်ကလာ အဘိုးဟုတ်ရမှာလဲဗျ. . . အဲဒါသားတို့ အဖေ ဗျ. . ."

"ဟေ. . ."





ကျွန်တော်တို့အုပ်စု မျက်လုံးပြူးကုန်ကြပါသည်။ ချစ်တီး၏ မျက်နှာသည် ပြူးဖြီးဖြီးကြီးဖြစ်သွားသည်။

"ငါကြားဖူးတဲ့ ရယ်စရာ ပုံပြင်ကလေးတစ်ခုလို ဖြစ်နေပြီကွ. . ."

ကောင်မလေးတွေရော ကျွန်တော်တို့တစ်တွေရော ချစ်တီးစကား ကို နားစွင့်ထားလိုက်သည်။

"တစ်ခါတုန်းကပေါ့ကွာ. . . တိရစ္ဆာန်ရုံတစ်ခုမှာ မျောက်ဝံမကြီး က မျောက်ဝံကလေး ဆယ့်ငါးကောင်မွေးတယ်တဲ့ကွ. . .။ အဲဒီတော့ လူတွေကလည်း မျောက်ဝံမကြီးက ဒီလောက်တောင်ကလေးတွေမွေး ရသလားဆိုပြီး ထူးဆန်းလို့ နေ့စဉ်လာလာပြီးကြည့်ကြသတဲ့. . .။ တိရစ္ဆာန် ရုံလည်း အတော်ကလေး စည်စည်ကားကား ဖြစ်နေတာပေါ့ကွာ. . . တစ်နေ့တော့ လူကြီးတစ်ယောက်နဲ့ သူ့မိသားစု အဲဒီမျောက်ဝံမကြီး ကလေးမွေးတာကို ကြည့်ဖို့ရောက်လာကြတယ်။ အဲဒီအခါမှာ တိရစ္ဆာန်ရုံ ရုံဝင်ပေါက်ဝမှာ သူတို့လက်မှတ်ဝယ်ကြတာပေါ့. . .။ အဲဒီလူကြီးက လူကြီး နှစ်ယောက်. . ကလေးအယောက် ၂၀လက်မှတ်ဝယ်တဲ့အခါ တိရစ္ဆာန်ရုံ ဝန်ထမ်းက အံ့ဩသွားပြီး ဒီကလေးတွေဟာ လူကြီးမင်းနဲ့ ဘာတော်စပ်ပါ သလဲလို့ မေးတဲ့အခါ အဲဒီလူကြီးက ငါ့သားသမီးတွေပေါ့လို့ ဖြေလိုက် တယ်. . . အဲဒီအခါမှာ တိရစ္ဆာန်ရုံဝင်ပေါက်စောင့်ဝန်ထမ်းက အံ့ဩ သွားပြီး. . . ဒီလိုပြောလိုက်တယ်. . . ဟာ အဲဒါဆိုရင် အန်ကယ်မျောက်ဝံ မကြီးကို သွားကြည့်နေစရာမလိုတော့ပါဘူး. . .။ ဒီမှာပဲ ရပ်နေပါ ခင်ဗျား. . . မျောက်ဝံမကြီးက အန်ကယ့်ကိုလာကြည့်ပါလိမ့်မယ်လို့ ပြောလိုက်တယ်. . . ဟီးဟီး. . ."

ကျွန်တော်တို့ ဝိုင်းရယ်လိုက်ကြ၏။ ကလေးတွေနှင့်အဘိုးကြီးက လည်း ကျွန်တော်တို့ကို ဘုကြည့်ကြည့်သည်။ ကျွန်တော်တို့၏ ပျော်ရွှင်စရာ တနင်္ဂနွေနေ့သည် တကယ်ကိုပင် ပျော်စရာကောင်းပါသည်။ တစ်ချက် တစ်ချက်တွင် အားလုံးအလစ်၌ ကျွန်တော်ကစုမြတ်အနီးသို့ ကပ်ကပ်သွား သည်။ ပြီးတော့ ဆရာကြီးပေ၍ စုမြတ်ကို ကျွန်တော်ရှင်းပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့မြန်မာနိုင်ငံအပါအဝင် အာရှတိုက်ကဆင်တွေနဲ့ အာဖရိကကဆင်တွေ မတူဘူးဟ. . ."

စုမြတ်က မျက်လုံးကလေးဝိုင်း၍ ပြန်မေးသည်။

"ဟင်. . . ဟုတ်လား. . . အာဖရိက ဆင်တွေက တို့ဆင်တွေလို နှာမောင်းမပါဘူးလား. . . အစွယ်မပါဘူးလား. . ."

"ဟာ ဘယ်ကဟုတ်ရမှာလဲ. . . အဲဒါတွေတော့ပါတာပေါ့. . . ဟို ဘယ်လိုပြောရမလဲ. . . အကောင်ပုံသဏ္ဍာန်သိပ်မတူတာပေါ့. . . နောက်ပြီး အစွယ်လည်း ပိုရှည်တယ်ပြောတာပဲ. . ."

ကျွန်တော်တို့ ပြောနေသည်ကို ပန်တျာကကြားသွားပါသည်။

"Thin . . . ငါတစ်ခုသိချင်လို့ တို့ဆီက ခြင်တွေနဲ့ နိုင်ငံခြားက ခြင်တွေ တူသလား. . ."

ပြဿနာပဲ။ ခြင်တွေကို ကျွန်တော်တူသလား၊ မတူသလား ကျွန်တော် မသိပါ။ သို့သော် စုမြတ်ရှေ့တွင် ကျွန်တော်မသိဘူးဟု ဝန်မခံချင်သဖြင့် ကျွန်တော်ဖြေးဖို့ ကြိုးစားလိုက်ပါသည်။

"မတူဘူးကွ. . . တို့ဆီက ခြင်တွေက သွေးပိုစုပ်တယ်. . ."

ကျွန်တော်တို့အနီးမှာ လာရပ်ကြည့်သော လူကြီးတစ်ဦးက ကျွန်တော့်စကားကြောင့် ပြုံး၍ ကြည့်သွားလေသည်။ ကျွန်တော်လည်း နည်းနည်းဘဝင်မြင့်သွားပြီး စုမြတ်အနီးသို့ ပို၍တိုးလိုက်သည်။ စုမြတ်၏ ကိုယ်မှ ကိုယ်သင်းနံ့ကလေးကိုပင် ကျွန်တော်ရနေလေသည်။

"ဆင်နဲ့ ပတ်သက်တဲ့စကားပုံတွေကလည်း မနည်းဘူး. . . ဆင်ဖြူ တော်မှီပြီး ကြံစုပ်သို့. . . ဆင်ကျိုးစားရာ ဆိတ်မခံသာ. . . ဆင်သေကိုဆိတ်သား ရေနဲ့မဖုံးနဲ့. . . အင်း. . . နောက်ထပ်ရှိသေးတယ်. . ."

ချစ်တီးက ကျွန်တော်ပြောနေတာ ကြားသွားပြီး-

"ဆင့် ဟိုဒင်းခွေးမျှော်ဆိုတာ ရှိသေးတယ်ကွ. . ."

"ဟာ. . . ဟေ့ကောင် ဘာတွေလျှောက်ပြောနေတာလဲ. . ."

စုမြတ်၏မျက်နှာကလေးသည် အနည်းငယ်နီသွား၏။ ကျွန်တော် စကားဆက်ပြောဖို့ ကြိုးစားလိုက်သည်။





"အင်း. . . ဆင့်ပါးစပ်နှမ်းပက်ဆိုတာလည်း ရှိသေးတယ်. . ."

ကျွန်တာတွေတော့ ကျွန်တော်စဉ်းစားမရတော့ပါ။ စုမြတ်က ကျွန်တော်ဆက်ပြောဦးမည်လား အထင်ဖြင့် နားစွင့်နေပုံရ၏။ ကျွန်တော် ဆက်မပြောတော့သောအခါ သူမက တစ်ခုကောက်ခါ ငင်ကာပြော၏။

"ဆင်သတ်အရပ်ဝေ ဆိုတာ ဘာပြောတာလဲဟင်. . ."

အမှန်တော့ ဆင်သတ်အရပ်ဝေဆိုတာက ဘာကိုဆိုလိုမှန်း ကျွန်တော်မသိပါ။ သို့သော် ကျွန်တော်ဖြေးဖို့ကြိုးစားမိပြန်ပါသည်။

"ဆင်ဟာ သတ္တဝါတွေထဲမှာ ကိုယ်လုံးအကြီးဆုံးပဲ စုမြတ်ရဲ့. . . အရပ်ကိုဝေမယ်ဆိုရင် ဆင်လိုကောင်ကိုသတ်ပြီးဝေမှ လောက်လောက်ငငရှိမယ်လို့ ဆိုလိုတာဖြစ်ပါလိမ့်မယ်. . ."

ကျွန်တော့်စကားကြောင့် စုမြတ်သဘောကျသွား၏။ သူမ၏ မျက်လုံးတွင် ကျွန်တော့်ကိုအထင်ကြီးသွားသော အရိပ်အယောင်ကိုတွေ့ရပါသည်။ ကျွန်တော်လည်း ကိုယ့်ဘာသာကိုယ် ဘဝင်မြင့်သွား၏။

"သီဟ နင်မြန်မာစာဂုဏ်ထူးထွက်မှာ သေချာတယ်. . .။ ဆယ်တန်းကျရင်. . . တို့ကို မြန်မာစာနည်းနည်းသင်ပေးနော်. . ."

အလို့။ ဘယ်လောက်ဟန်ကျပါသနည်း။ ကျွန်တော်ချစ်ရသူကို စာသင်ပေးရမည့် ကိစ္စသည် ဘယ်လောက်ဟန်ကျပါသနည်း။ သို့သော် ကျွန်တော်မြန်မာစာကို တကယ်မကျွမ်းကျင်ပါ။ အိမ်မှာ မြန်မာစကားပုံများ စာအုပ်ရှိသဖြင့် ထိုစကားပုံများစာအုပ်ကို ဟိုလှန်သည်လှန် လုပ်ထားရာမှ မှတ်မိနေသည်တို့ကို ပြန်ပြောပြနေခြင်းသာဖြစ်၏။ စာစီစာကုံးတစ်ပုဒ်ကို ဖြောင့်အောင်မရေးတတ်သော ကျွန်တော်သည် စုမြတ်ကို စာသင်ရာ၌ ဖြီးသည့် နည်းစနစ်ကိုသာ သုံးရပေတော့မည်။

"အင်း. . . ကောင်ပြီးလေ. . . ဒါပေမယ့် သူများတွေကိုတော့ လျှောက် မပြောနဲ့. . . တို့စုမြတ်တစ်ယောက်တည်းကိုပဲ ပြပေးမယ်. . ."

"ဟိတ်. . . မိပြီ. . . နင်တို့နှစ်ယောက်က ဒီနားမှာလာပြီး တိတ်တိတ်ကလေး စကားပြောနေကြတာကိုး. . . ဒါနဲ့ Thin က စုမြတ်ကို ဘာတွေပြမှာမို့လို့လဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



မီမီက ကျွန်တော်တို့အနားရောက်လာပြီး နားစွန်နားဖျားနှင့် ကြားသော စကားကိုမေးနေသဖြင့် စုမြတ်ကမျက်နှာကလေးရဲသွား၏။ အသံတုန်တုန်ကလေးနှင့် ဖြေသည်။

"ဘာမှ မဟုတ်ပါဘူးဟာ. . သီဟက ဆင်တွေအကြောင်းပြောပြနေတာပါ. . . ကဲ. . . တို့တွေ ဘယ်မှာနားကြမလဲ. . ဗိုက်လည်းဆာပြီ. . ."

သည်တော့မှ မီမီကလည်း အဖွဲ့သားတွေ လူပြန်စုဖို့ ပြောသဖြင့် လူပြန်စုရသည်။ ပြီးတော့ တိရစ္ဆာန်ရုံစားသောက်ဆိုင်မှာပဲ ကျွန်တော်တို့လူစုဒံပေါက်ဝယ်စားကြလေသည်။ ကံကောင်းချင်တော့ ကျွန်တော့်ဘေးမှာ စုမြတ်က ရောက်နေသည်။

ပျော်ရွှင်စရာ အချိန်ကလေးတွေ ကုန်သွားမှာကို နှမျောမိလေသည်။နွေရာသီ၏ နေသည် တိရစ္ဆာန်ဥယျာဉ်အတွင်း၌ အေးမြနေလေသည်။

♦♦♦

(၄)

ကျောင်းပြန်ဖွင့်သော အချိန်၌ ကျွန်တော်တို့ ကစ်အုပ်စုလုံးဆယ်တန်းသို့ ရောက်ခဲ့ ကြသည်။ သည်နှစ်တွင် မိုးအကျစောသဖြင့် ကျောင်းဖွင့်သည်နှင့် မိုးကတဖြိုင်ဖြိုင်ရွာနေလေပြီ။ ကျွန်တော်တို့လည်း လူပျိုကြီး ဖားဖားများ ပီပီ သသဖြစ်ခဲ့ကြပြီ။ မိန်းကလေးတွေလည်း အပျိုကြီးဖားဖား ဖြစ်ကုန်လေပြီ။ ကျွန်တော်တို့ယောကျ်ားလေးများတွင် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေ သိသိသာသာထွက်လာပြီး လည်ပင်းက လေုပ်ကြီး တွေကလည်း သိသိသာသာကြီးလာ၏။

လူပုံသဏ္ဌာန်ပြောင်းလာသည်နှင့်အမျှ အသံတွေက ဩလာ၏။ မိန်းကလေးတွေ၏ အပြောင်းအလဲကတော့ ပို၍သိသာသည်ဟု ထင်ပါသည်။ အသားအရေတွေက ပို၍ဝင်းဝါသာကြပြီး စိုပြည်လာ၏။ ထို့ပြင် အချို့နေရာတွေမှာ အသားတွေ သိသိသာသာများလာသည်ကို ကျွန်တော်တို့သတိပြုမိ ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တို့သတိပြုမိ ကြလေသည်။

"ငါတို့မှတ်ဆိတ်တွေ နှုတ်ခမ်းမွေးတွေကို ဘယ်လိုလုပ်ရမလဲကွ ချစ်တီး... မှန်ကြည့်လိုက်တိုင်း ရုပ်ကရင့်ရင့်လာတယ်..."

"လွယ်ပါတယ်ကွာ... မီးမြှိုက်လိုက်ပေါ့..."

"မင့်ကြီးတော်သွားမြှိုက်ပါလား... ငါကအကောင်းမေးတဲ့ဟာ..."

မိုးဇော်ကို ကျွန်တော်ပြန်ဖြေမိသည်။

"ငါတို့ကျတော့လည်း ပိန်လိုက်တာကွာ မျက်လုံးတောင်ပိန်မရလို့ သင်ပါ..."

ဘာပဲပြောပြော ကျွန်တော်တို့သည် ခန္ဓာကိုယ်အရ လူကြီးများဖြစ်လာကြသော်လည်း စိတ်ကတော့ ကလေးစိတ်မကာ၊ လူကြီးစိတ်မကျသော နေရာတွင်ပင်ရှိပါသေးသည်။ ကျွန်တော်တို့သည် ကလေးတွေလို မဆော့ကစားကြသော်လည်း ပျော်ရွှင်မြူးတူးလွယ်၍ စ,ကြနောက်ကြရသည်ကို အလွန်ပင် ပျော်ကြလေ၏။ လူကြီးစိတ် မကျတကျဖြစ်ရသည်မှာလည်း ရင်ခုန်တတ်စ အရွယ်ဖြစ်လာ၍ တစ်ကြောင်း၊ သူများအတွဲတွေအားကျ၍တစ်ကြောင်း ရည်းစားထားချင်လာပါသည်။

"ငါတော့ကွာ... မိမိ့ဆီက အဖြေကို အခုပဲရချင်လှပြီ... သီတင်းကျွတ်ကို ငါမိမိနဲ့လျှောက်လည်လိုက်ရရင် ဘာပြောကောင်းလိုက်မလဲ..."

ကျွန်တော်ကလည်း ပန်တျာနှင့်စိတ်ချင်းတူပါသည်။ စုမြတ်နှင့်သမီးရည်းစားတွေ အမြန်ဆုံးဖြစ်ချင်နေပါသည်။ မိမိကို ကျွန်တော်အပူကပ်ပြီး ပြောသည့်အခါ မိမိက-

"ငါ နည်းနည်းပါးပါးတော့ သွယ်ပိုက်ပြီး ပြောပြီးပြီ thin... အဲဒီတော့ စုမြတ်က ဘာပြောတယ်မှတ်သလဲ..."

သိချင်စိတ်ဖြင့် ကျွန်တော်ရင်တွေခုန်လာ၏။

"စုမြတ်ရဲ့အစ်မတွေက အပျိုကြီးတွေဟဲ့... အဲဒါ သူကလည်း သူ့အစ်မတွေလိုပဲ အပျိုကြီးလုပ်မှာတဲ့... ပြီးတော့ ပြောသေးတယ်။





ဘွဲ့မရခင်မှာ အချစ်ရေးကို မစဉ်းစားသေးဘူးတဲ့..."

"ဒုက္ခပါပဲဟာ..."

ကျွန်တော်တကယ်ကို စိတ်ဓာတ်ကျသွားပါသည်။ ပြီးတော့ စုမြတ်၏စကားတွေ အဆီအငေါ် မတည့်ပုံကို စဉ်းစားမိ၏။ အပျိုကြီးလုပ်မည်လည်း ပြောသေးသည်။ အချစ်ရေးကိုလည်း ဘွဲ့မရခင် မစဉ်းစားပါဘူးတဲ့။ ကျွန်တော် မျက်စိတွေလည်ကုန်၏။

သူမ၏ စကားက ဘာနှင့်အလားသဏ္ဍာန်တူသလဲဆိုတော့ ယုန်သားတော့ မစားဘူးပြော၍ သံပုရာတော့ရှာထားသလို ဖြစ်နေ၏။ (ယုန်မရခင် သံပုရာရှာဆိုသော မြန်မာစကားပုံကို ကျွန်တော့်ဘာသာစုမြတ်၏ စကားနှင့် နှိုင်းယှဉ်မိခြင်းသာဖြစ်ပါသည်)

"စုမြတ်က အပျိုကြီးလုပ်မယ်လည်းပြောသေး... ဘွဲ့ရမှအချစ်ရေး စဉ်းစားမယ်လည်းပြောသေးတယ်။ ငါဖြင့် ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး.."

မိမိသည်ပြုံး၏။

"ယတိပြတ်ကြီး မဟုတ်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့ဟာ နင်ကလည်း"

"ဒါနဲ့ နင်တို့နှစ်ယောက်အခြေအနေကရော ဘယ်လိုလဲ မိမိ..."

"ဆယ်တန်းမအောင်မခြင်း လုံးဝပဲ..."

"လုံးဝဆိုတာ ဘာကိုပြောတာလဲ..."

"လုံးဝဆိုတာ မစဉ်းစားဘူးကို ပြောတာ..."

"ဒါဆို ပန်တျာသနားပါတယ်။ သူ့ခမျာ နင့်ကိုကြိုက်လွန်းလို့ နင် ကြိုက်တတ်တဲ့ Hip Hop တွေတောင် လိုက်ဆိုနေတယ်..."

မိမိသည် ပြုံးသွား၏။

"တကယ်လား..."

"အေးပေါ့ဟ... သူက ဒါတွေကြိုက်တာ မဟုတ်ဘူး... မြန်မာသံတွေပဲ သူကြိုက်တာ..."

"ပညာသင်ချိန်မှာတော့ ငါ ဒါတွေမစဉ်းစားချင်သေးဘူးဟာ... တော်ကြာ ပညာရေးကိုထိခိုက်မှာစိုးရတယ်..."



www.burmeseclassic.com

www.burmeseclassic.com



ကို ပန်တျာ့ကို ပြောပြလိုက်သည့်အခါ ပန်တျာက "တော်သေးတာပေါ့။ စုမြတ် လို အပျိုကြီးမလုပ်လို့" ဟု ပြောပါသည်။

ကျွန်တော်တို့၏ စိတ်တွင် ထိုသို့ ချစ်သူရည်းစားဘဝကို တောင့်တ မိသော်လည်း ကျွန်တော်တို့သည် စာကိုကြိုးစား၍ သင်ယူကြလေသည်။ ကျွန်တော်တို့၏ စိတ်၌ တက္ကသိုလ်သို့ရောက်ချင်စိတ်သည် အလွန်ပင်ပြင်း ထန်နေ၏။ ကျော်ဇေယျတို့ အုပ်စုကတော့ လျှောင်၍၊ ပြောင်၍ကောင်း တုန်း။ သူတို့သည် စာကို သိပ်စိတ်ဝင်စားကြပုံမရ။

ပို၍ဆိုးသည်မှာ သည်ကောင်တွေအဖွဲ့ထဲက ကောင်တွေအတော် များများ အတွဲတွေ ရကုန်၏။ ကျော်ဇေယျက ဘီတန်းက ကောင်မလေး တစ်ယောက်နှင့်ကြိုက်သွား၏။

"ရည်းစားမထားနဲ့လို့တော့ မဆိုလိုပါဘူးကွာ. . .။ ဒါပေမယ့် စာကိုတော့ ကြိုးစားသင့်ပါပေါ့. . .။ နောက်ပြီး ဆယ်တန်းဆိုတာ မတော် ရင် မအောင်ဘူးပဲ. . .။ အဲဒီတော့ ဒူးလောက်တင်ထားမှ ရင်လောက် ကျမှာ. . ."

"ဟာ. . . ချစ်တီးကလည်း ရင်လောက်တင်မှ ဒူးလောက် ကျမှာပါ. . ."

"ဟဲဟဲ. . . ငါက ကင်းမြီးကောက်ထောင်ပြီး ပြောတာကိုး. . ."

"နှအား. . . ကင်းမြီးကောက်ထောင်ရင်လည်း အောက်ခံ ဘောင်းဘီတော့ ဝတ်ထားကွ. . ."

ကျွန်တော်တို့၏ ကျောင်းကြီးသည်ဒိုနေလေပြီ။ သို့သော် ကျွန်တော်တို့ကျောင်းသားကျောင်းသူများကတော့ အမြဲပင် လတ်ဆတ်နုပျို လျက်ရှိပါသည်။

တစ်နေ့ မုန့်စားကျောင်းဆင်းချိန်၌ ကျွန်တော်ကစာမပြီးသေး၍ စာတွေဆက်ကူးနေခိုက်တွင် ကျွန်တော့်ရှေ့ကခုံမှာ စုမြတ်ထားလာထိုင်၏။

"မပြီးသေးဘူးလား. . ."

"မပြီးသေးဘူး. . . ဘို့က လက်ရေးနှေးတယ်. . .။ စုမြတ်မုန့် မသွားစားသေးဘူးလား. . ."





"ဟင့်အင်း. . သီဟဆီမှာ မြန်မာစာနည်းနည်းလာသင်တာ. . "

ပြဿနာပဲ။ ဟိုကောင်တွေကို ကျွန်တော်မျက်စိဝေ့ကြည့်လိုက်ရာ သည်ကောင်တွေ စကြံမှာ ရောက်ကုန်ပြီ။ အတန်းထဲမှာလည်း လူသိပ်မရှိ။ အရေးထဲ စုမြတ်ကလည်း မြန်မာစကားပုံကလေးတွေ ရွတ်ပြတာနှင့်ပဲ ကျွန်တော့်ကို အထင်ကြီးနေပြန်သည်။ ဘာပဲဖြစ်ဖြစ် ဖြီးရပေတော့မည်။

"စုမြတ်က ဘယ်ဟာ နားမလည်လို့လဲ. . ."

"စာစီစာကုံး သိပ်မရေးတတ်လို့. . ."

"ဩော်. . . ဒါလား. . . စာစီစာကုံးဆိုတာ သိပ်မခက်ပါဘူး။ အဓိက မှတ်ဖို့ကတော့ နိဒါန်းရယ်၊ စာကိုယ်ရယ်၊ နိဂုံးရယ်ပဲ. . ."

"အဲဒါတော့ စုမြတ်တို့သိပြီးသားလေ. . ."

"ဟုတ်ပြီ အဲဒီသိပြီးသားကိုပဲ အလေးအနက်ထားရမယ်. . . မွမ်းမံ ရမယ်. . . ချဲ့ထွင်ရမယ်. . ."

ကူးနေသောစာ ပြီးသွားပြီဖြစ်သဖြင့် စာအုပ်ကို ကျွန်တော်ပိတ် လိုက်သည်။

"ပြီးတော့ စာစီစာကုံးမှာ စကားလုံးပေါ်ဟာရကြွယ်ဝရမယ်။ လူတွေ သိပ်မသိသေးတဲ့ စကားလုံးတွေအသုံးနိုင်ရမယ်. . .။ ပြီးတော့ မြန်မာ့ရိုးရာ ဟန်ဆန်ရမယ်. . ."

စုမြတ်သည် ကျွန်တော့်မျက်နှာကိုကြည့်၍ သေသေချာချာ နားထောင်နေ၏။

"ဥပမာ ပြောရရင်. . . လေဆိုရင် လေလို့မရေးနဲ့ ဝါယောဓာတ် လို့ ရေးရမယ်. . .။ မြေဆိုရင်လည်း ပထဝီလို့ရေးရမယ်. . .။ ခက်ကြီး လေးပါ။ စုမြတ် သိတယ် မဟုတ်လား. . ."

စုမြတ်က ခေါင်းညိတ်ပြသည်။ ကျွန်တော်ဆက်၍ ဖွီးမိပြန်သည်။

"ယောက်ျားဆိုရင်လည်း ယောက်ျားလို့မရေးနဲ့ ပုရိသလို့ရေး. . . မိန်းမ ဆိုလည်း ဣတ္ထိယလို့ရေး. . .။ အဲဒီလိုပေါ့ဗျာ. . . အဓိကကတော့ စကားလုံးကြွယ်ဝဖို့ပဲ. . .။ ပြီးတော့ တီထွင်မှုလည်းရှိရမယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း... အဲဒါဆိုရင် ကျွန်ုပ်အကြောင်းဆိုတဲ့ ခေါင်းစဉ်နဲ့ တစ်စာကုံးတစ်ပုဒ် တို့ကိုရေးပြစမ်းပါ..."

"ဒါများ... ဘာခက်သလဲ...။ ကျွန်ုပ်၏အကြောင်း... ကျွန်ုပ်၏အမည်မှာ မောင်ဘဖြစ်ပါသည်။ ကျွန်ုပ်၏ဖခင်အမည်မှာ ဦးလှဖြစ်၍ မိခင်မှာ ဒေါ်နု ဖြစ်ပါသည်။ ကျွန်တော်နှင့်ကျွန်တော့်ဖခင်သည် ပုရိသဖြစ်၍ ကျွန်တော် ၏မိခင်မှာ ဣတ္ထိယဖြစ်ပါသည်"

စုမြတ်သည် မျက်လုံးဝိုင်း၍ ကျွန်တော့်ကိုကြည့်၏။

"ကျွန်တော့်ဖခင်သည် ဆရာဝန်တစ်ဦးဖြစ်၍ မိခင်မှာမိုခိုသူဖြစ်ပါသည်။ ယခုအခါ ကျွန်တော်သည် ဒသမတန်း၌ ပညာသင်ကြားလျက်ရှိပါသည်။ ကျွန်တော့်အတန်းပိုင်ဆရာမ၏ အမည်မှာ ဒေါ်မီမီဝင်းဖြစ်၏"

"ဟင်... သီဟ စာစီစာကုံးကလည်း နှစ်တန်းကလေးတွေ ရေးသလို ဖြစ်နေပြီ..."

"အဲဒါပြောတာပေါ့...။ စာစီစာကုံးရေးရာမှာ အဲဒီလိုလွယ်လွယ်လေးတွေ နှစ်တန်းကလေးတွေ ရေးသလို မရေးသင့်ဘူးလို့ ဆိုလိုချင်လို့ တမင်ရွှတ်ပြတာ..."

စုမြတ်သည် နည်းနည်းငြိမ်သွား၏။

"ဟိုလေ... စာစီစာကုံးကို အလွတ်ကျက်သင့်သလားဟင်..."

"No... လုံးဝမကျက်သင့်ဘူး။ သူများရေးတဲ့စာကို ကျက်ခြင်းဖြင့် ကိုယ်ပိုင်စာရေးသားမှု ညံ့တတ်တယ်...။ အဲဒီတော့ စာစီစာကုံးကို ဘယ်တော့မှ အလွတ်မကျက်နဲ့...။ ကြိုးစားပြီးလေ့ကျင့်ပြီး ရေးရင်ဖြစ်လာလိမ့်မယ်...။ နောက်ပြီး စာစီစာကုံးတစ်ပုဒ် ရေးတော့မယ်ဆိုရင် ဗျာန်ဝင်စားပြီး ရေးရင် ပိုကောင်းတယ်..။ ဥပမာဟာ သင်ကြိုက်သော ဟင်းတစ်ခွက်အကြောင်းရေးခိုင်းတယ် ဆိုပါစို့..။ ကိုယ်သိပ်ကြိုက်တာ ဘာဟင်းလဲဆိုတာ အရင်စဉ်းစား။ ဝက်သားဟင်းကြိုက်ရင် အဲဒီဝက်သားဟင်းကို ကိုယ့်စိတ်ထဲမှာ ဗျာန်ဝင်စားပြီး အပြတ်ခံစားပစ်လိုက်.. စာစစ်မယ့် ဆရာမ ရဲ့ စိတ်ထဲမှာ သွားရည်တွေကျလာအောင်.. ဝက်သားတုံးကြီးကို ဝါးစား ချင်စိတ်ရှိလာအောင် ရေးရမယ်.. အို.. ဘယ်လောက်အထိ





ရေးသင့်သလဲဆိုရင်.. ရေးနေတဲ့ စာရွက်ကို ဝက်သားဟင်းတွေ စွန်းပေသွားသလိုမျိုးကို သဘောထားပြီး ရေးရမယ်၊ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်ရေးနေတဲ့ ဘောပင်က မင်တောင်မှ မင်မဟုတ်တော့ဘဲ ဝက်ဆီတွေလို့ သဘောထားပြီးရေးရင် ပိုကောင်းတယ်.."

စုမြတ်သည် မျက်လုံးကလေး ဝိုင်းသွားပြီး ပြုံးသည်။

"ဟွန်း.. စုမြတ်ကတော့ အဲဒီခေါင်းစဉ်နဲ့ စာစီစာကုံးရေးခိုင်းရင် ဝက်သားဟင်း အကြောင်းမရေးဘူး.."

"ဟင်... ဘာဖြစ်လို့လဲ"

"အို.. စုမြတ်တို့က ဝက်သားမစားဘူး.."

ကျွန်တော် ဟင်ခနဲဖြစ်သွားမိပါသည်။ ကျွန်တော်တို့ တစ်အိမ်လုံးက ဝက်သားကို ရေရေလည်လည်ကြိုက်ကြပါသည်။ ဒုက္ခပါပဲ။ စုမြတ်တို့သည်လည်း မိုးဇော်လိုပင် နတ်ကိုးကွယ်ကြပြီလား မသိပါ။

"စုမြတ်တို့က နတ်ကိုးကွယ်လို့လားဟင်.."

"မဟုတ်ပါဘူး.. မစားချင်လို့ကို မစားကြတာ.."

စုမြတ်ကို ချစ်လျှင် ဝက်သားမစားနဲ့ဟူသော အဖြစ်မျိုး တစ်နေ့ကြုံလာလျှင် ကျွန်တော်မည်သို့ လုပ်ရမည်နည်း။ သို့သော် မတတ်နိုင်၊ နောင်ခါလာနောင်ချေးပဲဖြစ်သည်။

"စာစီစာကုံးနဲ့ပတ်သက်ရင် ပြောစရာတွေအများကြီး ရှိသေးတယ်။ တစ်ရက်.. တစ်ချိန်တည်းနဲ့တော့ မလုံလောက်ဘူး စုမြတ်.. ဒီလိုလုပ်ပါလား.. မုန့်စားဆင်းချိန်တွေမှာ တို့နည်းနည်းပြပေးမယ်လေ.."

"အင်းလေ.. စုမြတ်ကို နည်းနည်းပြပေး"

"အင်း.. ဟုတ်ပြီ ပြပေးမယ်နော်.. စုမြတ်ကလည်း သေသေချာချာ ကြည့်.. အဲ သေသေချာချာနားထောင်ပေါ့.. ဟုတ်လား"

"ဒါနဲ့သီဟ.. အင်္ဂလိပ်စာလည်း ကျွမ်းတယ်မဟုတ်လား.. အက်ဆေးရေးမယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ.."



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ ကျွန်တော်ဆိုသည့် ကောင်ကလည်း ရေးရင်တော့ မဆိုးပါ။ သင်ပေးဖို့ကျတော့ သိပ်မရ။ ဒီတော့ ထုံးစံအတိုင်းပဲ ဖြီးတက်ကနစ်ကို သုံးရလေတော့သည်။

"အင်္ဂလိပ်စာမှာ အက်ဆေးဟာ အခက်ဆုံးပဲ စုမြတ်ရဲ့ .. လူတစ်ယောက် အင်္ဂလိပ်စာ ဘယ်လောက်ကောင်းသလဲ မကောင်းသလဲ သိချင်ရင် အက်ဆေးကိုသာ ရေးခိုင်းကြည့် .. အဲဒီလောက် အရေးကြီးတဲ့ အက်ဆေးကို ရေးတဲ့အခါမှာလည်း မြန်မာစာလိုပါပဲ .. ဒါပေမယ့် ဝါကျရေးတဲ့အခါမှာ သိပ် ခက်ခက်ကြီးတွေ မရေးသင့်ဘူး ..။ အဲဒီလို ရေးရင်အမှားပါသွားနိုင်တယ် .."

စုမြတ်က စိတ်ဝင်စားစွာဖြင့် နားထောင်နေပြီး ပြန်မေးသည်။

"အဲဒါဆိုရင် ဘယ်လိုပုံစံမျိုးတွေ ရေးရမလဲ .."

"This is a book. This is a pencil အဲဒီလိုမျိုး ရေးတတ်တယ် မဟုတ်လား"

"ဟွန်း .. သိပ်ဟာအက်ဆေးကလည်း နှစ်တန်းကလေးတွေ ရေးသလို ဖြစ်နေမှာပေါ့ .."

"ဟဲ .. ဟဲ .. အဲဒီလို ရေးရင်စာစစ်တဲ့ ဆရာမ အထင်သေးသွားမှာလို့ပြောမလို့ ..။ အလယ်အလတ်ရေးသားနည်းမျိုးနဲ့ ရေးရမှာသိပြီလား.."

ထိုအချိန်မှာပင် ကျောင်းပြန်တက်သည့် ခေါင်းလောင်းထိုးလိုက်သဖြင့် ကျွန်တော်သက်သာရာရသွား၏။ စုမြတ်သည် ကျွန်တော့်ကို နှုတ်ဆက် ပြီး သူနေရာသူပြန်သွားသည်။ ခဏကျတော့ ဟိုကောင်တွေ ကျွန်တော့်အနီးသို့ စပ်ဖြီးဖြီးနှင့်ရောက်လာကြ၏။

"ဟေ့ကောင် သင်း .. အဆင်ပြေနေတယ်ပေါ့ ဟုတ်လား"

"မဟုတ်ပါဘူးကွာ .. စုမြတ်က ငါ့ဆီမှာ စာလာသင်တာ .."

"အလို .. ကျားသားမိုးကြိုး စုမြတ်က မင်းဆီမှာ စာလာသင်တယ် ဟုတ်လား .. အင်း .. စုမြတ်တော့ စာတတ်တော့မှာပဲ ..."

ကျွန်တော် သည်ကောင်တွေကို မျက်စိမှိတ်ပြလိုက်သည်။





"ရှုးတိုးတိုးပြောကွ .. မုန့်စားဆင်းတိုင်း သူ့ကို ငါစာသင်ပေးဖို့ သဘောတူထားတယ် .."

"အင်း .. ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးတော့ တွေ့နေပြီ .."

သည်ကောင်တွေ ဘယ်လိုပြောပြော ကျွန်တော် မမှုပါ။ နောက်ရက်များတွင်လည်း မုန့်စားဆင်းချိန်၌ ကျွန်တော်က စုမြတ်ကို စောင့်နေ၍ စုမြတ်ကလည်း ကျွန်တော်ရှိရာ ရောက်ရောက်လာပါသည်။

တစ်နေ့တော့ မုန့်စားဆင်းချိန်၌ စုမြတ်က သူမတို့ရှိရာ ခုံမှ ကျွန်တော့်ကို လှမ်းခေါ်၏။

"သိဟ .. တို့တွေ တစ်ခုမေးစရာရှိလို့ ဒီကိုခဏလောက်ပာ .."

စုမြတ်တို့ ခုံမှာ စုမြတ်နှင့် မေသဇင်မြင့်၊ ပြီးတော့ ကေသီဦးတို့ ရှိသည်။ ကျွန်တော်သူတို့ကြားမှာ သွားထိုင်သည်။

"ကဲ .. မေး .. ဘာမေးစရာရှိလို့လဲ"

"အင်္ဂလိပ်စာ ခမ္မမိဋ္ဌာန်မေးခွန်းတွေမေးမလို့ ..."

သူတို့ကမေးခွန်းတွေ ထုတ်ပေးသဖြင့် ကျွန်တော်ဖြေပေးရလေသည်။ အတော်များများမှန်အောင် ဖြေနိုင်သော်လည်း တချို့မေးခွန်းတွေ၌ ကျွန်တော် မဖြေနိုင်။ သူတို့ကလည်း ကျွန်တော့်ကို အကဲခတ်နေကြ၏။

"အဲဒီလိုမေးခွန်းမျိုးဆိုရင် ဘယ်လိုဖြေမလဲဟင် ..။ အေလား .. ဘီ လား .. စီလား ဘာထည့်ရမှာလဲ .."

"ဒီလိုမေးခွန်းမျိုးတွေဆိုရင် နည်းနည်းတော့ စဉ်းစားရမယ် ..။ ဒီလို မေးခွန်းမျိုးဆိုရင် ရွေးချယ်စရာက သုံးခုပဲရှိတယ် .. အေ သို့မဟုတ် ဘီ သို့မဟုတ် စီ .. အဲဒီသုံးခုထဲက တစ်ခုခုပဲ"

"အင်း .. အဲဒါတော့ နင်ပြောမှလား"

"ဒီဥစ္စာက ဉာဏ်စမ်းမေးတာဆိုပေမယ့် တို့တွေအတွက်က ဉာဏ်စမ်းမဟုတ်ဘူး .. ကံစမ်း .. အဲဒီတော့ အဲဒီအေဘီစီသုံးခုထဲက နင်တို့ကြိုက်တာ .. နင်တို့ထင်တာထည့်"

"ဟာ .. တို့လည်း ဒီမေးခွန်းတွေ မဖြေတတ်လို့ နင့်ကိုခေါ်



www.burmeseclassic.com

www.burmeseclassic.com



တယ် . . နင်က ပိုဆိုးနေပြန်ပြီ . . "

"အေးလေ . . မဖြေနိုင်မယ့် အတူ . . တစ်ခုခုရေးလိုက်တာကမှ ကံစွပ်ပြီး မှန်သွားရင် အမှတ်ရဦးမယ် . . ။ ဒီအတိုင်း ဗလာကြီးရေးလိုက်လို့ကတော့ တစ်မှတ်မှ ရမှာမဟုတ်ဘူး"

ကောင်မလေးတွေ နည်းနည်းပြုံးသွားကြသည်။ ကေသီမိုးကတော့ ဖွင့်ဟပြော၏။

"တို့လည်း အဲဒီလိုပဲ လုပ်မလို့ဟ . . "

"ဒါနဲ့နေပါဦး . . အင်္ဂလိပ်စာ ဝေါဟာရကြွယ်အောင် ဘာလုပ်သင့်သလဲ"

မေသဇင်မြင့်ကလည်း ကျွန်တော့်ထံမှ အကြံတောင်းပြန်၏။

"အင်္ဂလိပ်စာ ဝေါဟာရကြွယ်ဖို့ဆိုရင် အဘိဓာန်ကို လေ့လာသင့်တယ် . . ။ အေကနေ ဇက်အထိပေါ့၊ အားရင် အားသလိုလေ့လာကြည့်ပေါ့ ဥပမာဟာ အေကနေစပြီးလေ့လာ . . အေဆိုရင် အေပီပီအယ်အီး အက်ပဲ ပန်းသီး။ အေအာအာအိုဒဗလျူအဲန်ိုး မြား . . ဘီဆိုရင်လည်း ဘီအိုအိုကေ ဘွတ် စာအုပ် အဲဒီလိုမျိုးပေါ့"

အမှန်က ကျွန်တော် နောက်နေခြင်းသာဖြစ်သည်။ ဘယ့်နှယ်က ဘယ့်နှယ်မိန်းကလေးတွေနှင့်စကားပြောရလျှင် နောက်ချင်ပြောင်ချင်သည့်စိတ်ကဝင်လာသည်မသိ။ ကျွန်တော်ပေါက်ကရတွေ လျှောက်ပြောလိုက်ပြီဆိုရင် သူတို့တွေ အူကြောင်ကြောင်ဖြစ်သွားကြပြီး မျက်လုံးကလေးတွေဝိုင်းနေကြ၏။

"သြော် . . စကားမစပ်ပြောရဦးမယ် သီဟ . . ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က နင်တို့အုပ်စု လမ်းထိပ်က အုတ်ခုံမှာ ဂစ်တာတီးနေတာတွေ့တယ် . . နင်တီးတတ်လား . . "

"ဟာ တီးတတ်တာပေါ့ဟာ . . ဘယ့်နှယ်ပြောပါလိမ့် . . ဒီတစ်ခါ ရပ်ကွက်စတိတ်ရှိုးလုပ်ရင် ဘိုတွေတက်တီးကြမလို့ . . သီတင်းကျွတ်လောက် ဖြစ်မလားပဲ . . "

"နင် သီချင်းရောဆိုတတ်လား . . "





ကေသီဦးနှင့် မေသဇင်မြင့်က လမ်းကြောင်းပြောင်းပြီး စာအကြောင်းမှ သွေဖယ်ကုန်ကြသည်။ စုမြတ်ကတော့ ဘာမှမပြောဘဲ ပြုံး၍သာ နားထောင်နေ၏။

"အင်း . . ဆိုတတ်တာပေါ့ဟာ . . "

"ကိုလည်းဆိုတတ်ချင်တယ်ဟာ . . "

"နင်တို့ဆိုတတ်ချင်ရင် အရင်ဆုံးလျှာသွက်လာဖို့ အရင်ကျင့်သဥပမာဟာ . . တောင်ပေါ်က ရှမ်းကလေး လျှော်ထမ်းလို့ပြေး ရှည်တဲ့လျှော်က ရှည် . . ။ တိုတဲ့လျှော်ကတိုတို့ . . တုံးအောက်က ဖား . . ပြားတဲ့ ဖားကပြား ဖားတဲ့ ဖောင်းက ဖောင်း . . . "

ကျွန်တော်မှားသွားသဖြင့် သူတို့ရယ်ကြ၏။

"အဲသည်လိုမျိုး မှားလို့မရဘူး . . လျှာသွက်အောင် ဒီဟာတွေကို နေ့စဉ်ဆိုပေးရမယ် . . နောက်ပြီး ဖြစ်နိုင်ရင် ပါးစပ်ပိတ်ပြီး ဆိုရမယ်"

ကောင်မလေးတွေ မျက်စိလည်ကုန်ကြ၏။

"ဟဲ့ . . ပါးစပ်ပိတ်ပြီးဆိုရင် ဘယ်လိုရမှာလဲ . . အသံမှမထွက်တာ"

"ကျင့်ကြည့်ပါဟာ . . "

စုမြတ်ကတော့ ရယ်နေပါသည်။ မေသဇင်မြင့်နှင့် ကေသီဦးကတော့ ပါးစပ်ပိတ်၍ သီချင်းဆိုကြည့်နေသည်။ ထိုအခါ သူတို့အသံက အင် . . ဝူ စသဖြင့် ဖြစ်နေပြီး စကားမပြောတတ်သူတွေလိုဖြစ်နေ၏။ ကျွန်တော်ရယ်လိုက်သောအခါမှ သူတို့သဘောပေါက်သွား၏။

"ကောင်စုတ် . . . ငါတို့က အကောင်းမှတ်လို့ . . "

ကျွန်တော်တို့၏ ကျောင်းသားဘဝသည် လွတ်လပ်ပျော်ရွှင်ဖွယ်ဖြစ်နေလေသည်။ ခဏကြာတော့ ကျောင်းပြန်တက်၏။ မိုးကအပြင်ဘက်တွင် သည်းထန်နေလေပြီ။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## (၈)

သီတင်းကျွတ်ပြီဖြစ်သဖြင့် မိုးကအဲသွားလေပြီ။ ကောင်းကင်တွင် မိုးရိပ်မိုးခြည် မတွေ့ရတော့။ လစန္ဒာသည် တင့်မောဖွယ် ရွှန်းရွှန်းမြမြသာနေ၏။ ကျွန်တော်တို့ရပ်ကွက်ထဲတွင် လမ်းတိုင်း လမ်းတိုင်း၌ မုခ်ဦးများပြုလုပ်၍ ရောင်စုံမီးလုံးများနှင့် မီးပုံးများ ထွန်းညှိထားကြ၏။ ပြီးတော့ သီတင်းကျွတ် မီးထွန်းပွဲဖြစ်မြောက်ရေး ကော်မတီက လမ်းတိုင်း၌ ကာတွန်းမီးပုံးများ ထွန်းညှိ၍ လမ်းတစ်လျှောက်၌ ချိတ်ဆွဲပေးထားသည်။

ည ၇ နာရီခန့်ရှိသည်နှင့် ရပ်ကွက်သူရပ်ကွက်သားတို့သည် မီးထွန်းပွဲ လျှောက်ကြရင်းနှင့် လမ်းတွေမှာ လူတွေစည်ကားလာ၏။ ရပ်ကွက်ရုံးခန်းရှေ့ ကွက်လပ်တွင် မြန်မာ့ရိုးရာ ခြင်းအလုံးခတ်ပြိုင်ပွဲတစ်ခု ကျင်းပမည်ဖြစ်၍ ထိုကွက်လပ်တွင်လည်း လူတွေ စုရုံး စုရုံးဖြစ်လျက်ရှိလေပြီ။ ကျွန်တော်တို့ တစ်အုပ်ကတော့ ဝတ်ကောင်းစားလှတွေ ဝတ်ထားကြပြီး လတ်လျား လတ်လျားလုပ်ရန် အဆင်သင့်ဖြစ်နေလေပြီ။





ကျွန်တော်ကလည်း ဖေဖေ မေမေတို့ ဝယ်ပေးထားသည့် ဂျင်းဘောင်းဘီအသစ်တစ်ထည်ကို ထုတ်ဝတ်၍ တီရှပ်တစ်ထည်ကို စွပ်ထားသည်။ ချစ်တီး၊ ပန်ကျော်နှင့် မိုးဇော်တို့လည်း ဘောင်းဘီကိုယ်စီ နှင့်ဖြစ်၏။

"သွားကြရအောင်ကွာ . . လူတွေအတော်စည်နေပြီကွ . ."

နောက်တော့ ကျွန်တော်တို့ အုပ်စုလမ်းမပေါ်မှာ လျှောက်ကြည့်ကြသည်။ သည်ကောင်တွေကတော့ သစ်သစ်လွင်လွင် ဝတ်စားထားသော ကောင်မလေးတွေကို ငေးကြသော်လည်း ကျွန်တော်ကတော့ မုန့်ကိုသာ သတိရနေပါသည်။ ကျွန်တော်တို့အုပ်စု တစ်လမ်းဝင် တစ်လမ်းထွက်လမ်းလျှောက်ရင်း ကာတွန်းမီးပုံးများကို ဖတ်၏။ ကောင်းကင်တွင် မီးပုံးပျံတွေကလည်း မနည်းပါ။

"ဟေ့ကောင်တွေ မီးပုံးပျံလွှတ်ကြရအောင်ကွာ . . ."

မီးရှူး၊ မီးပန်း၊ ပေသီးများ ရောင်းသော ဆိုင်မှာ မီးပုံးပျံဝယ်လိုက်ကြသည်။ ပြီးတော့ မီးပုံးပျံလွှတ်ဖို့နေရာ လိုက်ရှာသည်။ အမိုကကာ လျှပ်စစ်မာတ်ကြိုး၊ သစ်ပင်များ လွတ်ကင်းရာနေရာ ဖြစ်ဖို့လိုသဖြင့် ထိုနေရာမျိုးကို လိုက်ရှာကြသည်။

နောက်တော့ ကျွန်တော်တို့ မီးပုံးပျံလွှတ်တင်လိုက်ကြသည်။ ကောင်းကင်သို့ ဖိုးတက်သွားသော မီးပုံးပျံကို ကြည့်၍ ကျွန်တော်တို့ ပျော်နေကြသည်။

"ဟာ . . ဟေ့ကောင်တွေ ဟိုမှာကျော်ဇေယျနဲ့ ဝင်းပပစိုးကွ"

ကျော်ဇေယျသည် သူ့ရည်းစားကောင်မလေး၏ လက်ကိုကိုင်ထားပြီး ကျွန်တော်တို့ ငရုတ်သုကွဲအုပ်စုကိုတွေ့သွားသောအခါ နီးရာလမ်းတစ်ခုထဲသို့ ချိုးဝင်သွားသည်။

"ဒီကောင် . . တို့တွေလောင်မှာစိုးလို့ကွ"

ကျွန်တော်တို့အုပ်စု မီးပုံးပျံလွှတ်ပြီးသော် နုတ်ဆိတ်သွားမိသေးသည်။ ကျွန်တော်ကတော့ ကျော်ဇေယျ၏အဖြစ်ကို အားကျမိ၏။ ယခုလို သီတင်းကျွတ်လပြည့်ညတွင် စုမြတ်နှင့် ကျွန်တော်ယှဉ်တွဲ၍ လမ်းလျှောက်ချင်ပါသည်။ ကျွန်တော့်လိုပဲ ပန်ကျော်လည်း ထိုသို့အတွေးမျိုးရှိမည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အတန်းထဲက ကောင်မလေးတွေကို မတွေ့ကြရပါ။ စုမြတ်၊ မိမိ တို့အုပ်စုသည် အိမ်တွင်းအောင်း၍ စာကျက်နေကြပြီလားမသိပါ။

"ငါတို့အတန်းထဲက ကောင်မလေးတွေ တစ်ယောက်မှ မတွေ့ဘူးကွ . ."

"မိန်းကလေးတွေဆိုတော့ အပြင်ထွက် လည်ခွင့်မရကြဘူးနဲ့တူပါတယ် . ."

"ငါ မိမိ့ကို အရမ်းသတိရတယ်ကွာ . . အခုနေ မိမိနဲ့တွေ့ရရင် ဘယ်လောက်ကောင်းမလဲ . ."

ပန်တျာက မနေနိုင်မထိုင်နိုင်ဘဲ သူ့ခံစားချက်ကို ဖွင့်ဟလေ၏။ တဖြည်းဖြည်းညဉ့်နက်လာသောအခါ ကျွန်တော်တို့ ညောင်းလာသည်။

"လက်ဖက်ရည်ဆိုင် ထိုင်ကြရအောင်ကွာ . ."

ကိုအောင်ရင်လက်ဖက်ရည်ဆိုင်သို့ ကျွန်တော်တို့အုပ်စု ပြန်လာထိုင်ကြ၏။ ချစ်တီးက ရွှန်းရွှန်းမြမြသာနေသည့် ကောင်းကင်ကြီးကို မော့ကြည့်ပြီး စကားစပြော၏။

"ဆယ်တန်းဖြေပြီးတာနဲ့ ငါသင်တန်းတချို့တက်ရလိမ့်မယ် သူငယ်ချင်းတို့ . . ။ သင်္ဘောနဲ့ ပတ်သက်တဲ့ သင်တန်းတွေ . . ငါ့ဦးလေးက ငါ့ကို သင်္ဘောသားမြန်မြန်ဖြစ်စေချင်နေပြီ . ."

ကျွန်တော်တို့ စိတ်မကောင်းဖြစ်သွားကြသည်။ ဆယ်တန်းပြီးတာနှင့် ကျွန်တော်တို့၏ ရည်ရွယ်ချက်တွေအရ ကျွန်တော်တို့ လူစုကွဲသွားနိုင်ပါသည်။ ကျွန်တော်တို့ အားလုံး တက္ကသိုလ်များသို့ ရောက်နိုင်သလို စာမေးပွဲကျ၍ အထက ကျောင်း၌ကျန်နေခဲ့သူများလည်း ရှိနိုင်ပါသည်။ ပြီးတော့ ကျွန်တော်တို့၏ အမှတ်အရလည်း တက္ကသိုလ်တွေမတူညီနိုင်တော့ပါ။

"အင်းကွာ . . တို့အုပ်စုကွဲသွားမှာတော့ စိတ်မကောင်းစရာပဲ . . ဒါကြောင့် တွေ့ဆုံကြုံခိုက်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေကြဖို့ အရေးကြီးတယ်"

"တစ်ခုတော့ ရှိတယ်ကွ . . မင်း အဲဒီသင်တန်းတွေ တက်ဖို့က အချိန်ယူရမှာ မဟုတ်လား . . တို့တွေနဲ့တော့ ဆက်တွေ့နေဦးမှာပဲ . ."





ဖြစ်နိုင်ရင်တော့ ချစ်တီးရာ . . အဝေးသင်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဆက်တော့ တက်ထားပေါ့ ဟုတ်လား"

"ရေ့ရေးဆိုတာ မှန်းဆရခက်ပါတယ် thin ရာ . . ဒါပေမယ့် မင်းတို့ စိတ်မပူပါနဲ့ . . ငါဘာပဲဖြစ်ဖြစ် ဘာပဲလုပ်လုပ် . . မင်းတို့အနားမှာ အမြဲရှိနေမယ်ဆိုတာ ယုံကွာ ဟုတ်ပြီလား . ."

ကျွန်တော်တို့ ခေါင်းညိတ်လိုက်ကြသည်။ လက်ဖက်ရည်ကုန်သွားပြီး ရေနွေးကြမ်းသာထိုင်သောက်ကြသဖြင့် ရေနွေးတစ်အိုးကုန်သွား၏။

"ဆယ်တန်းမှာ ဂုဏ်ထူးများများ ထွက်ဖို့နဲ့ အမှတ်ကောင်းဖို့ အရေးကြီးတယ်ကွ . . ။ လိုင်းကောင်းရဖို့ အရေးကြီးတယ် . . သာမန်ဝိဇ္ဇာ သိပ္ပံဆိုရင် တော့ အဝေးသင်ပဲ ယူရင်ကောင်းမယ် . ."

"ငါ့အဖေကလည်း ပြောဖူးတယ်ကွ။ ဆေးတက္ကသိုလ်နဲ့ စက်မှုတက္ကသိုလ်မဝင်ဘူး . . တခြားအသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေလည်း မဝင်ဘူးဆိုရင်တော့ အဝေးသင်ပဲယူပြီး အလုပ်ထွက်လုပ်တဲ့ . . ."

"အလုပ်ထွက်လုပ်ရမှာကိုတော့ စိတ်မပါသေးဘူးကွာ . ."

မိုးဇော်သည် ကျွန်တော်တို့ စကားတွေကို ဖြတ်ဖို့ကြိုးစားသည်။

"သီတင်းကျွတ်လပြည့်ညမှာ . . . ပျော်ပျော်ရွှင်ရွှင်နေကြစမ်းပါကွာ . . မင်းတို့စကားတွေက ဘဝနဲ့ဆိုင်တဲ့ စကားတွေဖြစ်နေပြီ . ."

ချစ်တီးက ထိုအခါမှ ပြုံး၏။

"ဟုတ်တယ်ကွ . . တို့တွေမှာ အချိန်တွေရှိပါသေးတယ်။ သီတင်းကျွတ်မှာ ပျော်ပျော်ပါးပါးနေကြရအောင် . . ကဲ . . မင်းတို့ဘာစားချင်သေးလဲ . . ငါ့မှာပိုက်ဆံပါသေးတယ် . ."

"လုပ်မနေစမ်းနဲ့ကွာ ချစ်တီး . . ဒီနေ့ည မင်းပိုက်ဆံလုံးဝမထုတ်ရဘူး . . ဒါတစ်ချက်လွှတ်အမိန့်ပဲ . ."

ချစ်တီးသည် ရယ်၍သာနေ၏။ ညဉ့်အတော်နက်သောအခါ ကျွန်တော်တို့အုပ်စု လက်ဖက်ရည်ဆိုင်မှ ထပြန်ခဲ့သည်။ ပြီးတော့ ကျွန်တော်တို့ လမ်းထိပ်ကို လျှောက်ကြသည်။ ထိုအခါ အုတ်ခုံတွင် ထိုင်၍ဂစ်တား



www.burmeseclassic.com

www.burmeseclassic.com



တို့ လမ်းထိပ်ကို လျှောက်ကြသည်။ ထိုအခါ အုတ်ခုံတွင် ထိုင်၍ဂစ်တာတီးနေကြသည့် ကိုရစ်ချတ်နှင့် ကိုလှမြင့်တို့ကို တွေ့သဖြင့် ကျွန်တော်တို့လည်း သူတို့နှင့်ဝင်ထိုင်ကြ၏။

"ဘယ့်နှယ်လဲကွ . . တော်တော်စည်လား . ."

"ဒီလောက်လည်း မဟုတ်ပါဘူးဗျာ . . ဒါနဲ့ အစ်ကိုတို့တတွေရော ဘယ်မှမလည်ဘူးလား"

"မလည်ဘူးကွာ . . ဘာမှလဲ ထူးခြားမှုမရှိပါဘူး"

ကိုရစ်ချတ်နှင့် ကိုလှမြင့်တို့သည် ဂီတကို စွဲလန်းရူးသွပ်လွန်းသူများပီပီ သူတို့၏ ဘဝတွင် ဂီတသာ ပထမ၊ ဂီတသာ ဒုတိယဖြစ်နေလေသည်။ သူတို့သည် သီချင်းရေး သီချင်းစပ်လည်း လုပ်ကြသည်။ သို့သော် သူတို့နှစ်ယောက်စလုံးသည် ဆေးလိပ်သောက်တတ်သည်မှအပ မူးယစ်ဆေးဝါး လုံးဝ မသုံးစွဲချေ။

တစ်ခါက ကိုလှမြင့်က ကျွန်တော်တို့ကို အောက်ပါအတိုင်း ဆုံးမဖူးလေသည်။

"ငါ့ညီတို့ ဆေးလိပ်ကိုတော့ လုံးဝမသောက်ကြနဲ့ကွာ အစ်ကိုတို့ပေါင်မှ ဖြတ်မရလို့ . . နောက်ပြီး မူးယစ်ဆေးဝါး လည်း လုံးဝမသုံးကြနဲ့ . . တို့ဂီတသမားဆိုရင် လူတွေက မူးယစ်ဆေးသမားလို့ ထင်ကြလွန်းလို့ ဒီဆေးလိပ်တောင်မသောက်သင့်ဘူး"

ကိုရစ်ချတ်နှင့် ကိုလှမြင့်သည် ဆေးလိပ်ကိစ္စတွင် သာမက အခြား ကိစ္စများတွင်လည်း ကျွန်တော်တို့ကို ဆုံးမတတ်လေသည်။

"လူမှာ အရေးကြီးတာက ဝါသနာပဲကွ . .။ ကိုယ်ဝါသနာပါတဲ့ ပညာရပ်တစ်ခုကို မိုင်နာအနေနဲ့ လုပ်ထားသင့်တယ် . .။ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာမျိုးဟာ ဖောက်ပြန်တတ်တဲ့ သတ္တဝါကွ . .။ မင်းတို့ အစ်ကိုတို့ ယောကျ်ားတွေဟာ ပိုဆိုးတယ် . .။ အရက် . . မူးယစ်ဆေးဝါး လောင်းကစား . . မိန်းမ . . . စုံနေတာပဲ . . ကိုယ်ဝါသနာပါတဲ့ ပညာရပ်အပေါ် မှာသာ စိတ်ဝင်စားမှုတစ်ခု မရှိနေရင် အချိန်မရွေး ပျက်စီးသွားနိုင်တယ်။ ကိုယ်ဝါသနာပါတဲ့ ပညာဆိုတာကတော့ တပေ ပန်းချီ ပန်းပု . .





ဂီတ . . အားကစား တစ်ခုခုကို ပြောတာနော် . . မဟုတ်က ဟုတ်က ပညာတွေကို ဝါသနာပါခိုင်းတာ မဟုတ်ဘူး . ."

ကျွန်တော်တို့အားလုံးကလည်း ကိုရစ်ချတ်တို့၏ စာရိတ္တပိုင်းကို ယုံကြည်ပြီး သူတို့ကိုခင်မင်မိကြလေသည်။

"မင်းတို့ဂစ်တာတီးချင်လို့လား . . . ရော့ တီးကြကွာ . . ."

ကျွန်တော်တို့ အုပ်စုဂစ်တာတွေနှင့် အလုပ်ဖြစ်သွား၏။ ဂစ်တာတီးရင်း သီချင်းဆိုရသည်မှာ အလွန်ပင်အရသာရှိလေသည်။ စုမြတ်သည် ကျွန်တော်တို့၏ အသံကို မကြားနိုင်သောလမ်းတွင် နေထိုင်ပါလျက် ကျွန်တော်၏အသံကို စုမြတ်အားကြားစေချင်နေမိသည်။

ညဉ့်သည် တစ်စထက်တစ်စ နက်ရှိုင်းလာ၏။ လစန္ဒာသည် အနောက်ဘက် ကောင်းကင်ယွန်းယွန်းတွင် ရောက်နေလေပြီ။ ခဏနေတော့ ကျွန်တော်တို့ အုပ်စုကို လှမြင့်တို့ကို နှုတ်ဆက်ကာ အိမ်ပြန်ခဲ့ကြသည်။

"အရက်ကိုလည်း မသောက်ပါ . . ဆေးလိပ်ကိုလည်း မသောက်ပါ၊ ကျွန်တော်တို့ လူလိမ္မာ . . သမက်ကလေးများ တော်ချင်ရင် အဆင်သင့်ပါပဲခင်ဗျား . . အို ဘာတဲ့ . . ယောက္ခမစကားလည်း နားထောင်မှာ . . ."

ပန်တျာက သူ့ဘာသာသူ စပ်ထားသော သီချင်းတစ်ပုဒ်ကို ကောက်ခါငင်ကာဆို၏။ ကျွန်တော်တို့က လက်ခုပ်တီးပေးမိ၏။ သို့နှင့်ပင် သူငယ်ချင်းများ အသီးသီးလမ်းခွဲတာပြန်ခဲ့ကြ၏။

သိတင်းကျွတ်ကျောင်းပိတ်ရက်ကုန်ဆုံး၍ ကျောင်းပြန်တက်သောအခါ ကျွန်တော်တို့ လုံးဝမထင်ထားသော သတင်းတစ်ခုကို ကြားရသည်။ ထိုသတင်းမှာ အခြားမဟုတ်။ ကျွန်တော်တို့ အတန်းမှ ကျော်ဇေယျသည် ဘီတန်းမှ ဝင်းပပစိုးဆိုသည့် ကောင်မလေးနှင့် ခိုးရာလိုက်ပြေးသွားသည် ဆိုသော သတင်းပင်ဖြစ်၏။

ကျွန်တော်တို့ အတန်းပိုင်ဆရာမ ဒေါ်မိမိဝင်းက စာသင်ခန်း ရောက်သောအခါ စာမသင်သေးဘဲ ကျွန်တော်တို့ကို စကားတွေ ပြော



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လည်း သိပြီးသားပဲဖြစ်မှာ .. ဒါပေမယ့် ဆရာမထပ်ပြောမယ် .. တို့အခန်းက မောင်ကျော်ဇေယျနဲ့ ဘီတန်းက ဝင်းပပစိုးလိုက်ပြေးသွားကြတယ် ..။ ဘယ်လောက်မိုက်လိုက်ကြတဲ့ ကလေးတွေလဲလို့ ဒီအရွယ်ဟာ စာပဲသင်ရမယ့်အရွယ် ..။ လူလားမမြောက်သေးဘူး ..။ အေးပညာအရရော .. သဘာဝအခြေအနေအရရော ဒီအရွယ်ဟာ ကလေးတွေပဲရှိသေးတယ်။ ဦးနှောက်ပိုင်းမှာလည်း ရင့်ကျက်မှုမရှိသေးဘူး။ စာသင်ရမယ့် အရွယ်မှာ ဒီစိတ်တွေရှိနေကြတာ ရှက်စရာကောင်းပါတယ်.."

ဆရာမ၏ မျက်လုံးက ကျွန်တော့်ဆီသို့ မသိမသာဝေ့လာသည်။ ကျွန်တော် ခေါင်းငုံ့ထားလိုက်မိသည်။

"သူတို့ကို ဆရာမတို့ကျောင်းရဲ့ ကျောင်းစည်းကမ်းအရ ကျောင်းမှာ ပြန်လက်ခံလို့မဖြစ်လို့ သူတို့ကို ကျောင်းထုတ်လိုက်ရတယ် ..။ သူတို့ဟာ ပညာရေးနဲ့ ပက်သက်ရင် အညွန့်ကျိုးသွားပြီ .. ရှေ့ကို ဘယ်လိုလုပ်ပြီး ပညာသင်ကြတော့မလဲ .. ပြီးတော့ ဘာလုပ်ကိုင်စားသောက်ကြမလဲ ..။ တကယ်တော့ ပညာသင်ကြားနေတဲ့ တပည့်တို့ရဲ့ ဘဝဟာ ပကတိငြိမ်းချမ်းလှပါတယ်။ ဆင်းရဲတာ ချမ်းသာတာခဏထား။ ဘဝဆိုတဲ့ လမ်းမကြီးအပေါ်မှာ တပည့်တို့ဟာ လျှောက်ခွင့်မရသေးဘူး ..။ ပျော်လိုက်ပါးလိုက် စာသင်လိုက်နဲ့ပဲ လူငယ် ဘဝကို နေသွားကြရမှာ .."

ဆရာမသည် စကားကို ခဏရပ်လိုက်ပြန်သည်။ ဆရာမစကားကို တစ်တန်းလုံး ငြိမ်ငြိမ်သက်သက်နားထောင်နေ၏။ ဆရာမ၏ မျက်ဝန်း၌ မျက်ရည်တွေလည်နေသည်ကို ကျွန်တော်တို့ တွေ့ရပါသည်။

"တကယ်တော့ကွာ .. အိမ်ထောင်ရေးဆိုတာ တပည့်တို့အသက် အရွယ်နဲ့ လုံးဝမထိုက်တန်သေးပါဘူး ..။ ဒီအရွယ်မှာ မဟုတ်ကဟုတ်က စိတ် .. ရည်းစားထားချင်တဲ့စိတ်၊ အဲဒီစိတ်တွေ လုံးဝဖျောက်ထားရမယ် ...။ မင်းတို့ခေါင်းထဲမှာ စာသာပထမ ..။ စာသာဒုတိယ ..၊ စာသာတတိယဆိုတဲ့ စိတ်မျိုးထားရမယ် ... အေး .. မင်းတို့ ဆယ်တန်းအောင်ပြီးလို့ တက္ကသိုလ် ရောက်ပြီဆိုရင် ဒီကိစ္စအတွက် ဆရာမတို့





ဘာမှဆုံးမစရာမလိုတော့ဘူး။ တက္ကသိုလ်ဆိုတာ .. ပညာရေးသာမကဘူး လူမှုရေးပါ သင်ပေးတဲ့ နေရာဖြစ်တယ် ..။ အဲဒီမှာ မင်းတို့ဟာ ပေါင်းသင်းဆက်ဆံရေးတွေ ဒီထက် ပိုတော်လာမယ် ..။ အဲဒီတော့မှ ချစ်သူရည်းစားကိစ္စထားတာ ဘာမှအပြစ်ပြောစရာမရှိဘူး ... ဒါတောင်မှ ဆရာမသဘောဆိုရင် ဘွဲ့မရမခြင်း အိမ်ထောင်ရေးနယ်ပယ်ထဲ မဝင်စေချင်သေးဘူး ..။ ဖြစ်နိုင်ရင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့အချိန်ထိ စောင့်သင့်တယ် ..၊ အားလုံးပဲ ကြားကြလား ..."

"ဟုတ်ကဲ့ပါ ဆရာမ .."

"ဆရာမ ဒီသတင်းကြားကြားခြင်း မယုံနိုင်အောင်ဖြစ်ရတယ်။ ပြီးတော့ သေချာရဲ့လား ပြန်မေးရတယ် ..။ သေချာတယ်လည်းဆိုရော ဆရာမရင်ထဲမှာ ဆို့သွားတယ် .. မိုက်လိုက်တဲ့ ကလေးနှစ်ယောက်ကွာ ကဲဆရာမမေးမယ် .. အဲဒီ ကလေးနှစ်ယောက်ရဲ့ လမ်းစဉ်ကိုလိုက်မယ့် သူတွေ ဒီအတန်းမှာရှိသေးလားဟေ့ ..."

ကျွန်တော်တို့အားလုံး တကယ့်ကို စိတ်ပါလက်ပါနှင့် ဖြေမိပါသည်။ ဆရာမက ပြုံးလိုက်၏။

"အသံတွေနည်းနည်းပျော့နေသလားလို့ .. တစ်ယောက်ချင်း နည်းနည်းမေးကြည့်ရအောင် ..။ ထက်အောင်စိုး .. ခဏရပ်ကွယ်.."

ထက်အောင်စိုးက ကုပ်ချောင်းချောင်းထရပ်၏။

"မင်းရော ဘယ်လမ်းစဉ်ကိုလိုက်မလဲ ..."

"ကျွန်တော် .. ကျွန်တော် လူပျိုကြီးလုပ်မှာ ဆရာမ .."

တစ်တန်းလုံး ပွဲကျသွား၏။

"တကယ်လား .."

ဆရာမက ပြုံးတုံ့တုံ့နှင့်မေး၏။

"တကယ်ပါ ဆရာမ .. ကျွန်တော် မိဘကို လုပ်ကျွေးမှာပါ"

"အေး .. တော်တယ်၊ ကောင်းတာပေါ့ကွယ် .. ကဲ .. ထိုင်ထိုင် .. ကောင်းမြတ်ထွန်း .. ခဏထပါဦး .. မင်းရော ဘယ်လမ်းကိုလိုက်မလဲ.."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်လမ်းမှ မလိုက်ပါဘူး ခင်ဗျာ. ."

ပွဲကျသွားပြန်သည်။ ဆရာမက ပြုံး၍ . . .

"မဟုတ်ဘူးလေ . . ဆရာမမေးတာ စာကြိုးစားတဲ့ လမ်းနဲ့ တစ်နည်းပြောရရင်တော့ကွာ . . ပညာရေးလမ်းနဲ့ အိမ်ထောင်ရေး အချစ်ရေးလမ်းကို ပြောတာ . ."

"ကျွန်တော် ပညာရေးလမ်းဆုံးမှ အချစ်ရေးလမ်းကို လျှောက်မှာ ဆရာမ ဟီးဟီး . ."

ရယ်ကြပြန်သည်။ ဆရာမသည် မိန်းကလေးတွေဘက်လှည့်သွားပြန်သည်။

"သီသီစိုး . . ထပါဦးကွယ် . . သမီးရော ဘယ်လမ်းလိုက်မလဲ"

"သမီးကတော့ အချစ်ရေးကို အခုအချိန်မှာ ယောင်လို့တောင် စိတ် မကူးသေးပါဘူး ဆရာမ . ."

ချစ်တီးက ကျွန်တော့်ကို ခပ်တိုးတိုးပြော၏။

"သူပြောတဲ့ စကားက ဘယ်လိုကြီးလဲ . . အခု စိတ်မကူးသေး ဘူးဆိုရင် မနက်ဖြန်တော့ ကူးချင်ကူးမယ်ဆိုတဲ့ သဘောဖြစ်နေတယ် . ."

ဆရာမသည် ချစ်တီးနှင့် ကျွန်တော် စကားပြောနေတာ တွေ့သွားပြီး ကျွန်တော်တို့နှစ်ယောက်စလုံးကို မတ်တပ်ရပ်ခိုင်း လိုက်သည်။

"ကဲ . . သန့်စင်အောင် ပြောပါဦး . ."

"ကျွန်တော်က ကလေးပဲရှိပါသေးတယ် ဆရာမ . ."

ဝေါခနဲ ရယ်သံတွေ ထွက်လာ၏။ ဆရာမသည် သွားပေါ်သည့် အထိရယ်၏။

"ဒါဆို . . . သီဟကရောကွယ် . ."

"ကျွန်တော်ကတော့ ဘုန်းကြီးဝတ်မှာပါ ဆရာမ . ."

ရယ်သံတွေ ထွက်လာပြန်၏။ ဆရာမက ကျွန်တော့်ကို မသိမသာ မျက်စောင်းထိုး၏။

"တကယ်ဝတ်နိုင်လို့လားကွ . . ဝိနည်းက နှစ်ရာနှစ်ဆယ့် ခုနစ်သွယ်တောင်ရှိတာနော် . ."





"ဟို . . . အခုဝတ်မှာ ပြောတာမဟုတ်ပါဘူး ဆရာမ . . . အဘိုးကြီးဖြစ်မှ ဝတ်မှာကို ပြောတာ . ."

ပွဲကျသွားပြန်သည်။ ဆရာမလည်း ရယ်၍ ကျွန်တော်တို့ကို ထိုင်ခိုင်းကာ စာစသင်လေ၏။ စုမြတ်နှင့် မျက်လုံးချင်းဆုံမိလေသည်။ သို့သော် ကျွန်တော့် ရင်ထဲမှာ ဆရာမ၏ စကားက ဘာသွေးခြောက်သလိုဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် စာကျက်နေသည်ကို ဖေဖေက အနီး၌ လာရပ်၍ ကြည့်သည်။ ဘေးပြတင်းတံခါးကို ဖွင့်ထားသဖြင့် အပြင်မှာ နှင်းတွေကျနေသည်ကို တွေ့နေရသည်။ ဆောင်းဥတုသည် ပီပီသသမအေးသော်လည်း နေထိုင်၍ ကောင်းရုံ မျှအေး၏။ နံနက် ၅ နာရီမှာထ၍ စာထကျက်သည်မှာ ကျွန်တော်၏ ပုံမှန်အလုပ်ပင် ဖြစ်၏။ နံနက် ၇နာရီထိုးသောအခါ မေမေက နံနက်စာ စားရန်လာခေါ် သည်။

ထမင်းစားခန်းထဲတွင် ကျွန်တော်တို့ သားအမိ သားအဖထိုင်မိကြသည်။ နံနက်စာကတော့ ပဲပြုတ်နှင့် ထမင်းကြော်။ ပြီးတော့ ကော်ဖီသာ ဖြစ်၏။

"သားတို့စာမေးပွဲကြီးတောင် သိပ်မလိုတော့ဘူးနော် . . ."

"ဟုတ်ကဲ့ ဖေဖေ . ."

"ဂုဏ်ထူးဘယ်နှခုလောက် ထွက်မယ် သားထင်လဲ. ."

"မသိဘူး ဖေဖေ"





မေမေက ကျွန်တော့်ကို ကြည့်ပြီး ရယ်လေသည်။

"နည်းနည်းပါးပါးတောင် မမှန်းနိုင်ဘူးလားသားရဲ့"

"သုံးဘာသာလောက်တော့ အနည်းဆုံးထွက်မလားပဲ မေမေ. ."

ဖေဖေက နည်းနည်းပြုံးပါသည်။

"ဆေးတက္ကသိုလ်ရဖို့ဆိုရင်တော့ သုံးဘာသာလောက်နဲ့ မဖြစ်ဘူး သား . . လေးဘာသာလောက် အနည်းဆုံး ထွက်ရမယ် . .။ အင်းလေ တစ်ခုတော့ ရှိတာပေါ့ . . . ဂုဏ်ထူးသုံးခုပဲ ထွက်ပေမယ့် ကျန်တဲ့ဘာသာတွေကလည်း ဂုဏ်ထူးအမှတ်နားကပ်နေရင်တော့ မျှော်လင့်ချက်ရှိနိုင်တာပေါ့ . . ဒါနဲ့ သားကရော ရှေ့ကိုဘယ်လိုရည်ရွယ်ချက်ထားလဲ . . ."

လာပြန်ပြီ။ ဖေဖေကလည်း ကျွန်တော့်ကို ဆရာမ မေးခဲ့ဖူးသော မေးခွန်းမျိုးတွေ မေးပြန်ပြီ။ သို့သော် ကျွန်တော် ဖြေလိုက်ပါသည်။

"အရင်ဆုံး ကျွန်တော် ဆယ်တန်းကို ဂုဏ်ထူးများများနှင့်အောင်ဖို့ကိုပဲ ရည်ရွယ်ချက်ထားပါတယ် ဖေဖေ . . ."

"အင်း . . တကယ်လို့ သားလိုချင်တဲ့ ဂုဏ်ထူးတွေမထွက်လာဘူး ဆေးတက္ကသိုလ်တက်ဖို့ အမှတ်မမီဘူးဆိုရင် သားဘယ်လိုလုပ်မလဲ . ."

"ကျွန်တော် မသိဘူးဖေဖေ . . ."

"အင်း . . အချိန်တွေတော့ ရှိပါသေးတယ် . . ဖေဖေတို့ လူကြီးမိဘတွေကလည်း လမ်းညွှန်ပေးဖို့ တာဝန်ရှိတယ် . . ."

နံနက်စာစားပြီးတော့ ကျွန်တော်ပြန်၍ စာကြည့်နေမိသည်။ သည်နေ့ တနင်္ဂနွေနေ့ဖြစ်၍ ကျောင်းပိတ်လေသည်။ နေ့လယ်ထမင်းစားပြီး သောအခါ ကျွန်တော် နည်းနည်းပျင်းလာသည်။ ထို့ကြောင့် သူငယ်ချင်းများနှင့် လက်ဖက်ရည်သောက်ရန် စိတ်ကူးမိပြီး မေမေ့ထံမှာ ပိုက်ဆံနည်းနည်း တောင်းသည်။ ပြီးတော့ အပြင်သို့ ထွက်လာခဲ့သည်။

ထိုအခိုက်မှာပင် ကျော်ဇေယျနှင့် တိုက်တိုက်ဆိုင်ဆိုင်ပင်သွားဆုံလေသည်။ သူသည် ကျွန်တော့်ကို တွေ့သွားသောအခါ ဝမ်းသာအယ်လဲနှုတ်ဆက်လေသည်။

"ဟာ . . ဟေ့ကောင် thin ဘယ်သွားမလို့လဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . ချစ်တီးဆီသွားမလို့ကွ . . ဒါနဲ့ မင်းရောဘယ်သွားမလို့လဲ"

"ဘယ်ရယ်လို့တော့ မဟုတ်ပါဘူးကွာ . . အိမ်မှာ မနေချင်တာနဲ့ ထွက်လာတာ . . ."

"ဒါဆို ငါနဲ့လိုက်ခဲ့လေကွာ . . လက်ဖက်ရည်ဆိုင်မှာ စကားပြောကြတာပေါ့"

သူနည်းနည်းတွေသွား၏။

"ချစ်တီးတို့ဆီတော့ မလိုက်ချင်ဘူးကွာ . .။ ဒီကောင်တွေ ငါ့ကို လောင်မှာကွ . .။ ဒီလိုလုပ်ကွာ . . မင်းနဲ့ ငါပဲလက်ဖက်ရည်ဆိုင်ထိုင်ရအောင်"

သူကြည့်ရတာ ကျွန်တော်နှင့် စကားနည်းနည်းပြောချင်နေပုံရ၏။

"အေး . . ဒါဆိုလာလေကွာ . . ကိုအောင်ရင့်ဆိုင်ပဲ သွားရအောင်"

ကိုအောင်ရင့်ဆိုင်ရောက်တော့ လက်ဖက်ရည်နှစ်ခွက်မှာလိုက်ပြီး သူကစ၍ စကားပြောသည်။

"ကျောင်းကြီးကို လွမ်းတယ်ကွာ . .။ ပြီးတော့ သူငယ်ချင်းတွေကိုလည်း လွမ်းတယ် . .။ ငါ မင်းတို့လို ဘဝမျိုးကို ပြန်မရနိုင်တော့ဘူးကွ စိတ်အာရုံတွေနောက်ကို မစဉ်းစားဘဲ လိုက်ခဲ့တဲ့ အမှားပဲပေါ့ကွာ . ."

ကျွန်တော် သူ့အတွက်စိတ်မကောင်းပါ။

"မင်းတို့ အခုဘယ်မှာနေလဲ . ."

"ငါ့မိဘအိမ်မှာပဲပေါ့ကွာ . .။ အလုပ်ကလည်းမရှိ . . .၊ ဝင်ငွေကလည်း မရှိ . . .။ ကျောင်းကလည်း ထွက်လိုက်ရဆိုတော့ အဆင် မပြေပါဘူးကွာ . . ငါ့ ဖေဖေနဲ့ မေမေလည်း စိတ်ခုတ်အတော်ကျသွားတယ် . . သူတို့က ငါ့ကို အတော်မျှော်လင့်တာ . ."

"ဒါနဲ့ မင့်မိန်းမရော အခု ဘယ်မှာလဲ"

"အိမ်မှာကျန်ခဲ့တယ် . . မင်းတို့လည်း ပညာသင်ချိန်မှာ ဟိုစိတ် ဒီစိတ်တွေမထားနဲ့ကွာ . . ငါ့အဖြစ်ကို သင်ခန်းစာယူကြ"





"မင်းစာမေးပွဲကို အပြင်က ဖြေဖို့ကောင်းတယ်"

"ဖြေဖို့မလွယ်တော့ဘူးကွ . . . မိန်းမရသွားတော့ စာကျက်ချိန်တောင် သိပ်မရှိတော့ဘူး . . ."

"ဟေ . . ."

ကျော်ဇေယျသည် ကျွန်တော်အံ့ဩသွားမှုကို ရယ်၍ပြော၏။

"ဒီလိုကွ . . စာကျက်ချိန်သိပ်မရှိတော့ဘူးဆိုတာ . . အိမ်ထောင်သည် ဘဝရဲ့လွတ်လပ်မှုမရှိတာကိုပြောတာ . . ပြီးတော့ကွာ စာထဲမှာ အာရုံဝင် စားဖို့မလွယ်တော့ဘူး . . အချိန်တိုင်း ရှေ့ရေးအတွက် စဉ်းစားနေရပြီလေ"

ကျွန်တော် သူ့ဘဝကို နားလည်စာနာ၍ ရပါသည်။ သို့သော်လည်း သူ့ကို ကျွန်တော်အကြံဉာဏ်ပေးတတ်ပါ။

"အေးပေါ့ကွာ . . ဒီအတိုင်းကြီးနေတာထက်စာရင် . . စာမေးပွဲတော့ ဝင်ဖြေကြည့်ပေါ့ကွာ . . ကျက်လို့ရသလောက်လည်း ကျက်ပေါ့"

"အေး . . တို့သူငယ်ချင်းတွေကိုလည်း ငါက သတိရကြောင်း ပြောပေးကွာ . . ဟုတ်လား"

ခဏနေတော့ သူပြန်သွားပါသည်။ ကျွန်တော်လည်း လက်ဖက်ရည်ဖိုးရှင်းပြီး ချစ်တီးအိမ်ထွက်ခဲ့သည်။ သို့သော် ချစ်တီးက အိမ်မှာမရှိ၊ သူဦးလေးနှင့် မနက်ကတည်းက ထွက်သွားသည် ဆိုလေ၏။ မိုးဇော်နှင့် ပန်တျာဟိုထံလည်း ဆက်မသွားချင်သဖြင့် အိမ်သို့သာပြန်လာခဲ့သည်၊ ဆောင်းဥတုသည် နေအနည်းငယ်စောင်းလာသည်နှင့် အပူရှိန်လျော့ကျလာလေ၏။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ငါတို့ကတော့ လိုရမယ်ရ ခိုးချဖို့နည်းနည်းပြင်ဆင်ထားတယ်ကွ။ စာမေးပွဲဆိုတာ ပြောလို့မရဘူးမဟုတ်လား . . မတော်တဆ ကိုယ်ကျက်ထားတာနဲ့ မတိုးရင် အကြံအဖန်လုပ်လို့ရတာပေါ့. ."

ထက်အောင်စိုးနှင့် ကောင်းမြတ်ထွန်းက ကျွန်တော်တို့အနီးလာ၍ စကားပြောကြ၏။ သူတို့၏ စကားကို ကျွန်တော်တို့ ဘဝင်မကျဖြစ်သွားပါသည်။ ကျောင်းသားတစ်ဦး၏ သိက္ခာမရှိသော လုပ်ရပ်ဟု ကျွန်တော်တို့ယူဆကြပါသည်။ ပြီးတော့ ထက်အောင်စိုးနှင့် ကောင်းမြတ်ထွန်းသည် နှစ်ကျသမားများဖြစ်သည်။ သူတို့မနှစ်က ဆယ်တန်းကျခဲ့ကြပြီး ကျွန်တော်တို့ ကိုးတန်းအတက်များနှင့် ပြန်နေရသူများဖြစ်ပါသည်။

"အေးပေါ့ကွ . . စာမေးပွဲဆိုတာ ကျောင်းသားတစ်ယောက်အတွက်တော့ တိုက်ပွဲပဲ . . ပြီးတော့ မနှစ်က အတွေ့အကြုံအရ ဆယ်တန်းစာမေးပွဲဟာ သိပ်ကြောက်စရာကောင်းတယ်ကွ . .။ ငါတို့ဆိုအောင်မယ်ပဲထင်တာ . .။ ဒါပေမယ့် ကျသွားတယ်. ."





ကျွန်တော်တို့ အုပ်စုနည်းနည်း ဖြုံသွားကြပါသည်။ စာမေးပွဲဆိုလျှင် နဂိုကတည်းက ကြောက်တတ်ကြသူများဖြစ်၍ ပိုဆိုးပါသည်။ သူတို့နှစ်ယောက်ပြန်ထွက်သွားသောအခါ ပန်တျာက ပြောသည်။

"သည်ကောင်တွေ ပြောသွားတာ စဉ်းစားစရာပဲကွ . . ."

"ဟာ ဘာမှစဉ်းစားနေစရာမလိုပါဘူးကွာ . . ဒီခိုးချတယ်ဆိုတဲ့ အလုပ်ကြီးကို ငါတို့ဘယ်တော့မှမလုပ်ဘူး . .။ အဲဒီလိုလုပ်ပြီး အောင်လာရင်လည်း ဘာမှအထင်ကြီးစရာမရှိဘူး . ."

ချစ်တီးက ယတိပြတ်ပြော၏။ အတန်းတစ်တန်းကို တကယ်မတတ်ဘဲနှင့် အောင်မြင်ရမည့် အဖြစ်သည် တွေးကြည့်လျှင် မည်သို့မျှ လိပ်ပြာမလုံစရာပါ။ ထိုအဖြစ်သည် တစ်သက်လုံးပင် ခြောက်လှန့်နေမည့် အဖြစ် ဖြစ်ပါသည်။

မိုးဇော်ကတော့ ရယ်စရာအဖြစ် အောက်ပါအတိုင်း ပြောပါသည်။

"အခန်းစောင့် ဆရာမတွေလည်း ခိုးချနည်းတွေကို လေ့လာသားသင့်တယ်ကွ . .။ နောက်ဆိုရင် ခိုးချနည်းတွေက ဒီထက်အဆန်းသစ်လာမှာသေချာတယ် . . ခေတ်မီပစ္စည်းကိရိယာတွေပါ သုံးလာနိုင်တယ် . ."

ကိုက်တိုက်ဆိုင်ဆိုင်ပင် ကျောင်းဆင်းခါနီးကျမှတော့ အင်္ဂလိပ်စာဆရာမ ဒေါ်သင်းသင်းလှက စာခိုးချသည့် ကိစ္စကိုပြော၏။

"ဆရာမတို့တော့ တခြားကျောင်းမှာ သွားစောင့်ရလိမ့်မယ် . . မင်းတို့ဖြေရမယ့် ကျောင်းမှာ တခြားကျောင်းက ဆရာ ဆရာမတွေလာစောင့်ကြမှာ . .။ ဒါပေမယ့် ကိုယ့်ကျောင်းက ဆရာ ဆရာမမဟုတ်လို့ အားတော့မငယ်ကြပါနဲ့ . . မေးခွန်း နားမလည်ရင် ထမေးနိုင်တယ် . . ဘောပင်မင်ကုန်တာ . . ခဲတံကျိုးတာက အစ ဆရာမတွေကို ဖွင့်ပြောပြီး အကူအညီတောင်းနိုင်တယ် . . သူတို့တွေဟာ သူစိမ်း ဆရာ ဆရာမတွေပဲ ဆိုပြီး စာကို ခိုးချဖို့တော့ မလုပ်ကြနဲ့ . . ဆရာဆိုတာ ကျောင်းသားတစ်ယောက်မရိုးမသားလုပ်ပြီဆိုတာနဲ့ ချက်ချင်းသိတာပဲ . . ."

ဝင်းဇော်က ဆရာမကို ခပ်တိုးတိုးလှမ်းမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမတို့ ဘယ်လိုလုပ်သိလဲ . . ."

"အဲဒါကိုက ဆရာ ဆရာမတွေရဲ့ အရည်အချင်းပဲ . .။ ဥပမာ ပြောရရင်တော့ကွာ . . ဖြေနိုင်တဲ့လူနဲ့ မဖြေနိုင်တဲ့ လူ သိပ်သိသာတာပဲ။ ဖြေနိုင်တဲ့ သူက မေးခွန်းလက်ထဲရောက်တာနဲ့ ချက်ချင်းကို ကောက်ဖြေ တော့တာပဲ . . အင်း မဖြေနိုင်တဲ့ သူကတော့ ချက်ချင်းကို မျက်စိပျက် မျက်နှာပျက်နဲ့ ချွေးတွေပျံလာတယ် . ."

ကျွန်တော်တို့ ရယ်လိုက်မိကြသည်။ ဆရာမက ဆက်ပြော၏။

"သူဟာ . . မေးခွန်းစာရွက်ကို ဟိုဘက်လှန်လိုက် ဒီဘက်လှန် လိုက်လုပ်ပြီး ဂနာမငြိမ်ဖြစ်လာတယ်။ အဲဒီကျောင်းသားမျိုးကို ဆရာမတို့ မျက်ခြည်မပြတ်ကြည့်နေရတယ် . . ။ သူဟာ အချိန်မရွေးခိုးချနိုင်သူဖြစ် တယ် . . ။ ဆရာမတို့ ခေတ်တုန်းကတော့ အိမ်သာထဲမှာ အဖြေတွေထား ခဲ့ပြီး . . မဖြေနိုင်ဘူးဆိုတာနဲ့ အတန်းစောင့် ဆရာမဆီမှာ အိမ်သာသွားဖို့ ခွင့်တောင်းတာ သိပ်ခေတ်စားတယ် . ."

ရယ်လိုက်ကြပြန်သည်။

"ဒါပေမယ့် အခုတော့ စာခိုးချတဲ့နည်းစနစ်တွေကို ဆရာ ဆရာမ တွေလည်းအားလုံး ပါးနပ်ကုန်ပြီ။ ပြီးတော့ သူများကျောင်းမှာ သွားဖြေရမှာ ဆိုတော့ တို့ကျောင်းရဲ့ ဂုဏ်သိက္ခာကို ငဲ့သောအားဖြင့် စာကို လုံးဝမခိုးချ ကြပါနဲ့လို့ ဆရာမပြောချင်တယ်. ."

အတန်းသည် တိတ်ဆိတ်သွား၏။

"မှတ်ထားကြ . . စာမေးပွဲဆိုတာ . . ညံ့တဲ့သူတွေအတွက် ရော . . သင့်တဲ့လူတွေအတွက်ရော . . တော်တဲ့သူတွေအတွက်ရော မေး ခွန်း ရောထုတ်ထားတာ . . ညံ့တဲ့သူတွေအတွက်လည်း မေးခွန်းလွယ်လွယ် ကလေးတွေကနေ အမှတ်လေးဆယ်ဖိုးရနိုင်တယ် . .။ သင့်တဲ့လူတွေ အတွက်လည်း အမှတ် ငါးဆယ်ခြောက်ဆယ်လောက်ထိ ရနိုင်မယ့် မေးခွန်း တွေမေးထားတယ်။ တော်တဲ့လူတွေအတွက်ကတော့ လှည့်ထားတဲ့ မေးခွန်း တွေပါမယ် . . .။ တကယ့်ကိုတော်မှ ဖြေနိုင်မယ့်မေးခွန်းတွေပါမယ်. . အဲဒါတွေဖြေနိုင်မယ်ဆိုရင် ဂုဏ်ထူးထွက်ပြီ . ."





ဆရာမ၏ စကားက ကျွန်တော်တို့အတွက် အားဆေးဖြစ်ပါ သည်။

"စာမိုးချရင်ရမယ့် အပြစ်ဒဏ်က မင်းတို့သိပြီးသားပါ. .။ အလွန် သက်ညှာရင်တော့ အဲဒီခိုးချတဲ့ စာရွက်စာတမ်းတွေ သိမ်းပြီး သတိပေး မယ်ပေါ့ . . နည်းနည်းပြင်းတဲ့အပြစ်ဒဏ်ကတော့ အဲဒီနေ့ဖြေတဲ့ ဘာသာ အတွက် မင်နီနဲ့ မှတ်ချက်ပေးမယ် . .။ အဲဒီနေ့ ဘာသာကို မဖြေနိုင်တော့ ဘူးပေါ့ . .။ ပိုပြင်းတဲ့ အပြစ်ဒဏ်ကတော့ စာသင်နှစ်တစ်နှစ်၊ ဒါမှမဟုတ် နှစ်နှစ်စာ စာမေးပွဲဝင်ခွင့်ပိတ်လိုက်တာပဲ. . ."

ထက်အောင်စိုးတို့တွေ မျက်နှာပျက်နေကြလိမ့်မည်ထင်ပါသည်။

"မင်းတို့ ဗဟုသုတဖြစ်အောင် ဆရာမအဖြစ်အပျက်ကလေး တစ်ခုပြောပြမယ် . .။ ဆရာမတို့ ဆယ်တန်းတုန်းက ဆရာမတို့ ကျောင်း မှာဖြစ်ခဲ့တာ . . အမြွှာညီအစ်ကိုနှစ်ယောက်မှာ အကြီးက အငယ်အတွက် ကိုယ်စားဝင်ဖြေပေးတာကွ . .။ ဒါပေမယ့် ဆရာမတွေကလည်း အဲဒီကိစ္စ ကို သိသွားတယ်. .။ အဲဒီတော့ အငယ်ရဲ့ အဖြေလွှာကိုလည်း သိမ်း . . ပြီးတော့ အစ်ကိုက တက္ကသိုလ်ဒုတိယနှစ် . . . ။ အဲဒီစာမေးပွဲကိုပါ သူ့ကို ဝင်ခွင့် နှစ် နှစ်ပိတ်လိုက်တယ် . .။ ဘယ်လောက်ခံသွားရသလဲ . . အဲဒီ တော့ ဆရာမပြောချင်တာ . . တကယ့်ကိုပဲ ရိုးရိုးသားသားတတ်သလောက် ပဲဖြေပါ . .။ မဟုတ်က ဟုတ်က အဆန်းမထွင်ပါနဲ့။ ပြဿနာဖြစ်ပြီဆိုရင် မင်းတို့ကို ဘယ်သူမှလာမကယ်နိုင်ဘူး"

ဆရာမသည် စကားကို ရပ်လိုက်၏။

"ကဲ . . . သင်ခန်းစာတွေလည်း သင်ပြီးပြီ . . တိတ်တိတ် ဆိတ်ဆိတ်နဲ့ စာပြန်ကျက်နေကြ . ."

တစ်တန်းလုံး ခပ်တိုးတိုးနှင့် စာကျက်ကြသည်။

"နောက်ဆိုရင် အင်တာနက်အကူအညီနဲ့ စာခိုးချတာတွေ ပေါ် လာနိုင်တယ်ကွနော် . ."

"အေးကွ . . ခိုးနည်းပညာတွေက မြင့်လာနိုင်တယ်"

ပန်တျာသည် ရှေ့တန်းမှာ ထိုင်နေသည့် ကောင်မလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးလှမ်းပြောသည်။

"ဟိတ် . . နင်တို့မှာ ဘာခိုးနည်းတွေရှိလဲ . . "

"အောင်မာ . . ကိုမှာ ဘာခိုးနည်းမှမရှိဘူး . . နင်တို့ယောက်ျား ခလေးတွေသာ ခိုးချကြတာ . . "

ဖက်ကီးမ ကေသီဦးက ပြန်ရန်တွေ့သည်။

"ပေတံမှာ ယောက်စူးနဲ့ စာလုံးသေးသေးလေးတွေရေးထားတာ နင်တို့ပဲ"

"နင်တို့ ပေတံတွေ ခဏပြစမ်း . . "

"ဘာလို့ပြရမှာလဲ . . "

"လက်ဝါးမှာလည်း စာတွေရေးသွားတယ် မဟုတ်လား . . "

"ပေါက်ကရတွေ . . . ငါတို့ ဘယ်နေရာမှာမှ စာတွေရေးမသွားဘူး . . . "

"မဖြစ်နိုင်ဘူး . . နင်တို့တစ်ကိုယ်လုံးမှာ ရေးစရာနေရာတွေ ပြည့်လို့ . . "

"ခွေးကောင် . . ကောင်စုပ်တော်တော်မိုက်ရိုင်းတယ်"

အသံတွေနည်းနည်းကျယ်လာသဖြင့် ချစ်တီးက ရှူးဟု လုပ်လိုက်သည်။ ပြီးမှ . .

"ခိုးတာ အကျွမ်းကျင်ဆုံးကတော့ ကျော်ဇေယျပဲ . . လူတစ်ယောက်လုံးပါအောင်တောင် ခိုးနိုင်တယ်. . . "

ကျွန်တော်တို့ အုပ်စုနှင့် ကောင်မလေးတွေ အုပ်စုခပ်အုပ်အုပ် ရယ်လိုက်ကြသည်။ မီမီက . . .

"အေး . . နင်တို့လည်း ခိုးတဲ့ပညာကို ကျော်ဇေယျဆီမှာ သွားသင်ကြ . . "

"နင်တို့မိန်းကလေးတွေလည်း ခိုးရာလိုက်တဲ့ ပညာကို ဝင်းပပစိုးဆီမှာသွားသင်ထားကြ . . "

"လုံးဝပဲ . . ငါတို့ တစ်သက်လုံး ဘယ်တော့မှ ခိုးရာမလိုက်ဘူး"

"ဟင် . . ဒါဆို နင်တို့ မိန်းကလေးတွေ တစ်သက်လုံး ယောကျ်ား





ရမှာ မဟုတ်တော့ဘူး . . "

မီမီက နှုတ်ခမ်းမဲ့၍ ပြန်ပြောသည်။

"ဘာမှမဆိုင်ဘူး"

"ဆိုင်တာပေါ့ဟ. . ယောကျ်ားလေးတွေက နင်တို့ကို တင်တောင်းဖို့ ပိုက်ဆံမရှိလို့ ခိုးပဲပြေးမှာ"

ရယ်လိုက်ကြမိပြန်သည်။ ကျွန်တော်တို့ အုပ်စုကို ဆရာမ လှမ်းကြည့်သည်။ ဆရာမက ကျွန်တော်တို့အနီး လျှောက်လာသည်။

"ဘာအကြောင်းတွေ ပြောပြီး ရယ်နေကြတာလဲ"

မိုးဇော်က ရိုရိုသေသေပင် ထရပ်ပြီး ဖြေသည်။

"စာခိုးတဲ့အကြောင်းပါ ဆရာမ"

"မင်းက ခိုးချမလို့လား"

"လုံးဝပါပဲ ဆရာမ"

"ဟေ . . လုံးဝဆိုတာ ဘာလဲ"

"လုံးဝမခိုးချပါဘူးလို့ ပြောတာပါ ဆရာမ . . ။ ဒါနဲ့ ဆရာမ စာခိုးချတာဟာ အဒိန္နာဒါနာကံမြောက်ပါသလား ဆရာမ"

ဆရာမက ပြုံးလေ၏။ မျက်မှန်အနက်ကလေးတပ်ထားသော ဆရာမ၏ မျက်နှာသည် ကြည်လင်နေလေ၏။

"မင့်မေးခွန်းက ဆရာမကို မမေးဘဲ ကျမ်းဂန်တတ်ဆရာတော်ကြီးတစ်ပါးကို မေးရမှာ . . "

တစ်တန်းလုံး ပွဲကျသွားပြန်သည်။

"အဒိန္နာဒါနာကံဟာ သူတစ်ပါးရဲ့ ပစ္စည်းကိုခွင့်မတောင်းဘဲ ယူခြင်း၊ ခိုးခြင်းပဲ . . ။ စာခိုးချတာကတော့ စည်းကမ်းသတ်မှတ်ထားခြင်းကို ချိုးဖောက်ခြင်းပဲ၊ ခိုးဆိုတဲ့ စကားလုံးတူပေမယ့် အဓိပ္ပာယ်မတူဘူး . . ။ ဒါကြောင့် စာခိုးချတာကတော့ အဒိန္နာဒါနာကံမမြောက်ပါဘူး . . ဒါက ဆရာမရဲ့ အဖြေနော် . . တခြားသူတွေကတော့ ဘယ်လိုဖြေမလဲမသိဘူး. . "

"ဒါဆိုရင် မိန်းမခိုးတာ ကျတော့ရော ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပွဲကျသွားပြန်သည်။ ဆရာမသည် ရယ်၍ . .

"ဒါလည်း ခွင့်မတောင်းဘဲ ခိုးယူခြင်းတစ်မျိုးပဲ . .။ ဒါပေမယ့် ဒီကိစ္စမှာတော့ အခိုးခံပစ္စည်းကလည်း ခိုးသူနောက်လိုက်တာကို ထည့်စဉ်းစားရမယ် . .။ မိန်းကလေး အသက်မပြည့်ရင်တော့ တရားဥပဒေနဲ့ အရေးယူခံရလိမ့်မယ် . .။ ဘာလဲ . . မင်းတို့က ခိုးချင်ကြလို့လား . . "

ပန်တျာသည် ရှက်သွားပြီး မိမိကို လက်ညှိုးထိုးပြီး ပြော၏။

"သူ . . သူပေါ့ ဆရာမ"

မိမိက ရှက်သွားပြီး မျက်နှာကြီး နီသွား၏။ ကျွန်တော်တို့ လွတ်လပ်စွာရယ်မောလိုက်မိကြ၏။ မကြာမီစာမေးပွဲကြီး စစ်ပေတော့မည်။ စုမြတ်ထားနှင့် မျက်လုံးချင်းဆုံမိပြန်သည်။ ကျောင်းခန်းအတွင်းသို့ နေရောင်ကစွေစောင်းပြီးကျနေ၏။ ပြာနေသော မိုးကောင်းကင်တွင် စွန်တစ်ကောင် ပျံဝဲနေသည်ကို တွေ့ရ၏။

◆◆◆

ဤမေးပွဲမဖြေခင် ရက်သတ္တပတ် တစ်ပတ်အလိုတွင် ကျွန်တော်တို့ ကျောင်းသားကျောင်းသူအနည်းငယ်သည် အတန်းပိုင်ဆရာမ ဒေါ်မိမိဝင်းထံသို့ သွားရောက်ပြီး ကန်တော့ခဲ့ကြပါသည်။ ကျွန်တော်တို့အားလုံးဆယ့်ငါးယောက်ရှိပြီး မိမိတို့၊ စုမြတ်တို့လည်းပါပါသည်။ မုန့်ဖိုးများစု၍ ဆရာမအတွက် ထဘီတစ်ထည်ဝယ်၍ ဆရာမကို ကန်တော့ကြပါသည်။ ဆရာမသည် မျက်ရည်အနည်းငယ်လည်နေပြီး အောက်ပါစကားတို့ကို ဆိုပါသည်။

"ငါကယ်တော့ ဆရာ၊ ဆရာမတွေဆိုတာ . . ဥယျာဉ်မှူးတွေလိုပဲ . . ကိုယ့်ဥယျာဉ်ထဲမှာ စိုက်ထားတဲ့ ပန်းတွေကမျိုးစုံ . . အရိပ်တကြည့်ကြည့်နဲ့ ကိုယ်စိုက်ထားတဲ့ ပန်းတွေကို ဆရာမတို့စောင့်ကြည့်ခဲ့ရတယ် . . အခုတော့ မင်းတို့ဟာ ဆရာမရဲ့ဥယျာဉ် ဒီကျောင်းကြီးက ထွက်သွားကြတော့မယ် . မင်းတို့သင့်တင့်လျောက်ပတ်ရာမှာ တိုးတက်ပါစေလို့ ဆရာမ အမြဲဆုတောင်းပေးနေပါ့မယ် . . . "



www.burmeseclassic.com

www.burmeseclassic.com



' ကျွန်တော်တို့အားလုံး လက်အုပ်ချီ၍ ဆရာမကို ကန်တော့ကြသောအခါ ဆရာမက ဆုပြန်ပေးပါသည်။

"မင်းတို့အားလုံး ဘဝတစ်လျှောက်မှာ . . ဆရာသမားကောင်း၊ မိတ်ကောင်းဆွေကောင်းနဲ့ တွေ့ပြီး ကျန်းမာ ချမ်းသာကြပါစေ. . ."

ကျွန်တော်တို့ ဆရာမကို ကန်တော့ပြီး ပြန်ထွက်လာသောအခါ မိမိက ကျွန်တော်တို့ကို ပြောပါသည်။

"ဆရာမက တို့ကိုစာမေးပွဲဖြေနိုင်ပါစေ . . အောင်ပါစေလို့ ဘာလို့ ဆုမပေးတာလဲ မသိဘူးနော်"

"တို့တွေအားလုံး အောင်မယ်ဆိုတာ သိလို့ဖြစ်မှာပေါ့ . ."

ချစ်တီးကတော့ အနည်းငယ်စဉ်းစား၍ ပြောသည်။

"ဆုတောင်းတိုင်းပြည့်ရမယ်ဆိုရင်၊ ဆုပေးတိုင်း ပြည့်ရမယ်ဆိုရင် လူတွေဟာ ဘာမှမလုပ်ဘဲ ဆုတိုင်တောင်း . . ဆုထိုင်ပေးနေမှာပေါ့ဟ။ ဒါကို ဆရာမက သိလို့ဟ . . ဆရာသမားကောင်း၊ မိတ်ဆွေကောင်းဆိုတာ ရှေ့ဆက်ရမယ် တို့ဘဝမှာ သိပ်ကို အရေးအကြီးလိုအပ်တယ်။ ဒါကိုလည်း ဆရာမက သိတယ်ဟ . ."

ကျွန်တော်တို့ အားလုံးရင်ထဲတွင် ပီတိဖြစ်သွားမိသည် ထင်ပါသည်။ ကျွန်တော်တို့အားလုံး နှုတ်ဆိတ်သွားစဉ် ပန်တျာက ပြော၏။

"ငါကတော့ စာမေးပွဲမြန်မြန် ပြီးစေချင်လှပြီဟာ . ."

"ဘာဖြစ်လို့လဲ . . သင်တန်းတစ်ခုခုတက်ချင်လို့လား . ."

ကေသီဦးက မသိဘဲ မေးသည်။ ပန်တျာက မိမိကို မျက်စောင်းဝေ့၍ ဖြေသည်။

"ဟဲ ဟဲ . . အဖြေတစ်ခုတောင်းစရာရှိလို့ဟာ . ."

"လုံးဝပဲ . ."

မိမိက ပန်တျာကို မျက်စောင်းထိုး၍ ဖြေသဖြင့် ကျွန်တော်တို့ တွေရယ်လိုက်မိကြသည်။ စုမြတ်နှင့် မျက်လုံးချင်းဆုံမိပြန်သည်။ နံနက်ခင်း၏အနေနှင့်အတူ စုမြတ်၏ အကြည့်သည် လတ်ဆတ်နေသည်ဟု ထင်မိလေသည်။

◆◆◆



ဘာသာရပ် ၅ ခုဖြေပြီးသောအခါ ကျွန်တော့် စာကြည့်စားပွဲသည် အလွှန်ပင်ရှင်းသွားလေ၏။ တစ်ဘာသာပြီးတိုင်း ထိုဘာသာနှင့်ဆိုင်သော စာအုပ်စာတမ်းတွေကို စားပွဲပေါ် မှဖယ်ပစ်လိုက်သဖြင့်ယခုဆိုလျှင် နောက်ဆုံးတစ်ဘာသာနှင့် ဆိုင်သော စာအုပ်တွေပဲ ကျန်တော့၏။ မေမေက ကျွန်တော့်လုပ်ရပ်ကို ပြုံးကြည့်ပြီး စာမေးပွဲချိန် နီးပြီဖြစ်ကြောင်း သတိလှမ်းပေးသည်။

ထို့ကြောင့် ကျွန်တော် ရေချိုးခန်းဝင်၍ ရေချိုးသည်။ တစ်ကိုယ်လုံးကို ဆပ်ပြာတိုက်ရင်းဖြင့် ကျွန်တော် ယောကျာ်းကြီးတစ်ယောက် ပီပီသသဖြစ်နေပြီကို စဉ်းစားမိလေသည်။ စုမြတ်အကြောင်းကို စဉ်းစားမိပြန်သည်။ ယနေ့စာမေးပွဲဖြေပြီးလျှင် စုမြတ်နှင့် တွေ့စရာသိပ်မရှိတော့။ စုမြတ်ကို ရည်းစားစကားပြောချင်သော်လည်း ကျွန်တော်သိပ်လှာမရဲ။ ပြီးတော့ စုမြတ်က ငြင်းပယ်လိုက်မည်ကိုလည်း ကြောက်၏။

ရေချိုးပြီး အဝတ်အစားလဲနေရင်းလည်း စုမြတ်အကြောင်း ဆက်စဉ်းစားမိပြန်သည်။ ယနေ့စာမေးပွဲကို ခပ်မြန်မြန်ဖြေမည်၊ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



စုမြတ်၏ အခန်းရှေ့မှာ သွားစောင့်၍ စုမြတ်ကို စကားပြောမည်ဟု စိတ်ကူးမိ၏။ ကျောင်းသို့မသွားမီ မေမေက ဘုရားရှိခိုးရန်ပြော၏။ စာမေးပွဲသွားဖြေခါနီးတိုင်း မေမေသည် ကျွန်တော့်ကို ဘုရားရှိခိုးခိုင်း၏။ ပြီးတော့ ပရိတ်ရေတိုက်၏။

သို့နှင့်ပင် ကျွန်တော်ကျောင်းကို ထွက်လာခဲ့သည်။ ကျောင်းသို့ရောက်သောအခါ ပန်တျာတို့ရောက်နှင့်နေလေပြီ။ စာမေးပွဲဖြေခါနီးကပ်နေသောအချိန်၌ ကျွန်တော်တို့ စာမကျက်ကြတော့။ ဤအချိန်ကလေး၌ ကပ်၍ကျက်ခြင်းသည် စိတ်ကို ထွေပြားစေနိုင်၏။ မိန်းကလေးတွေကတော့ ထိုသို့မဟုတ်ချေ။ သူတို့သည် စာမေးပွဲနှင့် သည်မျှကပ်နေသော အချိန်ဖြစ်ပါလျက်နှင့် စာကိုအော်၍ ကျက်ကြ၏။ စကြံန်တစ်ခုလုံးတွင် သူတို့၏ စာကျက်သံနှင့် စကားပြောသံတွေသာ ဖုံးနေ၏။

"ဒီလောက်စိတ်လှုပ်ရှားစရာကောင်းတဲ့အချိန်မှာ သူတို့တွေ စာကျက်နေနိုင်တာ အံ့ရောကွာ . ."

စာမေးပွဲစရန် ခေါင်းလောင်းထိုးလိုက်သောအခါ ကျွန်တော့်ရင်ထဲတစ်ချက်လှုပ်ရှားသွား၏။ ယနေ့နောက်ဆုံးနေ့ဖြစ်ပြီး ဖြေမှဖြေနိုင်ပါမည်လားဟု စိတ်ပူ၏။ သို့သော် လှုပ်ရှားနေသောရင်သည် မေးခွန်းစာရွက် ကိုရသည်နှင့်ငြိမ်သက်သွား၏။ ကျွန်တော်ရပြီးသားစာတွေချည်းပင် ဖြစ်ပါသည်။ သို့နှင့် ကျွန်တော်သည်စာကို စိတ်ပါဝင်စားစွာ နှင့် ဖြေမိလေတော့သည်။

အားလုံးပြီးသလောက်ရှိသောအခါ ကျွန်တော်လက်စသပ်ပြီး ဖြေပြီးသမျှကို ပြန်ဖတ်မိ၏။ ထိုအခိုက်မှာပင် ကျွန်တော့်ဘေးမှ တစ်စုံတစ်ရာကို ထူးခြားစွာမြင်လိုက်ရသဖြင့် ကျွန်တော်အံ့သြသွားမိ၏။ ဗုဒ္ဓေါမြတ်စွာဘုရား။ ကျွန်တော်တို့ကျောင်းမှ မဟုတ်သော ကောင်မလေးတစ်ယောက်က ထဘီကို ပေါင်ရင်းနားမှ ဒူးဆစ်အထိ ဖြဲထားပြီး တုတ်ခိုင်ဖြူဖွေးနေသည့် ပေါင်တွင် စာရွက်အချို့ကို သားရေကွင်းနှင့်ပတ်ထား၍ စာခိုးချနေ၏။

မိန်းကလေးတစ်ဦး၏ လှပသော ပေါင်ကိုမြင်လိုက်ရသောအခါ ကျွန်တော့်စိတ်တွေလှုပ်ရှားသွားမိလေသည်။ ရှစ်တန်းတုန်းက စုမြတ်၏





ဂျပ်ဘောင်းဘီတိုကလေးအောက်မှမြင်ရသော ပေါင်လုံးပေါင်တံနှင့် ယခုမြင်ရသော ပေါင်လုံးပေါင်တံမတူသည်ကို နှိုင်းယှဉ်နေမိပါသည်။ ယခုမြင်နေရသော ကောင်မလေး၏ ပေါင်သည် ပိုမိုဖွံ့ဖြိုးတုတ်ခိုင်ပါသည်။ စာတွေကို ကျွန်တော်ပြန်မစစ်မိတော့ပါ။

ကောင်မလေး၏ ပေါင်ကိုသာ ကသိုဏ်းရှုနေမိပါသည်။

ထိုအခိုက်မှာပင် ကောင်မလေးက ကျွန်တော့်ကို ဖျတ်ခနဲကြည့်သဖြင့် ကျွန်တော်ရှက်သွားပြီး အကြည့်လွှဲရန်ပြင်သောအခါ ကောင်မလေးက ပြုံး၍ ကျွန်တော့်ကို ပြောပါသည်။

"တို့ကျက်ထားတာ တစ်ပုဒ်မှမပါလို့ Copy to Copy လုပ်မလို့ ယူပြီးပြီလား . ."

"အင်း . ."

"ဆရာမ မမြင်ရအောင် . . ယူ့ကိုယ်နဲ့ နည်းနည်းကာထားပေးပါလား . . အချိန်က သိပ်မရှိတော့ဘူး"

ကျွန်တော် အင်းလိုက်မိသည်လားမသိပါ။ ကောင်မလေးက ကျွန်တော့်ဘက် နည်းနည်းတိုး၍ ပေါင်ရင်းကိုပို၍ လှန်၏။ အလို ကျွန်တော်မျက်စိတွေ ပိုကျယ်လာ၏။ ကောင်မလေး၏ ပင်တီဘောင်းဘီပန်းရောင်ကလေးပေါ်လာသဖြင့် ကျွန်တော့်မှာ တံတွေးတွေကိုသာ တဂွပ်ဂွပ်ဖြင့် မျိုချနေရလေတော့သည်။ အခန်းစောင့်ဆရာမ ကျွန်တော်တို့အနီးသို့ ရောက်သောအခါ ကောင်မလေးက ထဘီကို ပြန်ဖုံးလေ၏။ ဆရာမအဝေးကို ပြန်ရောက်သွားတော့ ထဘီအကွဲကို ပြန်ဖွင့်၏။ ဝင်းဝါဖြူဖွေးနေသော ပေါင်ကပေါ်လာသဖြင့် ကျွန်တော်ကသိုဏ်းရှုမိပြန်၏။

ကောင်မလေးသည် ချောမောလှပါသည်။ သူမ၏ မျက်နှာတွင် ချွေးတွေစို့နေ၏။ သူမ၏ ပေါင်အဖွင့်အပိတ်ကို့တွင် ကျွန်တော်မျောနေမိရာမှ စာမေးပွဲအချိန် စေ့ခေါင်းလောင်းထိုးသောအခါမှ စာတွေကို ပြန်စစ်ရန်သတိရသည်။ ထို့ပြင် စုမြတ်၏အခန်းကို သွားရန်သတိရ၏။ စာတွေကို ပြန်မစစ်နိုင်တော့ဘဲ အဖြေလွှာကိုဆရာမလက်ကိုအပ်သည်။ ကောင်မလေးကလည်း ဖြေပြီးသွားပြီဖြစ်သဖြင့် အဖြေလွှာကို ကမန်းကတမ်းပြန်အပ်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ကျွန်တော့်ကို ပြုံးပြသည်။

"နှစ်ပုဒ်တော့ ရလိုက်တယ် . . လေးဆယ်ဖိုးပေါ့ . . ကျေးဇူး ပဲနော် . . ."

သူမ ဘာကိုကျေးဇူးတင်သနည်း။ သူမ၏ ပေါင်ကို ကျွန်တော့်အား ကြည့်စေသဖြင့် ကျေးဇူးတင်ခြင်းလော။ ဒါတော့မဖြစ်နိုင်။ ကျွန်တော် ကြည့်နေသည်ကို သူသိပုံပင်မရ။ ကျွန်တော် မသိမသာ ကိုယ်နှင့် ကာထားပေး၍လော၊ ဒါပဲဖြစ်ရမည်။ ကျွန်တော် သူမကို ပြုံးပြမနေတော့ဘဲ အခန်းထဲမှ ထွက်ခါ စုမြတ်တို့ရှိရာအခန်းသို့လာခဲ့သည်။

သို့သော် စုမြတ်က အခန်းထဲမှာ ရှိမနေတော့။ အခန်းထဲမှာလည်း လူသိပ်မရှိတော့။ စကြိန်တွင် စုမြတ်ကို ရှာသော်လည်း မတွေ့ပါ။

"ဟေ့ကောင် . . . thin ဖြေနိုင်လား . ."

ချစ်တီးက ကျွန်တော့်အနားရောက်လာသည်။

"အေး . . မင်းရော . ."

"အင်း . . ဒီနေ့မေးခွန်းလှည့်ထားတာသိလား . . နံပါတ် ၅ ပုဒ် လေ . . ."

ကျွန်တော်ရင်ထိတ်သွား၏။ ကျွန်တော့်စိတ်ထင်တော့ မည်သည့်အပုဒ်မှ မေးခွန်းလှည့်ထားခြင်းမဟုတ်ဟု ထင်ပါသည်။

"မလှည့်ပါဘူးကွ . ."

ပန်တျာနှင့် မိုးဇော်ကလည်း ရောက်လာပြီး မေးခွန်းလှည့်ထားသည့် အကြောင်းအတည်ပြု၏။ ကျွန်တော် နောင်တရသွားသည်။ ဒေါ်က ကောင်မလေး၏ ပေါင်ဖြူဖြူကိုငေးနေသဖြင့် စာတွေကို သေသေချာချာပြန်မစစ်မိလိုက်။ သေချာပေါက်ဂုဏ်ထူးထွက်ရမည့် ဘာသာ၌ ကျွန်တော် အမှတ်လျော့ပေတော့မည်။ ထိုအပုဒ်တွင် ကျွန်တော် အမှတ်လျော့မည့် အကြောင်းပြောပြလိုက်မိသည်။

"ကိစ္စတော့မရှိပါဘူးကွာ . . မင်းက အရင်နေ့တွေကလည်း ကောင်းကောင်းဖြေနိုင်တာပဲ . ."

သည်ကောင်တွေက ကျွန်တော်စိတ်ပြေလည်ရာပြေလည်ကြောင်း





ပြောသော်လည်း စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်သွား၏။ အရေးထဲ စုမြတ်ကလည်း အစောကြီးပြန်သွားပြီလားမသိ။ မီမီတို့ အုပ်စုလည်း ဘယ်ရောက်နေသည်မသိ။

"မီမီတို့ ဘယ်ရောက်နေပြီလဲ . ."

ကျွန်တော်မေးတော့မှ သည်ကောင်တွေလိုက်ရှာသည်။

"ဟိုမှာကွ ကျောင်းရှေ့မှာ ဘို့ကိုစောင့်နေတယ် ထင်တယ်"

"ဒါနဲ့ စုမြတ်တစ်ယောက်ရောမတွေ့ပါလား . .။ ဟေ့ကောင် ချစ်တီး မင်းနဲ့တစ်ခန်းတည်းမဟုတ်လား . . စုမြတ် ဘယ်သွားတာတွေ့လဲ . ."

"မသိဘူးကွ . . သူနည်းနည်း စောစောအတန်းထဲက ထွက်သွားတယ် . . ."

ကျွန်တော်စိတ်ပူသွား၏။

"ဆရာမပြောသလိုပဲ . . စာမရလို့ အိမ်သာများသွားသလားကွာ"

"ဒီလိုလုပ်ကွာ . . ဟေ့ကောင်တွေ မင်းတို့ မီမီတို့နဲ့ သွားစောင့်နေ . . ငါ စုမြတ်ကို လိုက်ရှာလိုက်ဦးမယ် . ."

ကျောင်းထဲတွင် လူအတော်ပါးနေလေပြီ။ ချစ်တီးတို့အုပ်စုကို မီမီကို့ထံသွားစောင့်ခိုင်းပြီး ကျွန်တော်အပေါ်ထပ်က အခန်းတွေ လျှောက်ကြည့်သည်။ အခန်းတွေမှာ လူမရှိတော့၊ နောက်ဘက်က အဆောင်တွေဘက် ခြေဦးလှည့်မလို့ပြင်ပြီးမှ အိမ်သာဘက်ကို သတိရသည်။ အိမ်သာနား အရောက်တွင် အထဲက စုမြတ်ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

"စာမေးပွဲဖြေပြီးခါနီးကျမှ ဗိုက်နာလာလို့ . . ဘယ်လိုမှနေလို့မရတော့တာနဲ့ အဖြေလွှာစောစောအပ်ပြီး အိမ်သာလာတက်တာ . ."

စုမြတ်သည် ကျောင်းတစ်ခုလုံး လူမရှိတော့ဘဲ ကျွန်တော် သူမအနီးရောက်လာသဖြင့် နည်းနည်းအားတက်သွားပုံရ၏။

"စာမေးပွဲ ဖြေနိုင်လား. . ."

"အင်း . . သီဟရော ဖြေနိုင်လား"

"အင်း . ."

"သွားကြရအောင်လေ . . ကျောင်းထဲမှာလည်း လူမရှိတော့ဘူး မီမီတို့လည်း စောင့်နေတော့မယ် . ."

"စုမြတ် . . ."

"ဟင် . ."

"တို့စကားနည်းနည်းပြောချင်လို့. ."





စုမြတ်၏ မျက်နှာတွင် ရှက်ရိပ်အနည်းငယ်သန်းသွား၏။

သူမသည် ကျွန်တော့်ကို ကြည့်နေသည့် အကြည့်ကိုရှုပ်ကာ ခေါင်းငုံ့၏။ သူမ၏ လက်ဖဝါးနှစ်ခုသည် ရည်ရွယ်ချက်မရှိဘဲ ပွတ်နေ၏။ သူမသည် ကျွန်တော့်လိုပင် စိတ်လှုပ်ရှားနေပုံရ၏။

"ဟင့်အင်း . . မပြောနဲ့ . ."

"ဒီလိုပါ . . တို့တွေ စာမေးပွဲကြီးလည်းပြီးပြီ . . တို့လည်း အောင်မှာပဲ စုမြတ်လည်းအောင်မှာပဲ . . အရင်ထဲက တို့ဒီစကားကို ပြောချင်ခဲ့တာ . . ကျောင်းမပြီးသေးလို့ . . ဒီအချိန်ထိ စောင့်နေခဲ့ရတာ"

စုမြတ်၏ မျက်နှာကလေးသည် ရှက်သွေးဖြင့် အနည်းငယ်နီနေ၏။

"တို့ . . တို့စုမြတ်ကိုချစ်တယ်"

"အို . ."

စုမြတ်သည် ခေါင်းကို ရမ်း၏။ ပြီးတော့ ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ ကြည့်၏။

"ဟင့်အင်း . . . တို့အပျိုကြီးလုပ်မလို့"

"မဟုတ်တာ စုမြတ်ရယ် . ."

စုမြတ်၏ မျက်နှာတွင် အပြုံးတစ်စကိုတွေ့ရ၏။

"တကယ်ပြောတာ . . စုမြတ်ရဲ့ အစ်မတွေက အပျိုကြီးတွေ"

"မလုပ်ပါနဲ့ စုမြတ်ရယ် . . တို့မီမီက တစ်ဆင့်ပြောခိုင်းသေးတယ် . ."

"သိသားပဲ . . အဲဒီကတည်းက အပျိုကြီး လုပ်မယ်လို့ ပြန်ပြောခိုင်းတာ . . မီမီပြန်မပြောဘူးလား . ."

"ပြောတယ် . . . စုမြတ်က ကျောင်းပြီးမှ စဉ်းစားမယ်လည်း ပြောတယ်ဆို . ."

စုမြတ်သည် ခေါင်းညိတ်၏။ ပြီးတော့ မျက်နှာသည် တဖြည်းဖြည်း တည်၍လာသည်။

"သီဟကို တို့အမှန်အတိုင်းပဲ ပြောမယ် . . သီဟ တို့ကိုမချစ်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရင်သီဟပဲ စိတ်ဆင်းရဲရမှာ .. စုမြတ်ရဲ့ အဒေါ်တစ်ယောက်က စင်္ကာပူမှာနေတယ် ..။ အဲဒါ စုမြတ်စင်္ကာပူမှာ ကျောင်းသွားနေရမယ်. .။ အလုပ်လည်းလုပ်ရင်းပေါ့ .. အိမ်မှာ မေမေက ဒီနှစ်ပင်စင်စယူပြီလေ. . အဲဒီတော့ စီးပွားရေးက ကျပ်လာတယ် .."

ကျွန်တော့်ရင်ထဲတွင် စုမြတ်နိုင်ငံခြားသွားမည်ဆိုသည့် ကိစ္စက ထူနက်နေ၏။ စုမြတ်၏ မျက်နှာသည် အနည်းငယ်ညှိုးနေ၏။

"စုမြတ်တကယ်ပြောတာလားဟင် .. ပြီးတော့ ဟိုမှာပဲ အမြဲနေတော့မှာလားဟင်"

"ဘွဲ့တစ်ခုရတဲ့အထိတော့နေမယ် စိတ်ကူးထားတယ် ...။ အဲဒီတော့ သီဟ တို့ကိုမချစ်ပါနဲ့ဟာ .. သီဟတက္ကသိုလ်ရောက်ရင် တို့ထက်ချောတဲ့လှတဲ့ သူနဲ့ ချစ်သူဖြစ်ရမှာပါ .."

ကျွန်တော့် စိတ်ထဲတွင် ဝမ်းနည်းလာ၏။

"စုမြတ် .. တို့အချစ်က ဘယ်တော့မှမပြောင်းလဲဘူး သိလား. . တို့စုမြတ်ပြန်လာမယ့်အချိန်ကို မျှော်နေမယ် .."

"မဖြစ်နိုင်မယ့်အရာကို မျှော်မနေပါနဲ့ သီဟရယ် .. တို့ပြန်မလာဖြစ်ရင်ရော ..။ ဒါမှမဟုတ် .. တို့လည်း ဟိုမှာချစ်သူတွေ့သွားရင်ရော. . သီဟပဲခံစားရမှာ ..။ တစ်ခုတော့ရှိတယ် .. တို့နိုင်ငံခြားသွားရမယ့်ကိစ္စကို ညကမှ မေမေက ဖွင့်ပြောတာ .. တို့လည်းကြားကြားခြင်းအံ့ဩသွားတယ် ..။ နောက်ပြီး သူငယ်ချင်းတွေနဲ့ ခွဲရမှာကိုလည်း စိတ်မကောင်းဘူး"

ကျွန်တော့်ရင်ထဲတွင် စကားတွေ ခန်းခြောက်သွား၏။

"လာ .. သွားကြရအောင် .. မိမိတို့စိတ်ပူနေလိမ့်မယ်. ."

"စုမြတ်. . ."

"ဟင် .."

မျက်လုံးချင်းဆုံမိ၏။ စုမြတ်၏ မျက်ဝန်းသည် အရည်လဲ့နေ၏။

"တို့ စုမြတ်ကို တစ်သက်လုံးချစ်နေမယ်. . ."

ကျွန်တော့်အသံလှိုက်သွား၏။ စုမြတ်က ပကတိအသံဖြင့်ပြောလေသည်။





"တို့ယုံပါတယ် .. သွားရအောင်နော် .."

မိမိတို့အုပ်စုနားရောက်သောအခါ နောက်ပြောင်သံတွေ ထွက်လာ၏။

"ဒါက အတွဲသစ်ဟဲ့ ..။ သူတို့က ဘယ်အချိန်က ဖြစ်သွားမှန်းတောင်မသိဘူး . . ."

"သူများသားသမီးတွေများ ကောင်းစားနေလိုက်တာကွာ"

စုမြတ်သည် စာမေးပွဲဖြေပြီးချိန်၌ အိမ်သာသွားချင်သည့် ကိစ္စမှစ၍ သူနိုင်ငံခြားသွားရမည့် ကိစ္စကို တည်တည်ငြိမ်ငြိမ်ပင် ဖွင့်ပြော၏။ အားလုံးသည် တခဏငြိမ်သက်သွား၏။

"ကောင်းတာပေါ့ စုမြတ်ရယ် ..။ အလုပ်လည်းလုပ်ရင်း စာလည်း သင်လို့ရတာပေါ့ ..။ ဒါနဲ့ ဘယ်တော့လောက်သွားဖြစ်မလဲဟင်"

"မေမေကတော့ အားလုံးစီစဉ်နေပြီ .. သိပ်မကြာခင်ပေါ့ .."

"အေးဟာ .. သူငယ်ချင်းတစ်ယောက်တော့ လျော့သွားတာပေါ့။ ဟိုရောက်ရင် တို့ဆီတော့ အဆက်အသွယ်လုပ်ဟာ .."

"စုမြတ်စင်္ကာပူသွားတော့ တို့လည်း ဟိုနိုင်ငံသွားမယ်ဟာ .."

ပန်တျာက နောက်၏။ မိမိက မသိသဖြင့်မေး၏။

"ဘယ်နိုင်ငံလဲ .."

"ဖင်လန် .."

"သွား .. နင်ပဲ လန် .."

သူတို့တွေ ရယ်လိုက်ကြသော်လည်း ကျွန်တော် မရယ်မိ။ ချစ်ရသူကို ခွဲခွာရမည့် အရေးကြောင့် ရင်ထဲတင်းကျပ်နေ၏။ ကျွန်တော်တို့ အသီးသီးလမ်းခွဲမည့်နေရာရောက်သော် စာမေးပွဲ၏ ပင်ပန်းမှုဒဏ်ကြောင့် အိမ်သို့သာပြန်နားလိုနေကြသဖြင့် လမ်းခွဲစကားကို ဆိုကြ၏။ စုမြတ်သည် ကျွန်တော့်အနီးလာရပ်သည်။

"စုမြတ်မသွားခင်တော့ တွေ့လို့ရပါသေးတယ် ..။ သီဟကိုလေ စုမြတ်လူတော်လူကောင်းတစ်ယောက်အနေနဲ့ မြင်ချင်တယ် ..။ သူငယ်ချင်းကောင်းတစ်ယောက်နဲ့ ခွဲရမှာမို့ စိတ်မကောင်းပါဘူး ..။ စုမြတ်သွားမယ်



www.burmeseclassic.com

www.burmeseclassic.com



နော် . . "

ကျွန်တော်ခေါင်းညိတ်မိလိုက်သလားမသိပါ။ စုမြတ်သည် ကျွန်တော်တို့အုပ်စုကို ခွဲ၍ သူမ၏ လမ်းထဲသို့ ဝင်သွား၏။ သူမ၏ အချစ်ကို မျှော်လင့်ထားမိသည်ဖြစ်၍ ယခုကြုံခဲ့ရသော အဖြစ်သည် အိပ်မက်လို ဖြစ်နေသည်။

ကောင်းကင်တွင် ပျံဝဲနေသောစွန်ကို ဘာကြောင့်မှန်းမသိဘဲ ငေးကြည့်နေရင်း ဝမ်းနည်းလာ၏။

♦♦♦

ကျွန်တော်တို့ လမ်းထိပ်က အုတ်ခုံမှာ ကျွန်တော်ရယ်၊ ပန်တျာရယ်၊ မိုးဇော်ရယ် ထိုင်နေမိသည်။ ချစ်တီးက သူ့ဦးလေးထံသွားတာ ပြန်မရောက်သေး။ လမိုက်ညမို့ လမ်းဘေးအိမ်များမှ မီးရောင်မှတစ်ပါး ကျွန်တော်တို့ အုတ်ခုံမှာ မှောင်နေ၏။ ကိုရစ်ချတ်နှင့် ကိုလှမြင့်က တီးလုံးတစ်ခုကို ခပ်တိုးတိုးတီးနေ၏။ ပန်တျာသည် စာမေးပွဲပြီးသည့်နေ့၌ပင် မိမိ့အချစ်ကို ရခဲ့သည်ဟု ပြောပါသည်။

ကျွန်တော်ကတော့ လွတ်သည့်ငါး ကြီးသည့်ခံစားမှုကို ခံစားနေရလေသည်။ စုမြတ်အပေါ်တွင် ယခင်ကထက်ပို၍ ချစ်မိကြောင်းသိလေသည်။

"အေးကွာ . . မင့်အတွက်တော့ စိတ်မကောင်းစရာပဲ . . တစ်ခုတော့ရှိတယ် . . မင်းက တစ်ဦးတည်းသောသားပဲ . . ။ မင်းလည်းစုမြတ်လို စက်ာပူမှာ ကျောင်းသွားနေလို့ရအောင် မင့်မိဘတွေကို ပြောကြည့်လား . . "

တောင်ငူမြို့မှူးအုပ်ကိုက်

www.burmeseclassic.com

www.burmeseclassic.com



မိုးဇော်က ကျွန်တော်ခံစားနေရသည်ကို ကိုယ်ချင်းစာနာစွာဖြင့် အကြံပေးသည်။

"နိုင်ငံခြားမှာ ကျောင်းသွားနေဖို့ဆိုတဲ့ ကိစ္စက လွယ်တာမှတ်လို့ မိုးဇော်ရာ . . ။ တော်ရုံတန်ရုံပိုက်ဆံရှိရုံနဲ့မရဘူး . . နောက်ပြီး ငါ့အဖေက ပင်စင်လည်းနီးပြီ . . တို့မိသားစုဘဝဟာ စားနိုင်သောက်နိုင်ရုံ ချောင်လည်ရုံပဲကွ . ."

"စုမြတ်က ပတ်စပို့တောင်ကျပြီတဲ့"

ပန်တျာက ဝင်ပြောသည်။ မြောင်းအစပ်က ပုစဉ်းရင်ကွဲတစ်ကောင်က တစ်ချက် တစ်ချက် ထအော်၏။

"ငါသဘောပြောရရင်တော့ မင်း စုမြတ်ကို ရင်ထဲကနေထုတ်လိုက်တော့ကွာ . . အဲဒါဆို မင်းနေသာထိုင်သာရှိသွားလိမ့်မယ် . ."

စုမြတ်ကို ရင်ထဲက ထုတ်ရမည့် အရေးသည် မလွယ်ကူပါ။ မကြာမီ မိုးကျပေတော့မည်။ သည်နေ့ တစ်နေ့လုံး ကောင်းကင်တွင် မိုးရိပ်မိုးခြည်တွေတွေ့ရသည်။ နောက်တပ်တစ်လမျှအကြာတွင် မိုးက ဖြိုင်ဖြိုင်ရွာနေမလေပြီ။ စုမြတ် မြန်မာပြည်မှ ထွက်မည့်နေ့ကို ကျွန်တော်အတိအကျပင် သိရလေပြီ။ ထိုအတွက် တုန်လှုပ်ချောက်ချားစွာ ခံစားရပါသည်။

ကျွန်တော် စုမြတ်ကို ချစ်နေသည့်အကြောင်းကို မိန်းကလေးအုပ်စုတစ်ခုလုံးလည်း မိမိကောင်းမှုကြောင့် သိသွားလေပြီ။ တစ်ညနေတွင် မိမိ၊ ကေသီဦး၊ အေးအေးကျော်၊ မေသဇင်မြင့်တို့ ကျွန်တော့်ထံရောက်လာ၏။

"စုမြတ်ကို လေယာဉ်ကွင်းတို့ လိုက်ပို့မလို့ . . နင်လိုက်ပို့မလား"

ကျွန်တော် ခံနိုင်ရည်ရှိပါ့မလား၊ စဉ်းစားမိသည်။ သို့သော် စုမြတ်ကိုနှစ်တွေအကြာကြီးခွဲရတော့မည်ဖြစ်ပြီး စုမြတ်ကို နှုတ်ဆက်စကားလည်း ဆိုသင့်ပေသည်။

"အေး . . လိုက်ပို့မယ် . . ။ လာဟာ . . ချစ်တီးအိမ်သွားရအောင်"

ချစ်တီးအိမ်ရောက်တော့ ချစ်တီးကိုခေါ်ပြီး ပန်တျာနှင့် မိုးဇော်





၏ အိမ်သို့ဆက်ထွက်လာခဲ့ကြသည်။ အုပ်စုသည် တဖြည်းဖြည်း လူစုံလာ၏။

"တို့တွေ နိုင်ငံခြားကို စုပြီးသွားကြရရင်ကောင်းမယ် . ."

သီသီစိုး၏ စကားကို မိမိက ပြန်မေး၏။

"ဘာသွားလုပ်ကြမလို့လဲ . ."

"Shopping ပေါ့ဟ . . နင်ကလည်း"

"တို့ကတော့ နင်တို့နဲ့ မလိုက်ချင်ဘူး . . နင်တို့အုပ်စုက စကားသိပ်များတယ် . . ဟိုကျ နိုင်ငံခြားသားတွေ ဝိုင်းကြည့်နေရင် ရှက်စရာကြီး . ."

ကျွန်တော်တို့အုပ်စုသည် စုမြတ်၏ အိမ်သို့ ချီတက်သည်။

"လေယာဉ်က ရန်ကုန်ကနေ မနက် ၈ နာရီထွက်မှာ . . လေယာဉ်ကွင်းကို ၆ နာရီအရောက်သွားရမယ် . . နင်တို့တွေ မအားရင်လည်း မပို့ကြပါနဲ့ဟာ . ."

စုမြတ်သည် ကျွန်တော့်ကို မသိမသာဝေ့ကြည့်၏။ ဆံပင်ကို ကျောလယ်ထိဖြန့်ချထားပြီး ရေချိုးပြီးစ မျက်နှာတွင် သနပ်ခါး ခပ်ပါးပါး တင်ထားသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့သည် တင့်တားယ်နေလေ၏။

"လေယာဉ်ပေါ်ရောက်ရင် ဘုရားစာရွတ်နော် စုမြတ် . ."

"အေးပါဟာ . . ကဲ . . နင်တို့ဘာစားကြမလဲ . . ငါလိုက်ကျွေးမယ် . ."

"ရပါတယ်ဟာ . . ငါတို့စားခဲ့ပြီးပြီ . ."

ပြန်ခါနီးတွင် စုမြတ်က ကျွန်တော့်ကို ပြုံးပြသည်။ စကားတွေ ရှည်ရှည်ဝေးဝေးပြောချင်သော်လည်း ပြောမထွက်ချေ။ ထို့ကြောင့် နှုတ်ဆက်စကားခပ်တိုတိုကိုသာ ပြောဖြစ်လိုက်သည်။

"တို့ပြန်တော့မယ် . ."

"အင်း . ."

လမ်းတွင် မိမိက ကျွန်တော့်အနီးကပ်၍ တိုးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"စုမြတ်က နင့်အကြောင်း ငါ့ကိုဖွင့်ပြောတယ် . . ။ နင် အဲဒီနေ့ကျရင် စုမြတ်ကို စာတစ်စောင်လောက်ပေးလိုက်ပါလား . . သူကလည်း နင့်အတွက် စာတစ်စောင်ပြန်ရေးထားလိမ့်မယ်"

" ငါ့ကို ဘာပြောသေးလဲ . . . "

"နင့်ကို သနားတယ်တဲ့ . . "

ရင်ထဲတွင် အမျိုးအမည်မခွဲနိုင်သော ဝေဒနာတစ်ရပ်ကို ခံစားရလေသည်။ စုမြတ် မြန်မာပြည်မှ ထွက်ခွာမည့်နေ့သည် သန်ဘက်ခါ တနင်္လာ နေ့။ သူမသည် မည်သည့်အခါ မြန်မာပြည်သို့ ပြန်လာဖြစ်မည်ကို ကျွန်တော် မသိ။ ပြန်လာဖြစ်မည်မှလည်း ပြန်လာဖြစ်ပေလိမ့်မည်။ စုမြတ်သည် အချိန် တွေကြာလာသည်နှင့် ကျွန်တော့်ကို လည်းကောင်း၊ သူငယ်ချင်းတွေကို လည်းကောင်း မေ့သွားပေလိမ့်မည်။

လူတို့သည် ကိုယ်ကျင်လည်ရာ ပတ်ဝန်းကျင်တွင်ပင် ပျော်မွေ့ကြသည်မဟုတ်ပါလော။ စုမြတ်၏ အကြောင်းကို ခေါင်းထဲမှ လည်းကောင်း၊ ရင်ထဲမှလည်းကောင်း ထုတ်ပစ်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း အဘယ်ကြောင့် မရလေသနည်း။ ထိုအရာကိုပင် အချစ်ဟု ခေါ်ပါသလား၊ ထိုအရာကို အချစ်ဟုခေါ်လျှင် ကျွန်တော်သည် စုမြတ်ကို နင့်သီးစွာနှင့် ချစ်မိနေလေပြီ။

◆◆◆

ကျွန်တော် ရပ်နေရာနေရာသို့ စုမြတ်က အုပ်စုထဲမှ ထွက်ကာ တစ်လှမ်းချင်း လျှောက်လာနေ၏။ သူမသည် အပြာရင့်ရောင် ကျင်းဘောင်းဘီကိုဝတ်ထား၏။ အပေါ်မှ တီရှပ်အဖြူ ပွစည်းတွေကတော့ များများမပါချေ။ ခရီးဆောင်အိတ် တစ်လုံးသာပါ၏။ မျက်နှာတွင် မိတ်ကပ်ပါးပါး လိမ်းထားပြီး နှုတ်ခမ်းကိုတော့ အနီရောင်ရဲရဲဆိုးထား၏။

သူမ၏ မိဘနှစ်ပါးနှင့် အစ်မနှစ်ယောက်က ကျွန်တော်တို့အုပ်စုနှင့် စကားလက်ဆုံကျနေ၏။ နံနက် ၈ နာရီထိုးခါနီးသောအခါ ခရီးသည်တွေအထဲဝင်ကုန်သဖြင့် စုမြတ်က ကျွန်တော့်ဆီလျှောက်လာ၏။

"သီဟ . . ဆံပင်တောင်အတော်ရှည်နေပြီ . . ညှပ်လိုက်ဦး"

"အရှည်ထားမလို့ . . "

"ဟင့်အင်း . . သိပ်မလိုက်ဘူး၊ နည်းနည်းတော့ ညှပ်လိုက်နော်"

သူမ၏ မျက်ဝန်း၌ မျက်ရည်ကြည်တွေ လဲ့နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကျရင် ကျန်းမာရေးကို ဂရုစိုက်နော် ၊၊ ရာသီဥတုတစ်နေရာနဲ့ တစ်နေရာမတူဘူး . . ရေချိုးမမှားစေနဲ့ . . စာလည်းကြိုးစားနော်"

ကျွန်တော်၏ အမှာစကားကို သူမခေါင်းညိတ်၏။

ကျွန်တော် မှတ်စုစာအုပ်ကြားက စာကို ထုတ်လိုက်၏။ စုမြတ်သည် ကျွန်တော့် မျက်လုံးမှ အကြည့်ကိုမရုပ်။

"စုမြတ် . ."

"ဟင် . ."

"ဒီစာကို စုမြတ်လေယာဉ်ပေါ်ကျရင် ဖတ်ပါ . . ။ တို့ခံစားရသမျှကိုရေးထားတာ . ."

စုမြတ်သည် စာကိုလှမ်းယူ၏။ စုမြတ်၏ လက်နှင့် ကျွန်တော့်လက်ထိမိသည်။ စုမြတ်၏ လက်ဖျားကလေးသည် အေးစက်နေလေ၏။ စုမြတ်သည် သူ၏ စာကိုထုတ်၍ ကျွန်တော့်ကို ပြန်ပေးသည်။

"ဒီစာကိုတော့ သီဟ . . အိမ်ကျမှ ဖတ်နော် . . ။ တို့ဟိုရောက်တာနဲ့ စာလှမ်းရေးလိုက်မယ် . . ။ သွားမယ်နော် . . လေယာဉ်ချိန်နီးနေပြီ . ."

ကျွန်တော် မျက်ရည်တွေလည်လာ၏။ ကျွန်တော် ခေါင်းညိတ်လိုက်သောအခါ စုမြတ်က ကျွန်တော့်ကို ကျောခိုင်းပြီး တံခါးပေါက်ရှိရာလှမ်း၏။ မိဘများအပါအဝင်အားလုံးကို နှုတ်ဆက်၍ အထဲဝင်သွားသည်။ မြင်ကွင်းထဲမှ စုမြတ်ပျောက်သွားသောအခါ ရင်ထဲဟာသွား၏။

စုမြတ်၏ လေယာဉ်ထွက်သွားသောအခါ ကျွန်တော်တို့ ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်သော့ စုမြတ်၏ စာကို ရင်ခုန်စွာနှင့် ဖတ်မိသည်။

**သီဟ**

**သီဟ တို့ကိုအရင်ကတည်းချစ်နေတာ တို့ရိပ်မိပါတယ်၊ တကယ်တော့ အချစ်ဆိုတဲ့အရာဟာ သိပ်ကိုဆန်းပါတယ် ..။ တို့လည်း သီဟအပေါ်မှာ စိတ်လှုပ်ရှားမိကြောင်း ဝန်ခံပါတယ် ..။ ဒါပေမယ့် သီဟရယ် .. လူတွေမှာ ကိုယ်ဖြစ်ချင်သလိုဖြစ်ခွင့်မရှိဘူးဆိုတာ သိပ်မှန်တာ ပဲ .. တကယ်ဆို တို့သူငယ်ချင်းတွေ မြန်မာပြည်မှာပဲ .. ရန်ကုန်မှာပဲ**





**သိုက်သိုက်ဝန်းဝန်းနဲ့ ဘဝခရီးကို ပျော်ပျော်ရွှင်ရွှင်နဲ့ နေသွားသင့်တာ .. သီဟတို့သူငယ်ချင်းတစ်အုပ်စုလုံးကို ခွဲပြီး ဒေသစိမ်း .. နေရာစိမ်းမှာသွားနေရမှာ စိတ်မကောင်းဘူး ...**

**သီဟရဲ့အချစ်ကို တို့အသိအမှတ်ပြုပါတယ် ..ပြီးတော့ သီဟကို တို့သနားတယ်။ တို့ကိုချစ်မိလို့ သီဟ သိပ်ခံစားနေရတယ်ဆိုတာတို့နားလည်ပါတယ်။ သီဟဟာ တက်ကြွရွှင်လန်းတဲ့၊ လိမ္မာယဉ်ကျေးတဲ့၊ တော်တဲ့ လူငယ်တစ်ယောက်ဆိုတာ တို့သိပါတယ် ..၊ ကိုယ်လျှောက်ရမယ့်လမ်းကို မယိမ်းမယိုင်ဘဲ တည့်တည့်လျှောက်နိုင်အောင် ကြိုးစားပါ ..**

**တစ်နေ့နေ့တော့ သီဟ တို့ကိုမေ့သွားမှာပါ ..**

**ခင်မင်တဲ့**

**စုမြတ်**

ကျွန်တော် စုမြတ်၏ စာကို ပိတ်လိုက်သည်။ ရင်ထဲတွင် ဟာသွားလေသည်။ လွမ်းဆွတ်တသစိတ်က တစ်ကိုယ်လုံးသို့ ပျံ့နှံ့လာ၏။ ရှေ့လပေါက်ဆိုလျှင် ကျွန်တော်တို့အောင်စာရင်းတွေ ထွက်တော့မည်။ ကျွန်တော် ဂုဏ်ထူးမည်မျှ ထွက်မည်နည်း။ သိပ်မကြာမြင့်မီအချိန်တွင်ပင် ကျွန်တော်ရရှိသော တက္ကသိုလ်ကို တက်ရောက်ခွင့်ရပေတော့မည်။

စုမြတ်အတွက်ကတော့ သူမ၏ အမှတ်စာရင်းနှင့် ဂုဏ်ထူးတို့သည် အဓိပ္ပာယ်သိပ်မရှိတော့ချေ။ အပြင်တွင် မိုးတွေရွာနေလေပြီ။ စုမြတ် လမ်းခရီး၌ အဆင်ပြေစေရန် ဆုတောင်းမိပါသည်။

"စုမြတ်ရယ် လွမ်းလိုက်တာ . . "ဟုရင်ထဲမှာ တမ်းတမိ၏။ ဘဝတစ်သက်တာတွင် စုမြတ်မရှိသဖြင့် ခြောက်ကပ်ကပ်ကြီးဖြစ်နေပါလိမ့်မည်။ နွေမိုးဆောင်းဥတုသုံးပါးစလုံး၌ ကျွန်တော် စုမြတ်ကို လွမ်းနေမည်မှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ဂုဏ်ထူးလေးဘာသာဖြင့် စက်မှုတက္ကသိုလ်သို့ ဝင်ခွင့်ရသည်။ ပန်တျာနှင့် ချစ်တီးကနှစ်ဘာသာဖြင့် ကွန်ပျူတာတက္ကသိုလ် သို့တက်ရောက်ခွင့်ရသည်။ မိုးဇော်ကတော့ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဓာတုအဓိကသို့ ဝင်ခွင့်ရ၏။ မိမိ၊ အေးအေးကျော်နှင့် ကေသီဦးလည်း ရိုးရိုးမေဂျာကို သာ ဝင်၏။ ရူပဗေဒ အဓိကများဖြစ်၏။

မေသဇင်မြင့်က ဆေးတက္ကသိုလ်ရသွား၏။ စုမြတ်ကတော့ ဂုဏ်ထူးသုံးဘာသာထွက်ပြီး သူမ၏ အမှတ်က စက်မှုတက္ကသိုလ်သို့ ဝင်နိုင်လေသည်။ ကျွန်တော်တို့ အုပ်စုမှာ စာမေးပွဲကျသူမရှိချေ။ သည်ကြားထဲ ထူးခြားချက်တစ်ခုမှာ စုမြတ်တို့၏ အိမ်ပြောင်းသွားခြင်းပင်ဖြစ်ပါသည်။

သူ့မိဘများသည် စုမြတ်ပို့ပေးသည့် ငွေဖြင့် ရန်ကုန်မြို့လယ်တွင် တိုက်ခန်းတစ်ခန်း ဝယ်ယူလိုက်ကြ၏။ ချစ်တီးသည် ကွန်ပျူတာတက္ကသိုလ် တက်ခွင့်ရသော်လည်း မတက်ဖြစ်တော့ဘဲ သင်္ဘောလိုက်သွား၏။ ပန်တျာ





နှင့် မိမိသည် လူသိရှင်ကြား ချစ်သူတွေဖြစ်သွားကြလေပြီ။ ပန်တျာသည် မိမိရှေ့တွင် Hip Hop တွေဆိုလေ့ရှိ၏။

မိုးဇော်သည်လည်း သူနှင့်မေဂျာတူသည့် မွှန်မွှန်စံဆိုသည့် ကောင်မလေးနှင့် ရည်းစားဖြစ်သွား၏။ ကေသီဦးနှင့် အေးအေးကျော် လည်း ရည်းစားရနေလေပြီ။ သူတို့နှင့် ကျွန်တော် ကျောင်းမှာ ဆုံသည့်အခါ သူတို့က ကျွန်တော့်ကို မေသဇင်မြင့်နှင့် စ၏။

ဖေဖေသည် ကျွန်တော် စက်မှုတက္ကသိုလ်နောက်ဆုံးနှစ်၌ အငြိမ်းစားယူလိုက်၏။ ရပ်ကွက်ဥက္ကဋ္ဌအဖြစ်မှတော့ ကျွန်တော်ဆယ်တန်းအောင်ကတည်းက အနားယူလိုက်၏။ သို့သော် လွတ်လပ်ရေးနေ့ပျော်ပွဲရွှင်ပွဲတွေကတော့ ကျင်းပဆဲပင်ဖြစ်၏။ ချောတိုင်တက်ပွဲနှင့် ထုပ်ဆီးတိုးပွဲကို မြင်တိုင်းအတိတ်ကို ပြန်လွမ်းမိ၏။

◆◆◆

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

တက္ကသိုလ်ပရိဝုဏ်သည် အေးမြနေလေ၏။ ကျွန်တော်တို့အဖွဲ့သည်ကျောင်းကင်တင်းတွင် ထိုင်နေမိသည်၊ မိမိတို့အုပ်စုကတော့ အစားအသောက်အတော်ပင် ကောင်းပုံရ၏။ သူမတို့မိန်းကလေးတွေ ရှေ့တွင် စားသောက်ပြီးသား ပန်ကန်တွေစုပုံနေ၏။

"တို့တွေထဲမှာ မပြောင်းလဲတာ နင်တို့ပဲ မိမိ။ အရင်ကတည်းက နင်တို့ အသားကုန်စားတာ . ."

"အောင်မာ . . ကျန်းမာလို့ စားနိုင်တာပဲ . ."

မိုးဇော်၏ စကားကို ကေသီဦးက ခွန်းတုံ့ပြန်သည်။

"နင်တို့ယောကျ်ားတွေတော့ စိတ်အတော်ညစ်မှာ . ."

"ဝေးသေး . . တို့ကိုကိုက စားစေချင်လွန်းလို့ ခွံ့တောင် မကျွေးရုံတစ်မယ် . ."

"တချို့အတွဲတွေကျတော့ ကုန်မှာစိုးလို့ ငြိုးငြိုးနေကြတယ်ကွ. . ဟိုမှာကြည့်စမ်း . ."





ကျွန်တော်တို့နှင့် တစ်ဝိုင်းကျော်မှာ ကောင်လေးနှင့် ကောင်မလေးက အအေးတစ်ပုလင်းကို နှစ်ယောက်သောက်နေ၏။

"အဲဒါငြိုးငြိုးတာမဟုတ်ဘူး . . ချစ်တာဟ . ."

"တချို့တွေများဆို ပစ္စည်းတစ်မျိုးတည်းကို နှစ်ယောက်အတူသုံးတယ်"

ပန်တျာ၏ စကားကြောင့် ကောင်မလေးတွေ စိတ်ဝင်စားသွား၏။

"ဘာပစ္စည်းလဲဟင် . ."

ပန်တျာက မဖြေဘဲ ရယ်ကျဲကျဲလုပ်နေ၏။

"ကောင်စုတ်နော် . . မမိုက်ရိုင်းနဲ့"

"ဟ . . ငါဘာမိုက်ရိုင်းလို့လဲ . . ဇွန်းကို ပြောမလို့. ."

ကျွန်တော်တို့ ရယ်လိုက်မိသည်။ မိမိသည် ရယ်ရင်းမှ နာရီကြည့်သည်။

"သြော် . . ပြောဖို့မေ့နေတယ် thin . . . နင်က တို့ဆီလာလည်တဲ့ ညေ့သည်ဆိုတော့မေ့နေတယ် . . အခု တစ်နာရီထိုးပြီ . . ။ နင် စာကြည့်တိုက်ရှေ့ကို အမြန်သွားတော့ . ."

"ငါက စာကြည့်တိုက်ကို ဘာသွားလုပ်ရမှာလဲ"

"သွားမှာသာသွားစမ်းပါဟာ . . ။ လျှာကလည်း ရှည်လိုက်တာလွန်ရော. . ."

ကျွန်တော် မျက်မှောင်ကြုတ်မိ၏၊ သူတို့တွေသည် ကျွန်တော့်ကို ပြုံးကြည့်နေကြ၏၊

"ဒီလောက်တောင်ဖြစ်တာ . . မသွားဘူးဟာ. ."

"ပြောလိုက်စမ်းပါ မိမိရာ . . ဒီကောင်က ဒုံးသိပ်ဝေးတဲ့ကောင်"

"နင့်အတွက်အကျိုးရှိမယ့်ကိစ္စဟ . . ဒီလောက်ပဲ ငါပြောမယ်"

ကျွန်တော် ထိုင်ရာမှ ထလိုက်၏။

"တကယ်လို့ စာကြည့်တိုက်ရှေ့ ငါရောက်လို့ ဘာမှမထူးခြားရင် ငါဘာလုပ်ရမလဲ"

"လွယ်ပါတယ်ကွာ . . ဒီစားသောက်ထားတာတွေကို တို့တွေ

www.burmeseclassic.com



ဝိုင်းရှင်းလိုက်မယ် . . "

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။ စာကြည့်တိုက်ရှိရာသို့ လျှောက်နေဆဲမှာပင် မီမီတို့နောက်လိုက်သလား စဉ်းစားမိပြန်၏။ မီမီတို့သည် တက္ကသိုလ်ရောက်မှ အစ၊ အပြောင် ပိုသန်လာ၏။ တစ်ခါက မေသဇင်မြင့်ကို ကျွန်တော်က ခေါ်သည်ဆိုသဖြင့် မေသဇင်မြင့်က ကျွန်တော့်ဆီရေးကြီးသုတ်ပျာနှင့် ရောက်လာဖူး၏။

စာကြည့်တိုက်ရှေ့ရောက်သောအခါ မည်သူမျှမရှိ။

စာကြည့်တိုက်ရှေ့တွင် ရှင်းနေ၏။ ကောင်းတော့ မီမီတို့ ကျွန်တော့်ကို နောက်လေပြီထင့်။ ထိုအခိုက်မှာပင် မိုးတွေက ရွာလာ၏။ ကျွန်တော် ပျာယီးပျာယာနှင့် မိုးခိုရန်အတွက် စာကြည့်တိုက်ထဲပြေးဝင်၏။

"သီဟ . . "

စာကြည့်တိုက် ဝင်ပေါက်ဝ၌ စုမြတ်ရောက်နေ၏။ သူမသည် မီးခိုးရောင်နှင့် အနက်ရောင်ကို ဝတ်ထား၏။ ပယ်ရုပ်သည် လုံးဝမပြောင်း။ ကိုယ်လုံးသည် ယခင်ထက်ပြည့်လာ၏။

"စုမြတ် . . "

စုမြတ်သည် ကျွန်တော့်ကို ရွှန်းမြစွာကြည့်နေပါသည်။

"ဘယ်တုန်းက ပြန်ရောက်သလဲဟင် . . "

"မနေ့က . . "

"ဘယ်တော့ပြန်သွားရမလဲ ဟင် . . "

"မသွားတော့ဘူး . .။ ဒီကိုအပြီးပြန်လာတာ . .။ တို့ဟိုက ဘွဲ့တစ်ခုယူလာခဲ့တယ် . .။ မမနှစ်ယောက်ထဲက တစ်ယောက်လိုက်သွားဦးမယ် . . "

"ဒါ . . ဒါဆိုရင်"

"ဟုတ်တယ် . . စကားပြောချင်လို့ မီမီ့အိမ်ကို ညကတည်းက သွားမှာထားတာ . . သီဟကို တစ်နာရီကတည်းက စောင့်နေတာ . . လာလမ်းလျှောက်ရင်း စကားပြောကြရအောင် . . "

စုမြတ်သည် ခေါက်ထီးကလေးကို ဖွင့်၏။ သူမ၏ ထီးကလေးက





သေးသေးကလေး။

"ထီးကသေးသေးလေး နှစ်ယောက်စလုံးစိုကုန်လိမ့်မယ် . . "

စုမြတ်သည် ပြုံး၏။

"ဘာဖြစ်လဲ . . မိုးရွာထဲလမ်းလျှောက်ရတာ ဘယ်လောက်ပျော်စရာကောင်းလဲ . . လာပါ . . "

ကျွန်တော် သူမ၏ ထီးအောက်ထဲသို့ ဝင်လိုက်ရာ စုမြတ်က ထီးလက်ကိုင်ရိုးကို ကျွန်တော့်ကို ပေးကိုင်၏။ မိုးပေါက်မိုးစက်တွေ ထီးရွက်ပေါ် အရှိန်ပြင်းစွာဖြင့် ကျလာလေသည်။ ကျွန်တော်တို့နှစ်ဦး စာကြည့်တိုက်ထဲမှ ထွက်၍ အဓိပတိလမ်းအတိုင်း လျှောက်၏။

"ဘာဖြစ်လို့ တို့ဆီစာမရေးတာလဲ စုမြတ်ရယ် . .။ တို့လေ နေ့တိုင်း စုမြတ်ဆီက စာကို မျှော်နေတာ . . ပြီးတော့ နေ့တိုင်းပဲ လွမ်းနေတာ . . "

"စုမြတ်ရေးပါတယ် . .။ ဒါပေမယ့် မီမီ့ဆီကိုပဲ ရေးတာ . . သီဟအကြောင်းကို သိချင်လို့ . . သီဟ စက်မှုတက္ကသိုလ်ရတာတွေ စာကို ကြိုးစားနေတာတွေကြားရလို့ တို့ဝမ်းသာနေခဲ့ရတာ . .။ ပြီးတော့ သီဟ တို့ကို လွမ်းနေတာတွေ . . ချစ်သူတစ်ယောက်မှ မထားဘဲ စောင့်စည်းနေတဲ့ အကြောင်းတွေ သိခဲ့ရတယ် . . "

ကျွန်တော် စုမြတ်ကို ဖျတ်ခနဲ ကြည့်၏။ သူမ၏ မျက်နှာတွင် အပြုံးရိပ်တစ်စရှိနေ၏။

"မီမီ တော်တော်ဆိုးတာပဲ . . တစ်လုံးမှ ပြန်မပြောဘူး . . "

"စုမြတ် နှုတ်ပိတ်ခိုင်းထားတာ . . အဲဒါဘာဖြစ်လို့လဲလို့ ထင်သလဲဟင် . . "

"ဘယ်သိပါ့မလဲ . . "

"သီဟ တို့အပေါ်မှာ ဘယ်လောက်ချစ်သလဲဆိုတာ သိချင်လို့"

ရင်ထဲတွင် လှိုက်ခနဲဖြစ်သွား၏။ လမ်းလျှောက်နေတာကို ကျွန်တော်ရပ်လိုက်သဖြင့် စုမြတ်ကလည်း လိုက်ရပ်၏။ ကျွန်တော် သူမကို ငုံ့ကြည့်လိုက်ရာ သူမကလည်း ပြန်မော့ကြည့်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"လေယာဉ်ပေါ်ရောက်တော့ သီဟပေးတဲ့စာကိုဖတ်ပြီး စုမြတ်မျက်ရည်ကျတယ်သိလား . . ။ ပြီးတော့လေ . . စုမြတ်ကိုယ် စုမြတ်လည်း သိလိုက်တယ် . . "

စုမြတ်၏ ပခုံးတစ်ဖက်ကို ကိုင်လိုက်မိပါသည်။

"ဘာကို သိလိုက်တာလဲဟင် . . "

မျက်နှာတွင် ရှက်ရိပ်တစ်ချက်ပြေးသွားသည်။ ခေါင်းကို ငုံ့၍ ဖြေလေ၏။

"မောင့်ကို ချစ်နေမိပြီဆိုတာ စုမြတ်သိလိုက်ရတယ် . . "

ရင်ထဲတွင် နွေးသွား၏။

"မောင် စုမြတ်ကို သိပ်လွမ်းသလို စုမြတ်လည်း လွမ်းခဲ့ရပါတယ် မောင်ရယ် . . "

ကြည်နူးစွာဖြင့် ကျွန်တော် ပြုံးလိုက်မိသည်။

"စုမြတ်"

"မောင်"

"မောင်လေ စုမြတ်ကို ဟိုးရှစ်တန်းကျောင်းသားဘဝထဲက ချစ်ခဲ့တာ စုမြတ်ထုပ်ဆီးတိုးတုန်းက မှတ်မိလား . . "

တစ်စုံတစ်ခုကို သူမတွေးမိဟန်ဖြင့် ပြုံး၏။

"ချောတိုင်တက်တုန်းကအဖြစ်ကိုပဲ မှတ်မိတယ် . . "

ကျွန်တော်ရှက်သွားပြီး ရယ်လိုက်၏။

"မောင့်ရဲ့ နဖူးစာကို မောင်က သူများတွေလို နဖူးမှာ မရေးဘူး စုမြတ်ရဲ့ . . . "

စုမြတ်သည် သဘောမပေါက်။ ကျွန်တော့်ကို ကြောင်၍ ကြည့်နေ၏။ ကျွန်တော်ရယ်၍ ပြောလိုက်သည်။

"စုမြတ် အဲဒီတုန်းက မြင်လိုက်ရတယ်မဟုတ်လား . . အဲဒီနေရာမှာ ဘာစာတွေ ရေးထားတယ်ထင်သလဲ . . "

သူမသည် ပြုံး၏။

"သွား . . "





စုမြတ်သည် ရှက်စနိုးဖြင့် ကျွန်တော့်လက်မောင်းကို ဆိတ်၏။ မိုးစက်မိုးပေါက်တွေကြောင့် ကျွန်တော်တို့ နှစ်ဦးစလုံး ရွှဲနေလေပြီ။ သို့သော် ကျွန်တော်တို့ နှစ်ဦးစလုံး၏ ရင်ထဲတွင် ချမ်းမြေ့နေ၏။ မိုးသည် ပိုမိုသည်းလာပြီး လေပါဝေ့လာလေသည်။

ကိုငြိမ်းဦး

၈. ၄. ၀၅

(ည ၉း၃၀ နာရီ)

BURMESE CLASSIC .com

www.burmeseclassic.com